# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
(၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၅ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀:၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၂၅-၃-၂၀၂၀ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက်ကုသရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ Covid-19 ကာကွယ်တားဆီးရေး ဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေး နှင့် ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြ အပ်ပါတယ်။

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့်

ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

ပထမဦးစွာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများအနက် ရှေးအကျဆုံးနှင့် အကြီးဆုံးဖြစ်သော ဒလသင်္ဘောကျင်းရှိ အဆောက်အအုံများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရှေးဟောင်းသမိုင်းဝင် ကမ္ဘာ့အမွေအနှစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်ပေးရန်နှင့် သမိုင်းတန်ဖိုးကြီးလှသော သင်္ဘောကျင်းတစ်ခုလုံးကို ပြုပြင်မွမ်းမံထိန်းသိမ်းကာ ရေကြောင်းသမိုင်းပြတိုက် သို့မဟုတ် ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိမည့် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ချိန်၊ ၁၀:၀၇။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေတစ်ခုဖြစ်တဲ့ ဒလမြို့နယ်အတွင်းမှာရှိတဲ့ သင်္ဘောကျင်းက ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းရဲ့တစ်ဖက် ရန်ကုန်မြစ်ကမ်းနံဘေးမှာရှိပြီး ရန်ကုန်မြို့နဲ့လည်း အနီးဆုံးနေရာမှာ ရှိပါတယ်။ ဧက(၃၀) ကျယ်ဝန်းတဲ့ ဒီ သင်္ဘောကျင်းကို ၁၈၅၂ ခုနှစ် မတိုင်ခင်ကတည်းက တည်ဆောက်ခဲ့တယ်လို့ သိရပါတယ်။ ၁၈၇၅ ခုနှစ်မှာ ဧရာဝတီဖလော်တီလာ ကုမ္ပဏီကို နှစ်ရှည်လုပ်ကိုင်ခွင့်နှင့် ငှားရမ်းခဲ့ပြီး ၁၉၀၈ ခုနှစ်မှာ အဆိုပါ ကုမ္ပဏီက အပိုင်ဝယ်ယူခဲ့တယ်လို့လည်း သိရပါတယ်။ လုံးချင်းများကိုလည်း တိုးချဲ့တည်ဆောက်ခဲ့ပါတယ်။ ၁-၆-၁၉၄၈ ရက်နေ့မှာ လွတ်လပ်တဲ့ မြန်မာနိုင်ငံတော်အစိုးရက ဒီလုပ်ငန်းများကို လွှဲပြောင်းယူခဲ့ရာမှာ ဌာနသင်္ဘောကျင်းဟာလည်း နိုင်ငံပိုင်သင်္ဘောကျင်းကြီးတစ်ခုဖြစ်လာခဲ့ပြီး ယနေ့အထိ ရေယာဉ်တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီသင်္ဘောကျင်းဟာ နိုင်ငံပိုင်သင်္ဘော

ကျင်း(၆)ခုမှာ အကြီးဆုံးနဲ့ ရှေးအကျဆုံး သင်္ဘောကျင်းဖြစ်ပြီး ရေကြောင်းသွားပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရဲ့ သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်ပါတယ်။

ဒီ သင်္ဘောကျင်းကြီးဟာ ၁၉ ရာစုနှောင်းပိုင်း အောက်မြန်မာနိုင်ငံကို ကိုလိုနီခေတ် သွတ်သွင်းခံရပြီး တည်ဆောက်ခဲ့တဲ့ အစောဆုံး အဆောက်အအုံတွေထဲမှာလည်း ပါ ပါတယ်။ သက်တမ်းအားဖြင့် (၁၆၈)နှစ်ခန့်ရှိပြီ ဖြစ်ပါတယ်။ နှစ် ရာကျော်ပြီဖြစ်တဲ့ အဆောက်အအုံများကလည်း ပြုပြင်တည်ဆောက်မှုမရှိပေမဲ့ မူလအတိုင်း ကျန်ရှိနေဆဲဖြစ်လို့ မြန်မာနိုင်ငံရဲ့ ရှေးဟောင်းသမိုင်းဝင် အဖြစ် ဖော်ထုတ်ပြီး သမိုင်းအမွေအနှစ်အဖြစ် ဖွံ့ဖြိုးအောင်ထိန်းသိမ်းကြမယ်ဆိုရင် ဒလမြို့နယ်သူ၊ မြို့နယ်သားများအတွက်သာမက ရန်ကုန်မြို့အတွက်ပါ ဂုဏ်ယူစရာ၊ ပြသစရာ၊ လည်ပတ်လေ့လာစရာ နေရာတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၆)အရလည်း ဒီနေရာဟာ ရှေးဟောင်းနေရာလို့ သတ်မှတ်ရမယ့်စာရင်း ဝင်ရောက်နေသလို တစ်ဖက်ကမ်း ရန်ကုန်မြို့ပေါ်က ခေတ်ပြိုင်အဆောက်အအုံတွေမှာဆိုရင်လည်း Blue Plaque တပ်လို့ ထိန်းသိမ်းစောင့်ရှောက်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒလသင်္ဘောကျင်းရဲ့ သမိုင်းတန်ဖိုးကြီးမားမှုမှာ ရေယာဉ်တည်ဆောက်ခြင်းနဲ့ပြင်ဆင်ခြင်းလုပ်ငန်းတွေကို တိုးချဲ့ဆောင်ရွက်ခြင်း၊ ကျန်ရှိနေသောပိုနေတဲ့ မြေနေရာတွေမှာ မြန်မာ့ရေကြောင်းခရီးသွားလာရေး လုပ်ငန်းပြတိုက်တစ်ခု၊ ရေယာဉ်တည်ဆောက်မှုဆိုင်ရာ အတတ်ပညာသင်တန်းကျောင်းတစ်ခု ဖွင့်လှစ်ပေးနိုင်မယ်ဆိုရင် အင်ဂျင်နီယာများ၊ အသက်မွေးဝမ်းကျောင်းသင်လူငယ်များအတွက် ရွေးချယ်စရာ ပညာရေးအခွင့်အလမ်းတစ်ရပ်လည်း ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ရန်ကုန်မြို့လယ်ခေါင်နဲ့လည်း ရေကြောင်းခရီးကသွားရင် (၁၀)မိနစ်ခန့်နှင့် နောက်ဒလ တံတားကြီး ပြီးသွားမယ်ဆိုရင် ချက်ချင်းရောက်သွားနိုင်တဲ့အတွက် မြင်ကွင်းကောင်းတဲ့နေရာမှာ တည်ရှိနေလို့ ကောင်းစွာပြင်ဆင်အသုံးချနိုင်မယ်ဆိုရင် ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်တဲ့ နေရာကောင်းတစ်ခု ဖြစ်လာပါလိမ့်မယ်။ မြို့ပြရဲ့မွန်းကြပ်မှုကို ခေတ္တခဏစွန့်ခွာအနားယူအပန်းဖြေလိုတဲ့ ပြည်သူတွေအပြင် သမိုင်းအမွေအနှစ် လေ့လာလိုတဲ့ ကမ္ဘာလှည့်ခရီးသွားတွေ အတွက်လည်း လည်ပတ်စရာနေရာသစ်တစ်ခုဖြစ်လာကာ ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖော်ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

ဒလသင်္ဘောကျင်းရဲ့ Google ကနေ အပေါ်စီးက မြင်ရတဲ့ပုံပါ။ ဒလသင်္ဘောကျင်းကို Google မှ အနီးကပ်ရိုက်ပြထားတဲ့ပုံပါ။ ဒလသင်္ဘောကျင်းရဲ့ ၁၈၅၂ ခုနှစ်လောက်ကတည်းက တည်ဆောက်ထားတဲ့ စက်ပြင်အလုပ်ရုံနဲ့ သိုလှောင်ရုံပါ။ ဒါကတော့ ဒလသင်္ဘောကျင်းရဲ့ ၁၉ ရာစု နှောင်းပိုင်းကတည်းက ဆိပ်ခံတံတားပုံပါခင်ဗျား။ ဒါကတော့ ဒလသင်္ဘောကျင်းကို အပိုင်ဝယ်ယူလိုက်တဲ့ ဖလော်တီလာကုမ္ပဏီခေတ်က ရေယာဉ်ပျံကျင်းတင်ထားတဲ့ပုံပါ။ ဒလသင်္ဘောကျင်း

လွှန်းတင်ထားတဲ့ လှေသင်္ဘောကျင်းတွေ တည်ဆောက်နေတဲ့ပုံပါ။ ကျွန်တော်တို့ မြန်မာ့ရေကြောင်း သမိုင်းမှာ ရန်ကုန်မြစ်နဲ့ ဧရာဝတီမြစ်ထဲမှာ ကူးလူးသွားလာနေတဲ့ ပြည်သူ့ရေကြောင်းပို့ဆောင်ရေးရဲ့ ယခင်ခေတ်ဦးပုံတွေပါ။ ဖလော်တီလာပိုင် သင်္ဘောတွေပါခင်ဗျား။ အဲဒီတော့ အရင်က သိုလှောင်ရုံနဲ့ လက်ရှိ ရှိနေတဲ့ ဒလသင်္ဘောကျင်းက သိုလှောင်စက်ရုံ၊ အလုပ်ရုံရဲ့မြင်ကွင်းပါ။ ဒါကတော့ ရှေးဟောင်းအဆောက်အအုံကြီးအတွင်းထဲမှာ သစ်တိုသစ်စတွေ၊ သံတိုသံစတွေ ပြည့်နှက်နေတဲ့ ပုံပါ။ အဲဒါကတော့ ရန်ကုန်မြို့ဘက်ကနေ ဒလသင်္ဘောကျင်းကို မြင်နေရတဲ့ပုံပါ။


ဥက္ကဋ္ဌကြီးခင်ဗျား။ သင်္ဘောကျင်းတွေရဲ့ ရှေးဟောင်းသမိုင်းဝင်မှုတွေကို အသုံးချပြီးတော့ အင်္ဂလန်နိုင်ငံ PITTSBURGH မြို့က CHATHAM DOCKYARD ရဲ့ ရှေးဟောင်းသမိုင်းဝင်အဖြစ် ဖန်တီးထားပြီးတော့ အများပြည်သူလေ့လာစရာနဲ့ ဝင်ငွေရှာနေတဲ့ နမူနာပါခင်ဗျား။ PORTSMOUTH က သင်္ဘောကျင်းကို ရှေးဟောင်းသမိုင်းဝင်အဖြစ် ပြသထားတဲ့ပုံပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ မကာအိုကျွန်းမှာရှိတဲ့ မီးလောင်ပျက်စီးသွားပြီး မျက်နှာစာပဲကျန်တဲ့ အဆောက်အအုံတွေတောင်မှ ရှေးဟောင်းသမိုင်းဝင်အဖြစ် ပြသထားပြီးတော့ ဝင်ငွေရှာနေတဲ့ပုံပါ။ ဒါကတော့ ရန်ကုန်မြို့ရဲ့ပုံတွေပါ။ ဒီနေ့ သင်္ဘောကျင်းရဲ့ မြင်ကွင်းပုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာတင်ပဲ (၁၀)ဘီလီယံကျော်အရှုံးပေါ်နေတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနဲ့ ဒီသင်္ဘောကျင်းကို အဆင့်မြှင့်တင်ခြင်းအားဖြင့် နိုင်ငံ့ဘဏ္ဍာ စိုက်ထုတ်အသုံးပြုရတဲ့ ပြဿနာကိုလည်း ဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းပိုင် သင်္ဘောကျင်းများအနက် အကြီးဆုံးနဲ့ ရှေးအကျဆုံးဖြစ်သော ဒလသင်္ဘောကျင်းရှိ အဆောက်အအုံများအား သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် သမိုင်းတန်ဖိုး ကြီးမားလှသော သင်္ဘောကျင်းတစ်ခုလုံးကို ပြုပြင် မွမ်းမံကာ ရေကြောင်းသမိုင်းပြတိုက် သို့မဟုတ် သင်တန်း------။

ဒလသဘော်ကျင်း၏ သမိုင်းဝင်ဓာတ်ပုံများမှ ဆိပ်ခံတံတား မြင်ကွင်းပုံ (အ)




ဒလသဘော်ကျင်း၏ သမိုင်းဝင်ဓာတ်ပုံများမှ ဧရာဝတီ ဖလော်တီလာခေတ် ရေယာဉ်ပျံ ကျင်းတင်ထားသည့် မြင်ကွင်းပုံ (အ-၁)




ON THE IRRAWADDY.—A Short "Scion-Senior" (four Pobjoys) of the Irrawaddy Flotilla and Airways Ltd. on its slipway.

ဒလသဘော်ကျင်း၏ သမိုင်းဝင်ဓာတ်ပုံများမှ ယခင်က သို‌လှောင်ရုံ၊ စက်ပြင် အလုပ်ရုံနှင့် ယခု မြင်ကွင်းပုံ (အ-၂)



**ဥက္ကဋ္ဌ။** ။ ပြီးသွားပါပြီ။

**ပခုက္ကူမြို့တွင် ဖြတ်သန်းစီးဆင်းလျက်ရှိသော ရွှေချောင်းချောင်းကို ရေလမ်းကြောင်း တည်ငြိမ်စေပြီး ရေတိုက်စား၊ ကမ်းပြိုခြင်းမှ ကာကွယ်ရန် အမှတ်(၃)ရပ်ကွက်တွင် ကမ်းထိန်းနံရံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။


**အချိန်၊ ၁၀:၁၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ ပခုက္ကူမြို့မှာ ဖြတ်သန်းစီးဆင်းနေတဲ့ ရွှေချောင်းချောင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးမြန်းရတဲ့ အကြောင်းအရင်းကို အနည်းငယ် ရှင်းပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပခုက္ကူမြို့မှာ ဖြတ်သန်းစီးဆင်းနေတဲ့ အခု မေးခွန်းမှာပါတဲ့ ရွှေချောင်း ချောင်းဟာ ချောင်းငယ်ပေါင်းများစွာ စုပေါင်းစီးဆင်းနေတဲ့ ချောင်းကြီးတစ်ချောင်းဖြစ်ပြီး အထက်ဘက်မှာလည်း ဆည်ငယ်ပေါင်းများစွာ တည်ရှိပါတယ်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလမှာ ကျရောက်ခဲ့တဲ့ O2B မုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရွှေချောင်း ချောင်းရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့ရာမှာ ရေတိုက်စားမှုကြောင့် အိမ်ခြေ (၂၇၀)ကျော် ပြိုကျခဲ့ပြီး လူပေါင်း(၁၆၀)ကျော် သေဆုံးခဲ့ရပါတယ်။ ကျေးဇူးပြုပြီးတော့ Power Point ပြသခွင့်ပြုပါခင်ဗျား။ ဒီမြေပုံကတော့ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်မတိုင်ခင် ရွှေချောင်း ချောင်းရဲ့ လူနေရပ်ကွက်အခြေအနေ ဖြစ်ပါတယ်။ ဒီပုံကတော့ ရေတိုက်စားပြီး အိမ်ခြေ (၂၇၀)ကျော် ကမ်းပါးပြိုပျက်စီးခဲ့ရတဲ့ ပုံတွေပဲ ဖြစ်ပါတယ်။ ဒီချောင်းဟာ နှစ်စဉ် မိုးရာသီရောက်တိုင်း ရေတိုက် စားမှုတွေ ဆက်လက်ဖြစ်ပေါ်လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ချောင်းရေတိုက်စား မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့သဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကျွန်တော်တို့ ပြည်သူတွေ စုပေါင်း၍ ရေလမ်းကြောင်းကို ပြန်လည်ဖော်ဆောင်ပြီး ရေကာတန်း ရိုက်တဲ့လုပ်ငန်းတွေကို အရေးပေါ် ဆောင်ရွက် ခဲ့ရတာ ဖြစ်ပါတယ်။ ယခုအခါမှာ ရေကာတန်းနဲ့ ရေလမ်းကြောင်းဟာ ရေတိုက်စားမျောပါခဲ့ပြီး ပခုက္ကူမြို့မှာ သာသနာ့အဆောက်အအုံတွေနဲ့ လူနေအိမ်များစွာဟာ ရွှေချောင်း ချောင်းရေတိုက်စားမှု ကြောင့် ကမ်းပြိုမှုအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့နေရတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ရွှေချောင်းချောင်းကို ရေလမ်းကြောင်း တည်ငြိမ်စေပြီးတော့ ရေတိုက်စားကမ်းပြိုခြင်းမှ ကာကွယ်ရန် အမှတ်(၃)ရပ်ကွက်နဲ့ အမှတ်(၁)ရပ်ကွက်တို့မှာ ကမ်းထိန်းနံရံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက် အခြေပြမြေပုံ ပြပုံ (ကက)




ရေလမ်းကြောင်း ပြန်လည်ဖော်ဆောင်နေသည့် မြင်ကွင်းပုံ (ကက–၁)



ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ကြီးနှင့်အတူ သွားရောက်ခဲ့သည့် မြင်ကွင်းပုံ (ကက-၂)



**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၅။**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ရဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်သင်္ဘောကျင်းများအနက် ရှေးအကျဆုံးနှင့်အကြီးဆုံးဖြစ်သော ဒလသင်္ဘောကျင်းရှိ အဆောက်အအုံများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရှေးဟောင်းသမိုင်းဝင် ကမ္ဘာ့အမွေအနှစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်ပေးရန်နှင့် သမိုင်းတန်ဖိုးကြီးလှသော သင်္ဘောကျင်းတစ်ခုလုံးကို ပြုပြင်မွမ်းမံ ထိန်းသိမ်းကာ ရေကြောင်းသမိုင်းပြတိုက် သို့မဟုတ် ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိမည့်စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦး က ဖြေကြားမှာ ဖြစ်ပါတယ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရှိ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ နှစ်(၁၀၀)နှင့်အထက် သက်တမ်းရှိပြီး မြန်မာ့ယဉ်ကျေးမှုနှင့် သက်ဆိုင်သောအဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်၍ ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄ အရ ရှေးဟောင်းအဆောက်အအုံအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်သော အဆောက်အအုံအမျိုးအစားများတွင် သင်္ဘောကျင်းများမပါဝင်ကြောင်း၊ ထို့အပြင်ရှေးဟောင်းအဆောက်အအုံတစ်ခုအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်လက်ရာလည်း ရှိရန်လိုအပ်ပြီးဒလသင်္ဘောကျင်းကဲ့သို့သော ကိုလိုနီခေတ်နှင့် ခေတ်ပြိုင်စက်မှုလုပ်ငန်းတိုးတက်မှုမျိုးနှင့်စပ်လျဉ်း၍ မိမိတို့၌ အလေ့အကျင့်နှင့်ကျွမ်းကျင်မှုများလည်း လိုအပ်နေသေးကြောင်း၊ သို့ဖြစ်၍ ဒလသင်္ဘောကျင်းကို ရှေးဟောင်းအဆောက်အအုံအဖြစ် သတ်မှတ်နိုင်ခြင်းမရှိသောကြောင့် ရှေးဟောင်းသမိုင်းဝင်ကမ္ဘာ့အမွေအနှစ်သတ်မှတ်ရန် အစီအစဉ်မရှိပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ပြီး ခရီးသွားဆွဲဆောင်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဒလသင်္ဘောကျင်းရှိ အဆောက်အအုံများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြုပြင်မွမ်းမံထိန်းသိမ်းပြီး ရေကြောင်းသမိုင်းပြတိုက်အဖြစ် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကုမ္ပဏီကို တင်ပြညှိနှိုင်း၍ Tourist Destination တစ်ခုအဖြစ် ကြေညာသတ်မှတ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပေါင်းစပ်ဖြေကြားထားပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနအတွင်း ဌာနပိုင်သင်္ဘောကျင်း(၆)ခုရှိသည့်အနက် ဒလသင်္ဘောကျင်းသည် ကိုယ်စားလှယ်ကြီး တင်ပြသွားသည့်အတိုင်း ၁၈၅၂ ခုနှစ် မတိုင်မီကတည်းကတည်ဆောက်ခဲ့တာဖြစ်ပြီး ရှေးအကျဆုံးဒလသင်္ဘောကျင်း ဖြစ်ပါတယ်။

ဒလသင်္ဘောကျင်းသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် ရေယာဉ်များအသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကိုသာမက ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းများက အပ်နှံသည့် ရေယာဉ်များအသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိသည့်အဓိကသင်္ဘောကျင်းကြီး တစ်ခုဖြစ်ပါတယ်။ ရှေးကျသော သင်္ဘောကျင်းဖြစ်သော်လည်း ဒလသင်္ဘောကျင်း အဆောက်အအုံအများစုကို လုပ်ငန်းနှင့်နည်းပညာလိုအပ်ချက်များအရ ပြန်လည်ပြုပြင်အစားထိုး တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်။ ယခင်က စက်ပြင်ဌာနခွဲအဖြစ် အသုံးပြုခဲ့ပြီး ယခုပစ္စည်းဟောင်းသိုလှောင်သောဂိုဒေါင်အဖြစ် အသုံးပြုနေသည့် အဆောက်အအုံတစ်လုံးသာ ရှေးဟောင်းအဆောက်အအုံအဖြစ် ကျန်ရှိနေခဲ့ပါတယ်။

အဆိုပါအဆောက်အအုံတွင် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြား (Blue Plaque) ကပ်ထားနိုင်ရန်နှင့် ရေကြောင်းသုံးပစ္စည်းများစုစည်း၍ ပြည်တွင်းရေကြောင်းသမိုင်းပြတိုက်တစ်ခုအဖြစ် အသုံးပြုနိုင်ရေးအတွက် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Yangon Heritage Trust)က ကွင်းဆင်းလေ့လာလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကိုယ်တိုင် သင်္ဘောကျင်းသို့ လာရောက်ကြည့်ရှုခဲ့ခြင်းများ ရှိပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဒလသင်္ဘောကျင်း အဆင့်မြှင့်တင်ရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် Grant Aid အထောက်အပံ့ရရှိရေးအတွက် JICA မှတစ်ဆင့် ဂျပန်နိုင်ငံအစိုးရထံ တင်ပြနိုင်ရေးအတွက် ၁၂-၉-၂၀၁၇ ရက်နေ့တွင် Project Proposal ပေးပို့ထားပြီး ဖြစ်ပါတယ်။ (Myanmar Sustainable Development Plan-MSDP) အရ Project Bank တွင် ထည့်သွင်းရေးအတွက်လည်း ၁၉-၂-၂၀၁၉ ရက်နေ့တွင် နိုင်ငံတော်စီးပွားရေးရာ Co.ltd၊ Fuji၊ KAIJI ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (NECC) ရုံးသို့ တင်ပြထားပြီး ဖြစ်ပါတယ်။

သို့ရာတွင် ဂျပန်နိုင်ငံ၏ ငွေကြေးအထောက်အပံ့ရရှိနိုင်မည့်လုပ်ငန်းစဉ်မှာ နှောင့်နှေးမှုများရှိနေသဖြင့် ဂျပန်နိုင်ငံအခြေစိုက် SA Marine Myanmar Co.ltd၊ Fuji၊ KAIJI သင်္ဘောကျင်းနှင့် လုပ်ငန်းမိတ်ဖက်ဖြစ်သည့် တရုတ်နိုင်ငံ China Civil Engineering Construction Corporation (CCECC) တို့ပူးပေါင်း၍ ဒလသင်္ဘောကျင်းအဆင့်မြှင့်တင်ခြင်းနှင့် ဆက်စပ်ဧရိယာများ ဖွံ့ဖြိုးရေးအစီအစဉ်နှင့် ငွေကြေးဆိုင်ရာ အကြိုဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု Pre F/S ကို ဆောင်ရွက်ခွင့်ပြုရန် အဆိုပြုတင်ပြလာခဲ့ခြင်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ၂၀-၉-၂၀၁၉ ရက်နေ့တွင် သဘောတူခဲ့သဖြင့် Pre F/S ကို ဆောင်ရွက်စေခဲ့ပါတယ်။ အကြိုဖြစ်နိုင်ခြေ လေ့လာဆန်းစစ်မှု Pre F/S အစီရင်ခံစာအပေါ် စိစစ်သုံးသပ်ပြီးနောက် ၂၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု F/S ဆက်လက်ဆောင်ရွက်စေရန် သဘောတူခဲ့သဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ကုမ္ပဏီအဖွဲ့သို့ F/S စတင်နိုင်ရန် အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ကုမ္ပဏီအဖွဲ့က ဆက်လက်ဆောင်ရွက်သွားမည့် F/S တွင် ဒလသင်္ဘောကျင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းအစီအစဉ်အပြင် အဆိုပါအစီအစဉ်ကို ဆောင်ရွက်နိုင်ရန် လိုအပ်သောဘဏ္ဍာငွေကြေးများ ရရှိနိုင်ရေးအတွက် ဆက်စပ်ဧရိယာများ ဖွံ့ဖြိုးရေးအစီအစဉ်များကိုပါ လေ့လာမည်ဖြစ်ပါတယ်။

အဆိုပါ ဖွံ့ဖြိုးရေးအစီအစဉ်များကို PPP ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး သင်္ဘောကျင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများပြီးစီးပါက မိမိဌာန၏ ရေယာဉ်သစ်တည်ဆောက်ခြင်းနှင့် ရေယာဉ်ပြင်လုပ်ငန်းများကို ဂျပန်နိုင်ငံ Fuji၊ KAIJI သင်္ဘောကျင်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားရန် ရည်ရွယ်ပါတယ်။ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်ချက် F/S ရလဒ်များအပေါ်မူတည်၍

နိုင်ငံတော်အတွက် အကျိုးရှိနိုင်မည့်လုပ်ငန်းများအပြင် ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိမည့် အစီအစဉ်များကိုပါ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒလသသင်္ဘောကျင်းကို အဆင့်မြှင့်တင်ရာတွင် ရှိနေဆဲဖြစ်သော ရှေးဟောင်းအဆောက်အအုံကိုလည်း ဖျက်သိမ်းခြင်းမပြုဘဲ ဆက်လက်ထိန်းသိမ်းသွားမည့် အစီအမံများကိုလည်း F/S တွင် ထည့်သွင်းလေ့လာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒလသသင်္ဘောကျင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည့်အပြင် ဆက်စပ်ဧရိယာများတွင် ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိမည့်အစီအစဉ်များကိုပါ ဆက်လက်ဆောင်ရွက်သွားရန်ရှိပါသဖြင့် ဒလသသင်္ဘောကျင်းရှိ အဆောက်အအုံများကို ရှေးဟောင်းသမိုင်းဝင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရန်အစီအစဉ်မရှိပါကြောင်း၊ သို့ရာတွင် လက်ရှိ ဂိုဒေါင်အဖြစ်အသုံးပြုနေသော ရှေးဟောင်းအဆောက်အအုံတွင် Blue Plaque ကပ်ထားနိုင်ရေးနှင့် သင်္ဘောကျင်းအတွင်း ရေကြောင်းသမိုင်းပြတိုက်အဖြစ် ထားရှိရေးအစီအမံများနှင့် ပတ်သက်ပြီး F/S ဆောင်ရွက်မည့် ကုမ္ပဏီအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ Yangon Heritage Trust နှင့် မဲဆန္ဒနယ်ကိုယ်စားပြု ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းတိုင်ပင်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ၏ ပခုက္ကူမြို့တွင် ဖြတ်သန်းစီးဆင်းလျက်ရှိသော ရွှေချောင်းချောင်းကို ရေလမ်းကြောင်း တည်ငြိမ်စေပြီး ရေတိုက်စား၊ ကမ်းပြိုခြင်းမှကာကွယ်ရန် အမှတ်(၃)ရပ်ကွက်တွင် ကမ်းထိန်းနံရံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ကပဲ ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့တွင် ဖြတ်သန်းစီးဆင်းလျက်ရှိသော ရွှေချောင်းချောင်းသည် လင်ဂတော်ချောင်း၊ ယင်းဒိုက်ပင်ချောင်းနှင့် ကျောက်စောက်ချောင်းတို့ ပေါင်းဆုံစီးဆင်းရာမှ ဝက်ကျကျေးရွာအနီးတွင် ရွှေချောင်းချောင်းအဖြစ် စီးဆင်းလာပြီး ပခုက္ကူမြို့ကို ဖြတ်သန်းစီးဆင်းကာ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ပါတယ်။ ရွှေချောင်း ချောင်းအတွင်းသို့စီးဝင်သည့် ချောင်းလက်တက်များသောကြောင့် မိုးရာသီတွင် ရွှေချောင်း ချောင်းအတွင်း စွန့်ထုတ်သည့် ရေထုထည်များပြားလာသည်နှင့်တစ်ပြိုင်နက် အကျိုးဆက်အနေနဲ့ ရေစီးနှုန်းကလည်း ကြမ်းတမ်းလာပါတယ်။ ရွှေချောင်း ရေလမ်းကြောင်းတည်ငြိမ်ရေးနှင့် ရေတိုက်စားခံရမှုကာကွယ်နိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်တွင် အစီအမံတစ်ရပ်ရေးဆွဲ၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပါတယ်။

အဆိုပါ အစီအမံများနှင့်အညီ ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အလျားပေ (၆၅၀) ရှည်သော ကမ်းပါးအခြေထိန်းနံရံကို ရေကာတို(၇)ချောင်းနှင့်အတူ တွဲဖက်တည်ဆောက်ခဲ့ပါတယ်။ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် ရေလမ်းကြောင်းသည် ပခုက္ကူမြို့အမှတ်(၃)ရပ်ကွက်မှ ချောင်း၏ တစ်ဖက်ကမ်းရှိ အမှတ်(၁)ရပ်ကွက်ဘက်သို့ စီးဆင်းသွားသဖြင့် ကမ်းပြိုမှု သက်သာလာခဲ့ပါတယ်။ အမှတ်(၁)ရပ်ကွက်ဘက်သို့ ရေကြောင်းပြောင်းလဲစီးဆင်းသွားသော်လည်း ရွှေချောင်း ချောင်း၏ စီးဆင်းမှုပုံသဏ္ဍာန်အရ အမှတ်(၁)ရပ်ကွက်သည် ချောင်းကွေး၏ အတွင်းဘက်ကွေ့တွင် တည်ရှိ နေသဖြင့် ရေတိုက်စားမှု ခံရခြင်းမရှိပါ။ သို့ရာတွင် ဆောင်ရွက်ထားရှိသော ရေကာတာများသည် မျောတိုင်တန်း ရေကာတာများဖြစ်သောကြောင့် ဆောင်ရွက်ပြီးနောက်ပိုင်းတွင် ရန်ပုံငွေခွဲဝေ ရရှိမှုအခြေအနေအရ ပြုပြင်ထိန်းသိမ်းမှုများ မပြုလုပ်နိုင်ခဲ့သဖြင့် အချို့ရေကာများတွင် ပျက်စီးမှု များ ဖြစ်ပေါ်လာခဲ့ပါတယ်။

ပခုက္ကူဒေသအတွင်း ပုံမှန်အားဖြင့် တစ်ရက်မိုးရေချိန်မှာ (၁)လက်မအောက်သာရှိခဲ့ သော်လည်း ၅–၆–၂၀၁၈ ရက်နေ့တွင် မိုးရေချိန် (၁.၄၆)လက်မနှင့် ၇–၆–၂၀၁၈ ရက်နေ့တွင် မိုးရေချိန်(၁.၉၆)လက်မအသီးသီး ရွာသွန်းခဲ့မှုကြောင့် ရွှေချောင်းချောင်းအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး အမှတ်(၃)ရပ်ကွက်တွင် လူနေအိမ်(၇)လုံးနှင့် ဆယ်ဘီးကား (၁)စီး ရေစီးနှင့်အတူ မျောပါ၍ နေအိမ်အဆောက်အအုံ (၁၁)လုံး အရေးပေါ်ရွှေ့ပြောင်းခဲ့ရပါတယ်။ ၎င်းအပြင် ရွှေချောင်း တံတား အမှတ်(၁)၏ တံတားတိုင်အမှတ်(၂)နှင့်(၃)အကြား ချောင်း၏ရေလမ်းကြောင်း ပြောင်းလဲ စီးဆင်းမှုကြောင့် တံတားအောက်ဘက်ရှိ ဘုန်းကြီးကျောင်းမြေ ချောင်းရေတိုက်စားမှုခံခဲ့ရပါတယ်။ ရေတိုက်စားမှုအန္တရာယ်မဖြစ်ပေါ်စေရန် ရေကြောင်းပြောင်းလဲခြင်းအတွက် ရေလွှဲမြောင်း ဖောက် လုပ်ခြင်းနှင့် မျောသုံးတန်းသွားရေလွှဲရေကာများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဒေသအစီအစဉ် ဖြင့် ဆောင်ရွက်ခဲ့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ် ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်ပြီးနောက်ပိုင်းတွင် အဆိုပါနေရာရှိကမ်းပြိုမှုအား ထိန်းသိမ်းနိုင်ခဲ့ ပါတယ်။ ပခုက္ကူမြို့အမှတ်(၃)ရပ်ကွက်တွင် ရွှေချောင်း ချောင်းရေတိုက်စားမှုကြောင့် ကမ်းပြိုမှု အလျားမှာ ပေ(၂၅၀၀)ကျော် ရှိပါတယ်။ အဆိုပါနေရာကို ရေတိုက်စားကမ်းပြိုမှုမှကာကွယ်ရန် ရေရှည်အစီအမံဖြင့် ကျောက်ဖြည့်မြေထိန်းနံရံကို ရေကာတိုများဖြင့် တွဲဖက်တည်ဆောက်၍ ကာကွယ်သင့်ပြီး အဆိုပါလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သန်း (၇၅၀)ခန့် ဖြစ်ပါ တယ်။ အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပေါင်းစပ် ဖြေကြားထားပါတယ်။ ထို့အပြင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေး နှစ်အတွက် ရန်ပုံငွေခွဲဝေရာတွင်လည်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးအဆင့်

အလိုက်သာလျာထားရပြီး ရွှေချောင်းချောင်း ကမ်းပြိုကာကွယ်ရေးအတွက် မပါဝင်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားသည့် ရွှေချောင်းချောင်းကို ရေလမ်းကြောင်း တည်ငြိမ်စေပြီး ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်တွင် ကမ်းထိန်းနံရံ တည်ဆောက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ အစီအစဉ်မရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။**　။ မိုက်ပေးလိုက်ပါ။

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။**　။ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော် မေးမြန်းခဲ့တာက ပြည်ထောင်စုဝန်ကြီးဌာနကို ရည်ရွယ်ပြီးတော့ မေးမြန်းခဲ့တာဖြစ်တဲ့အတွက် ပြည်ထောင်စုဝန်ကြီးဌာနရန်ပုံငွေမှ စိုက်ထုတ်ပြီးလုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိကို ဆက်စပ်မေးမြန်းပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။**　။ ဖြေနိုင်ရင်ဖြေလိုက်ပါ။

**ဦးသာဦး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။**　။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုရန်ပုံငွေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကစပြီး နဂိုကတော့ ကမ်းပြိုတဲ့ကိစ္စတွေမှာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များ ရန်ပုံငွေကနေပြီးတော့ လုပ်ရပါတယ်။ နောက်ပိုင်းကျတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်လောက်စပြီးတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ခွင့်ပြုချက်အရ ကျွန်တော်တို့ ဝန်ကြီးဌာနက အရေးပေါ်ရန်ပုံငွေနဲ့သုံးတာရှိပါတယ်။ ကျွန်တော်တို့ ဒီနှစ် အရေးပေါ်ရန်ပုံငွေမှာ (၅)ဘီလီယံပါရှိပါတယ်။ ဒါကို သုံးစွဲပြီးတော့ ယခု ကျပ်သန်း(၇၀၀)ပဲ ကျန်ပါတယ်။ ဒါကလည်း လာမယ့်မိုးတွင်းမှာ အရေးပေါ်ပေါ်လာမယ့်ကိစ္စအတွက်ကို ချန်ထားရပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုရန်ပုံငွေနဲ့ ဒီနှစ်မှာ လုပ်ပေးဖို့မရှိပါဘူး။ တကယ်လို့ လိုအပ်ရင် အဓိကအားဖြင့် တိုင်းဒေသကြီးရန်ပုံငွေကနေ ထည့်ရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ အရေးပေါ်ရန်ပုံငွေက သုံးလို့ရတဲ့အခါ သုံးပေးနိုင်ပြီး မရရင်တော့ အထူးအရေးပေါ် ရန်ပုံငွေများဖြင့် သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီးဖွဲ့ထားတဲ့ ဒုတိယသမ္မတ က ဥက္ကဋ္ဌအဖြစ် လုပ်နေတဲ့ အဖွဲ့အစည်းကို တောင်းဆိုပြီး လုပ်လို့လည်းရနိုင်ပါတယ်။ ဒါက သက်ဆိုင်ရာ တိုင်းဒေသကြီးကနေ တောင်းဆိုရမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကလွင်နယ်မြေရှိ တက္ကသိုလ်ရပ်ကွက်နှင့် ပုလဲဒီပါ ရပ်ကွက်တို့တွင် နေထိုင်သော ပြည်သူများသည် တရားဝင် အခွန်အခများ ပေးဆောင်နေကြသော်လည်း ရပ်ရွာစည်ပင်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၏ စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်မှုမရှိခြင်း၊ ဘဏ္ဍာငွေလျာထားမှု မရှိခြင်းတို့ကြောင့် အခက်အခဲဒုက္ခမျိုးစုံ ခံစားနေရပါသဖြင့် မည်သည့်အချိန်တွင် နိုင်ငံတော်ဘဏ္ဍာဖြင့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ထည့်သွင်း ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ချိန်၊ ၁၀:၂၈။**

**ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေ ဖြစ်ပါတယ်။


လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ်မြို့၊ ကလွင်နယ်မြေရှိ တက္ကသိုလ်ရပ်ကွက်နှင့် ပုလဲဒီပါရပ်ကွက်သည် လွန်ခဲ့သည့် နှစ်ပေါင်း(၂၀)ခန့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ကွင်းအမှတ် - ၂၄၁/က စုံခေါင်းရော်ဘာခြံအား ခြံပိုင်ရှင်မှ မြိတ်အထွေထွေရောဂါကုဆေးရုံကြီးနှင့် မြိတ်တက္ကသိုလ်ဆောက်လုပ်ရန်အတွက် လိုအပ်သောမြေနေရာများ လှူဒါန်းခဲ့ပြီး ကျန်ရှိသည့်မြေများအား အိမ်ရာမြေ(တခြားနည်းအသုံးပြုခွင့်)အဖြစ် လျှောက်ထားခဲ့ရာ နိုင်ငံတော်မှ တခြားနည်းအသုံးပြုခွင့်ပေးခဲ့ပါတယ်။ မြေပိုင်ရှင်မှ ၂၀၀၀ ပြည့်နှစ်ခန့်တွင် အိမ်ရာမြေဖော်ထုတ်ရေးရုံးခန်းဖွင့်လှစ်ကာ အိမ်ရာမြေကွက်ပေါင်း (၁၀၀၀)ခန့် အကွက်ရိုက်ဖော်ထုတ်ရောင်းချပြီး ရပ်ကွက်တည်ခဲ့ပါတယ်။ အိမ်ရာမြေဖော်ထုတ်ခဲ့စဉ်ကတည်းက အဓိကကျသောလမ်းများကို ကတ္တရာလမ်းခင်းပေးခဲ့ပြီး ကျန်လမ်းသွယ်များကို မြေသားလမ်းအဖြစ် ဖောက်လုပ်ထားခဲ့ပါတယ်။ ၎င်းအချိန်ကတည်းက ယခုချိန်အထိတိုင်အောင် လမ်းများပြုပြင်ခြင်း၊ အဆင့်တိုးမြှင့်ခြင်း၊ ရေနုတ်မြောင်း တူးဖော်ပေးခြင်းစသည်တို့ကို ထပ်မံ၍ လုပ်ဆောင်ပေးခဲ့ခြင်းမရှိတော့ပါသဖြင့် မိုးကာလတွင် ရပ်ကွက်အတွင်း ရေကြီးရေလျှံခြင်း နှစ်စဉ်လိုလိုဖြစ်ကာ

ပြုပြင်ထိန်းသိမ်းခြင်းလည်း လုံးဝမရှိတော့သည့်အတွက် လမ်းများပျက်စီးလာပြီး ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရေး အလွန်အခက်အခဲ ကြုံတွေ့နေခဲ့ရသလို သာရေး၊ နာရေး ဘဝသုံးပါးကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် အတိဒုက္ခနှင့်လည်းရင်ဆိုင်နေကြရပါတယ်။ ၎င်းမြေကွက်ပေါ်တွင် အိမ်ရာမြေကွက်ဝယ်ယူသူများမှ နေအိမ်၊ တိုက်တာအဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်း နိုင်ငံတော်မှသတ်မှတ်ထားသည့် စည်ပင်ခွန်၊ အိမ်ဆောက်လုပ်ခွင့်ပါမစ်ခွန်၊ အိမ်ရာအတွက် အမြတ်တော်ခွန်စသည့် ထမ်းဆောင်ရမည့်အခွန်များ မှန်မှန် ထမ်းဆောင်နေထိုင်ကြသူများဖြစ်ကြသလို တချို့မှာ မြေငှားဂရန်လျှောက်ထားပြီး ဂရန်အမည်ပေါက်ဖြင့် နေထိုင်သူများလည်း ရှိကြပါတယ်။


Power Point အသုံးပြုခွင့်ပြုရန် တောင်းခံအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အိမ်ရာမြေအဖြစ် လ/န (၃၉) ခွင့်ပြုထားတာကို ရပ်ကွက်နေပြည်သူများထံမှ တွေ့မြင်ရပါတယ်။ ဒါတွေကတော့ နှစ်(၃၀)မြေငှားဂရန်၊ နှစ်(၁၀)မြေငှားဂရန် စသည်ဖြင့် ဂရန်အမည်ပေါက် နေထိုင်နေကြတာကိုလည်း တွေ့မြင်ရပါတယ်။ ဒါတွေကတော့ စည်ပင်သာယာရေးအဖွဲ့ ပြေစာဖြတ်ပိုင်းများအနက် ပြည်တွင်းအခွန်ဦးစီးဌာနကို ပေးသွင်းတဲ့အခွန်ငွေများ၊ ပေးသွင်းတဲ့ဖြတ်ပိုင်းပြေစာများ ဖြစ်ကြပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းရပ်ကွက်နေပြည်သူများက တခြားနိုင်ငံမှ ဝင်ရောက်နေထိုင်ကြသူများမဟုတ်သလို ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်ခွင့် ဥပဒေနှင့်အညီ နိုင်ငံသားကတ် ကိုင်ဆောင်ထားတဲ့ နိုင်ငံသားစစ်စစ်များ ဖြစ်ကြပါတယ်။ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိတယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၀ မှာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြိတ်မြို့၊ ကလွင်နယ်မြေရှိ တက္ကသိုလ်ရပ်ကွက်နှင့် ပုလဲဒီပါရပ်ကွက်သည် လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)ခန့် ကတည်းက လ/န ၃၉ မြေများ၊ ဂရန်မြေများပေါ်တွင် လူနေတိုက်တာအိမ်ရာများနှင့်တကွ ကတ္တရာလမ်းများ၊ မြေသားလမ်းများတည်ရှိပြီး အိမ်ခြေ (၇၀၀)ခန့်နှင့် လူဦးရေ (၃၃၀၀)ခန့်တို့သည် တရားဝင်အခွန်အခများ ပေးဆောင်နေထိုင်ကြပါလျက်နှင့် နိုင်ငံတော်၏စီမံခန့်ခွဲမှုအောက်၌ ရပ်ရွာစည်ပင်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၏ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မှုမရှိခြင်း၊ ဘဏ္ဍာငွေလျာထားမှုမရှိခြင်းတို့ကြောင့် နေထိုင်သူပြည်သူများမှာ အခက်အခဲဒုက္ခများစွာ ကြုံတွေ့ခံစားနေရပါသဖြင့် မည်သည့်အချိန်တွင် နိုင်ငံတော်ဘဏ္ဍာဖြင့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ထည့်သွင်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား ရပ်ကွက်နေပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။

မြေစာရင်းပုံစံ – ၁၀၅ ပြပုံ (၁၁)




မြေစာရင်းပုံစံ – ၁၀၅ ပြပုံ (၁၁-၁)



မြေစာရင်းပုံစံ ၁၀၅

24 SEP 2003

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ မြိတ်မြို့မှ အိမ်/မြေ (စီမံချက်)အရ အခွန်ငွေများပေးသွင်းရန်ကိစ္စ စာပြပုံ (ခခ–၂)


ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး
မြိတ်မြို့

စာအမှတ်၊ ပတခ/မအခ/မမ/မခ-၁၂/၀၈ ( )
ရက် စွဲ၊ ၂၀၀၇ ခုနှစ်၊ လ( )ရက်

သို့

အကြောင်းအရာ ။ အိမ်/မြေ (စီမံချက်) အရ အခွန်ငွေများပေးသွင်းရန်ကိစ္စ။

ရည်ညွှန်းချက် ။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဦးစီးရုံးနှင့်သုတေသနဌာနခွဲ၏ (၂၁-၁၁-၂၀၀၈) နေ့ ရက်စွဲပါညွှန်ကြားလွှာအမှတ်၊ ၁၂/၂၀၀၈ (ဥစ)။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ လူကြီးမင်း၏ ---- အတွက် အိမ်/မြေ (စီမံချက်) အရ ပေးသွင်းရန်ကျန်ရှိသော အောက်ဖော်ပြပါ အခွန်ငွေများကို ( ) နေ့မတိုင်မီ ပေးသွင်းပါရန်အကြောင်းကြားပါသည်။

၂။ သတ်မှတ်ရက်အတွင်းပေးသွင်းရန်ပျက်ကွက်ပါက ကျန်ရှိသည့်အခွန်ငွေပမာဏအထိ ဒဏ်ငွေတပ်ရိုက်သွားမည်ဖြစ်ကြောင်းကြိုတင်အကြောင်းကြားပါသည်။

**ပေးသွင်းရမည့်အခွန်ငွေများ**

စည်းကြပ်မှုအဖွဲ့ဥက္ကဋ္ဌ
ပြည်တွင်းအခွန်များဦးစီးဌာန
မြိတ်မြို့

မိတ္တူ -
- ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြိတ်မြို့သို့ သိရှိနိုင်ရန်ပေးပို့အပ်ပါသည်။
- ဥက္ကဋ္ဌ၊ ---- ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြိတ်မြို့နယ်။
- ရုံးလက်ခံ။

**အချိန်၊ ၁၀:၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၂။**

**ဦးညီထွန်း (နေပြည်တော်ကောင်စီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်ပုဂ္ဂိုလ်များ အားလုံး မင်္ဂလာပါလို့ ပဏာမ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေ ၏ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ကလွင် နယ်မြေရှိ တက္ကသိုလ်ရပ်ကွက်နှင့် ပုလဲဒီပါရပ်ကွက်တို့တွင် နေထိုင်သောပြည်သူများသည် တရားဝင် အခွန်အခများ ပေးဆောင်နေကြသော်လည်း ရပ်ရွာစည်ပင်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၏ စီမံကိန်း

ရေးဆွဲအကောင်အထည်ဖော်မှုမရှိခြင်း၊ ဘဏ္ဍာငွေလျာထားမှုမရှိခြင်းတို့ကြောင့် အခက်အခဲ ဒုက္ခမျိုးစုံ ခံစားနေရပါသဖြင့် မည်သည့်အချိန်တွင် နိုင်ငံတော်ဘဏ္ဍာဖြင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ထည့်သွင်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့်ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အား ကျွန်တော် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မေးခွန်းနှင့်ပတ်သက်သော မြိတ်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ကလွင်နယ်မြေမှာ ရှိတဲ့အနေအထားသည် မြိတ်မြို့ပေါ် ရပ်ကွက်(၁၂)ရပ်ကွက်နှင့် ကျေးရွာ(၁၅)ရွာအား တနင်္သာရီတိုင်း ဒေသကြီး၊ စည်ပင်သာယာရေးဥပဒေများအရ စီမံခန့်ခွဲပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိသော နယ်မြေဖြစ်ပါတယ်။ မြိတ်မြို့၊ ကလွင်နယ်မြေရှိ တက္ကသိုလ် ရပ်ကွက်နှင့် ပုလဲဒီပါရပ်ကွက်တို့မှာ တနင်္သာရီတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ စီမံခန့်ခွဲရသော ကလွင်ကျေးရွာတွင်ပါဝင်သည့် ရပ်ကွက်များဖြစ်ပါတယ်။ မြိတ်မြို့ နယ်စည်ပင်သာယာရေးအဖွဲ့မှ နှစ်စဉ် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ရပ်ကွက်၊ ကျေးရွာများနဲ့ လမ်းတံတား၊ ရေပေးရေး အခြားလုပ်ငန်းများကို ခွဲဝေလျာထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တက္ကသိုလ် ရပ်ကွက်နှင့် ပုလဲဒီပါရပ်ကွက်များတွင် အေးရိပ်ချောင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အရှည် (၆၆၀)ပေ၊ အကျယ်(၁၈)ပေ၊ ထု(၄)လက်မခွဲလုပ်ငန်းအား ငွေကျပ် (၉.၅၆)သန်း ဖြင့်လည်းကောင်း၊ စပါးရွှေဝါလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အရှည် (၉၀၀)ပေ၊ အကျယ် (၁၈)ပေ၊ ထု (၄)လက်မခွဲ လုပ်ငန်းအား ငွေကျပ် (၁.၂၉)သန်း ဖြင့်လည်းကောင်း၊ ပုလဲဒီပါလမ်း မြေသားပြုပြင်ခြင်း အရှည် (၅၀၀)ပေ၊ အကျယ် (၁၈)ပေလုပ်ငန်းအား ငွေကျပ် (၀.၇၆)သန်းဖြင့်လည်းကောင်း၊ နတ်စင်လမ်း မြိတ်တက္ကသိုလ်ရှေ့ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ အရှည် (၁၁၀၀)ပေ၊ အကျယ်(၂၀)ပေလုပ်ငန်း အား ငွေကျပ်(၈.၄၅)သန်းဖြင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အေးရိပ်ချောင်လမ်း ကွန်ကရစ်ခင်းခြင်း အရှည် (၁၈၀၀)ပေ၊ အကျယ် (၁၈)ပေ၊ ထု(၆) လက်မလုပ်ငန်းအား ငွေကျပ် (၄၄.၂)သန်းဖြင့်လည်းကောင်း၊ စပါးရွှေဝါလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း အရှည်(၁၆၀၀)ပေ၊ အကျယ်(၁၈)ပေ၊ ထု(၃)လက်မလုပ်ငန်းအား ငွေကျပ် (၂၃.၃)သန်းဖြင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဇန္ဒုလလမ်း ကွန်ကရစ်ခင်းခြင်း အရှည် (၃၅၅၀)ပေ၊ အကျယ် (၁၈)ပေ၊ ထု(၈) လက်မရှိလုပ်ငန်းအား ငွေကျပ် (၂၀၈.၅၇)သန်းဖြင့်လည်းကောင်း၊ နတ်စင်လမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း အရှည် (၂၈၀၀)ပေ၊ အကျယ် (၁၂)ပေ၊ ထု(၉)လက်မလုပ်ငန်းအား ငွေကျပ် (၅၅)သန်းဖြင့် လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စပါးရွှေဝါလမ်း ကတ္တရာခင်းခြင်း အရှည် (၅၀၀) ပေ၊ အကျယ် (၁၈)ပေ၊ ထု(၉)လက်မလုပ်ငန်းအား ငွေကျပ် (၁၃.၈)သန်းဖြင့်လည်းကောင်း၊ တက္ကသိုလ်ရိပ်သာလမ်းသွယ်(၁) ကွန်ကရစ်ခင်းခြင်း အရှည်(၈၅၀)ပေ၊ အကျယ်(၁၆)ပေ၊ ထု(၆)

လက်မလုပ်ငန်းအား ငွေကျပ် (၃၇.၅)သန်းဖြင့် လည်းကောင်း၊ ဗန္ဓုလလမ်းဘေးတွင် Box Culvert (၃)စင်းပြုလုပ်ခြင်း အကျယ် (၂၄)ပေ၊ အလျား (၄)ပေ(၉)လက်မ၊ အနက်ထု (၃)ပေရှိသော လုပ်ငန်းအား ငွေကျပ် (၇.၈၉)သန်းဖြင့်လည်းကောင်း၊ ဗန္ဓုလလမ်းဘေးတွင် သံဟင်ဂလန်ဖြင့် Box Culvert အမှတ်(၁)ပြုလုပ်ခြင်း၊ အကျယ်(၃၀)ပေ၊ အလျား(၄)ပေ(၉)လက်မနှင့် အနက်ထု(၂)ပေ(၆)လက်မရှိသော လုပ်ငန်းအားငွေကျပ် (၄.၅၆)သန်းဖြင့်လည်းကောင်း၊ ဗန္ဓုလလမ်းဘေးတွင် သံဟင်ဂလန်ဖြင့် Box Culvert အမှတ်(၂)ပြုလုပ်ခြင်းအတွက် အကျယ်(၂၄)ပေ၊ အလျား(၄)ပေ(၃)လက်မနှင့် အနက်ထု(၂)ပေ(၆)လက်မရှိ လုပ်ငန်းအား ငွေကျပ် (၃.၃၄)သန်းဖြင့်လည်းကောင်း၊ စုစုပေါင်းလုပ်ငန်း (၇)ခုအား ငွေကျပ်စုစုပေါင်း (၆၇.၀၉)သန်းဖြင့် လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြိတ်ခရိုင်၊ မြိတ်မြို့၊ ကလွင်နယ်မြေရှိ တက္ကသိုလ်ရပ်ကွက်နှင့် ပုလဲဒီပါရပ်ကွက်တို့တွင်နေထိုင်သော ပြည်သူများ၏အကျိုးငှာ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အဆောက်အဦဟောင်းကို ပြန်လည်ပြုပြင် မွမ်းမံပေးရန်နှင့် RCC နှစ်ထပ်ကျောင်းဆောင်အသစ်တစ်ခုကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၈။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ

အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ပညာရေးအဆောက်အအုံကိစ္စနှင့် စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို လွန်ခဲ့သော ၁၉၅၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။ ကျောင်းတော်ကြီး၏ ပင်မအဆောက်အအုံမှာ အလျား(၃၉၀)ပေ၊ အနံ(၃၀)ပေ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ၁၉၅၉ ခုနှစ်တွင် ဆောက်လုပ်ခဲ့ကာ ယခုဆိုရင် သက်တမ်းအားဖြင့် (၆၁)နှစ်ရှိခဲ့ပြီဖြစ်၍ ကျောင်း၏ မြေညီထပ်သည် ဟောင်းနွမ်းပျက်စီးလျက်ရှိပါတယ်။ ပလက်ဝမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ဟောင်းနွမ်းကျောင်းဆောင်(၄)ဆောင်အပါအဝင် စုစုပေါင်းကျောင်းဆောင် (၆)ဆောင်ရှိပါတယ်။ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းသူ၊ ကျောင်းသားအင်အားမှာ(၁၉၉၀)ဦးကျော် ပညာသင်ကြား လျက်ရှိပါတယ်။ ဆရာ၊ ဆရာမအင်အားမှာ (၆၄)ဦးရှိပါတယ်။ ပင်မကျောင်းဆောင်အပါအဝင် မူလတန်းအဆင့် ကျောင်းဆောင်နှင့် KG ကျောင်းဆောင်တို့မှာ ဟောင်းနွမ်းပျက်စီးလျက်ရှိပါတယ်။

၎င်းကျောင်းဆောင်များကို အသစ်တည်ဆောက်ပေးခြင်း သို့မဟုတ် ပြုပြင်မွမ်းမံပေးခြင်း ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် အဆောက်အအုံ (၆)ခုရှိသော်လည်း လက်ရှိကျောင်းသားအင်အား များပြားလွန်းသည့်အတွက် စာသင်ခန်းများ လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါတယ်။ စာသင်ခန်းများလုံလောက်မှုမရှိတဲ့ မူလတန်းအဆင့် ကျောင်းသားများကို တစ်ရက်လျှင် အချိန်နှစ်သုတ်ခွဲပြီး စာသင်ကြားနေရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်သည် ဖွံ့ဖြိုး တိုးတက်မှုနှေးကွေးသောဒေသဖြစ်ပါ၍ ပညာရေးအခွင့်အလမ်းများနိမ့်ကျလျက်ရှိပါတယ်။ ဒေသခံ လူငယ်လူရွယ်များ ပညာရေးကို လုံခြုံစိတ်ချပျော်ရွှင်စွာဖြင့် သင်ကြားနိုင်ရေးအတွက် ကျောင်းဆောင် အဆောက်အအုံ လုံလောက်မှုရှိရန် အရေးတကြီးလိုအပ်နေပါတယ်။ ကျောင်းပိုင်မြေဧရိယာမှာ (၁၂.၀၉)ဧက ရှိပြီး အဆောက်အအုံသစ်ဆောက်လုပ်ရန် မြေနေရာလည်းအဆင်သင့်ရှိပါတယ်။ ချင်း ပြည်နယ်၊ ပလက်ဝမြို့သည် ဝေးလံခေါင်သီသည့်ဒေသဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာန အနေဖြင့်လည်း အထက်တင်ပြပါကိစ္စရပ်သည် ဒေသရဲ့အမှန်တကယ် လိုအပ်ချက်လည်းဖြစ်ပါ၍ ဆောင်ရွက်လျာထားပေးမည့် လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်အံ့ ဟူသော ဆောင်ပုဒ် နှင့်အညီ မဲဆန္ဒရှင်ပြည်သူများ၏ တောင်းဆိုချက်လည်းဖြစ်သည့်အတွက် သက်ဆိုင်ရာ ဝန်ကြီး

ဌာနက အထူးအလေးထားပြီး ဆောင်ရွက်ပေးစေချင်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့ အမှတ်(၁) အထက်တန်းကျောင်း အဆောက်အအုံဟောင်းကို ပြန်လည်ပြုပြင်မွမ်းမံပေးရန်နှင့် ကျောင်းသားဦးရေများပြားနေ၍ အလျား (၁၅၀)ပေ အနံ(၃၀)ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ်ကို ယခုလာမည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ပေါက်ပင်ကျေးရွာအုပ်စု၊ နဂါးတွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၁။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး ပညာပြည့်ဝနလုံးလှကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ပေါက်ပင်ကျေးရွာအုပ်စု၊ နဂါးကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ အဆင့်မြှင့်တင်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နဂါးကွင်းကျေးရွာဟာ ရေဝေရေလဲနေရာဖြစ်လို့ စိုက်ပျိုးရေးကို အဓိကထားပြီး အသက်မွေးကြတဲ့ ဖွံ့ဖြိုးတဲ့ရွာကြီးဖြစ်ပါတယ်။ အိမ်ခြေ (၇၃၉)လုံးရှိပြီး လူဦးရေ(၃၄၀၀)ကျော်ရှိပါတယ်။ ၁၉၅၃ ခုနှစ်မှာ စတင်ပြီးတော့ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်မှာ အလယ်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် စတင်အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုဆိုရင် ကျောင်းခွဲအနေနဲ့ (၂၆)နှစ်ရှိနေပြီဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းရဲ့လက်ရှိအခြေအနေဟာ မြေဧရိယာ (၃.၀၅) ဧကကျယ်ဝန်းပြီး ဝန်ထမ်းအိမ်ရာအပါအဝင် ဟောခန်းမကြီးနဲ့ စာသင်ကျောင်းဆောင် စုစုပေါင်း

(၈)ဆောင်ရှိပါတယ်။ ကျောင်းသားဦးရေဟာ ၂၀၁၉-၂၀၂၀ ခုနှစ် ပညာသင်နှစ်မှာ (၇၉၃)ဦးရှိပြီး အခြေခံပညာအထက်တန်းကျောင်းသား(၁၃၂)ဦးရှိပါတယ်။ ဆရာ၊ ဆရာမများလည်း ပြည့်စုံကြပါတယ်။ ကျောင်းဝန်ထမ်း(၃၄)ဦးရှိပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နဂါးကွင်းကျေးရွာရဲ့ ပတ်ဝန်းကျင်မှာ ကျေးရွာ(၁၂)ရွာရှိပါတယ်။ အဲဒီ(၁၂)ရွာက ကျောင်းသူ၊ ကျောင်းသားများအားလုံး တို့ဟာ နဂါးကွင်းကျေးရွာ ကျောင်းမှာတက်ကြရပါတယ်။ ပင်မဆောင်ဖြစ်တဲ့ အခြေခံပညာအထက် တန်းကျောင်းဟာ မုံရွေးကြေးမုံရွာမှာ တည်ရှိပါတယ်။ မုံရွာ-မုံရွေး၊ မုံရွာ-မန္တလေး လမ်းမကြီးရဲ့ အရှေ့ဘက်အခြမ်းမှာရှိပြီးတော့ ယခု နဂါးကွင်းကျေးရွာကတော့ လမ်းမကြီးရဲ့ အနောက်ဘက်ခြမ်း (၆)မိုင် ဝေးပါတယ်။ ကျောင်းသား၊ ကျောင်းသူများ သွားလာဖို့ရာခရီးဝေး ကွာတာ၊ ယာဉ်အန္တရာယ် များပြားတာ၊ မိုးရွာလျှင်လမ်းမကောင်းတာ စသည့်အခက်အခဲများရှိနေကြလို့ မိဘများ စိတ်မအေး ကြရပါဘူး။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နဂါးကွင်းကျေးရွာဟာ စိုက်ပျိုးရေးနဲ့အသက်မွေးကြတဲ့ ကျေးရွာသူ၊ ကျေးရွာသားများဖြစ်ပါတယ်။ စိုက်ပျိုးရေးဆိုတဲ့နေရာမှာ တောင်သူလယ်သမားများ အပြင် တစ်ရွာလုံးနီးနီး ပန်းအလှစိုက်ပျိုးပင်များ စိုက်ပျိုးတာနဲ့ အသီးအရွက်များစိုက်ပျိုးတာ များပြားကြပါတယ်။ မုံရွာမြို့ မနက်ခင်းသံလမ်းဈေးကို အချိန်မီလာရောက်ပြီးတော့ ရောင်းချရတဲ့ ဖွံ့ဖြိုးတဲ့ရွာကြီးလည်းဖြစ်ပါတယ်။ အဲဒါကြောင့် စီးပွားရေးဖွံ့ဖြိုးပြီးတော့ ပညာရေးအတွက် အခြေခံပညာအထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်နိုင်ဖို့ တစ်ရွာလုံးတစ်နယ်လုံး ဝမ်းသာအားရစွာ လိုလားကြသည့်အတွက် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုမယ်လို့ ယုံကြည်ပြီးတော့ ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဆလဲင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် RC နှစ်ထပ်ကျောင်းဆောင်အသစ်ကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဆလဲင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဟာ ဟောင်းနွမ်းပျက်စီးနေသည့်အပြင် ကျောင်းသူ၊ ကျောင်းသားများပြားပြီး စာသင်ခန်းလုံလောက်မှု လုံးဝမရှိတဲ့အတွက် (၁၄၀ x ၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဆလဲင်းကျေးရွာဟာ ထန်တလန်မြို့မှ (၂၇)မိုင်အကွာတွင်တည်ရှိပါတယ်။ လူနေအိမ်ခြေ (၁၇၄)အိမ်၊ လူဦးရေ(၈၆၇)ဦး ရှိပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် သူငယ်တန်းမှ နဝမတန်းအထိ ကျောင်းသား၊ ကျောင်းသူ(၂၄၆)ဦး ရှိပါတယ်။ ပင်မထန်တလန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ (၂၇)မိုင်ဝေးကွာပါတယ်။ ဒါကြောင့် ၂၀၂၀-၂၀၂၁ စာသင်နှစ်မှာ (၁၀)တန်း ကျောင်းသူ၊ ကျောင်းသား များကို ဤကျောင်းမှာပဲ တက်ရောက်ကြဖို့ စီစဉ်ထားပါတယ်။ လက်ရှိဆလဲင်းကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)အဆောင်(၁) (၉၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ ကျောင်း ဆောင်ဟောင်းဟာ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန ထောက်ပံ့ငွေကျပ်သိန်း(၆၀)ဖြင့် ဆောက်လုပ်ခဲ့ပါတယ်။ စာသင်ဆောင်(၂) (၆၀ x ၂၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဟာ လူထုလုပ် အားဖြင့်လည်းကောင်း၊ အဆောင်(၃) (၁၂၀ x ၃၀)ပေ အုတ်ညှပ်ကတော့ ပညာရေးဝန်ကြီးဌာန ထောက်ပံ့ငွေကျပ် (၅၆၇)သိန်းဖြင့် ဆောက်လုပ်ခဲ့ရာ အဆောင်(၂)တွင် အခန်း(၃)ခန်း၊ အဆောင် (၃)တွင် (၅)ခန်း၊ ပေါင်း(၈)ခန်းရှိတဲ့အနက် ကျောင်းအုပ်စာကြည့်ခန်း(၁)ခန်း၊ ဆရာ၊ ဆရာမများ Teacher Room အဖြစ်(၁)ခန်း၊ စုစုပေါင်း(၂)ခန်းသုံးနေကြတဲ့အတွက် အခန်းလုံလောက်မှု မရှိပါ။

အမှတ်(၁)စာသင်ဆောင်လည်း နှစ်ပေါင်း(၂၀)ကျော် ကြာမြင့်နေပြီဖြစ်တဲ့အတွက် တိုင်များ၊ ကြမ်းခင်းများ၊ ပြတင်းပေါက်များ ဆွေးမြည့်ယိုယွင်းနေတာကို ၉-၁၂-၂၀၁၄ ရက်နေ့ မိမိကိုယ်တိုင်တာဝန်ရှိပညာရေးဝန်ထမ်းများနဲ့ သွားရောက်တဲ့အခါမှာ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မြေပြင်ပကတိအခြေအနေအရ မြင်တွေ့ရတဲ့အတိုင်း အရှေ့မျက်နှာစာဖြစ်သွားတယ်။ အဲဒီလိုပဲ ကျောင်းဆောင်က ဟောင်းနွမ်းနေပြီး ပြတင်းပေါက်တွေ၊ နံရံတွေ၊ ကြမ်းခင်းတွေ ပျက်စီးယိုယွင်းနေတာကို တွေ့ရှိရပါတယ်။ ဒါက အနောက်ဘက်ကမြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတောင်ဘက်က မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကမြောက်ဘက်ကမြင်ရတဲ့ပုံဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အဲဒါကြောင့် ပုံတွင်မြင်တွေ့ရတဲ့အတိုင်း ဤကျောင်းဆောင်ဟာ ဥပမိရုပ်မကောင်းတဲ့ ယိုယွင်းပျက်စီးနေတဲ့အပြင် ကျောင်းသူ၊ ကျောင်းသားများ များပြားပြီး လက်ရှိအခန်းဖြင့် လုံးဝလုံလောက်မှုမရှိတဲ့အတွက် ၎င်းအားဖျက်သိမ်းပြီး အတိုင်းအတာ(၁၄၀ x ၃၀)ပေ RC နှစ်ထပ်ဆောင်

အဖြစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရေးအတွက် ဆောက်လုပ်ရေးရန်ပုံငွေ ခွဲဝေလျာထားပေးရန်အစီအစဉ်ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အလေးအနက် စဉ်းစား ပေးရန် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။


ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဆလဲင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အရှေ့ဘက် မှ မြင်ကွင်းပုံ (၈၈)



ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဆလဲင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အနောက်ဘက် မှ မြင်ကွင်းပုံ (၈၈-၁)



ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဆလဲင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တောင်ဘက်မှ မြင်ကွင်းပုံ (၈၈-၂)



**ကိုယ်ပိုင်ကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ စနစ်တကျ၊ စည်းကမ်းတကျရှိကြောင်း သက်ဆိုင်ရာအဆင့်ဆင့်မှ မည်သို့ ကြီးကြပ်တင်ပြကာ မည်သို့ သဘောထားမှတ်ချက် အကြောင်းကြားထားကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၈။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကိုယ်ပိုင်ကျောင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ စနစ်တကျ၊ စည်းကမ်းတကျရှိကြောင်း၊ သက်ဆိုင်ရာအဆင့်ဆင့်မှ မည်သို့ ကြီးကြပ်တင်ပြကာ မည်သို့ သဘောထားမှတ်ချက်ဖြင့် ပြန်လည် အကြောင်းပြန်ကြားထားကြောင်း သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းနေအရွယ် ကလေးသူငယ်နှင့်လူငယ် အားလုံး ပညာသင်ခွင့်ရရှိရေး၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည် ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေးစတဲ့ အခြေခံမူများ အမျိုးသားပညာရေးဥပဒေမှာ ပါရှိတာတွေ့ရှိရပါတယ်။ ၂၀၁၂ ခုနှစ်မှာ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ခွင့်ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းခဲ့ရာ အဆိုပါဥပဒေအရ ယခုအခါမှာ ပုဂ္ဂလိကတည်ထောင်ဖွင့်လှစ်တဲ့ အခြေခံပညာကျောင်းပေါင်း(၁၀၀၀)ကျော်နဲ့ တက်ရောက် ပညာသင်ယူသူ ကျောင်းသား၊ ကျောင်းသူပေါင်း (၂၃၀၀၀၀)ဦး နီးပါးရှိပြီးတော့ ပုဂ္ဂလိကကျောင်း ဆရာ၊ ဆရာမဦးရေ (၁၃၀၀၀)ဦး နီးပါးရှိပြီး ဖြစ်ပါတယ်။

နှစ်စဉ် ကျောင်းပေါင်း(၁၅၀)ဝန်းကျင် အသစ်ထပ်မံတိုးပွားနေရာ ပုဂ္ဂလိကကျောင်း တိုးတက်မှုနှုန်းမြင့်မားလျက်ရှိပါတယ်။ ကိုယ်ပိုင်ကျောင်းများ၏ စီမံခန့်ခွဲမှုနှင့် ကိုယ်ပိုင်ကျောင်း ဆရာ၊ ဆရာမတို့၏ သင်ကြားလေ့ကျင့်မှုတို့အား တိကျရေးနှင့်စပ်လျဉ်း၍ လိုအပ်သလိုလမ်းညွှန်၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ထပ်ဆောင်းသင်ခန်းစာများအတွက် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန် ပေးအပ်ရန်ဟူ၍ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ ပုဒ်မ ၃၊ အပိုဒ်ခွဲ(ခ)(ဂ)တို့မှာ ဖော်ပြထား ပါတယ်။ ရမှတ်ဗဟိုပြုပညာရေးစနစ်မှ ရလဒ်ဗဟိုပြုပညာရေးစနစ်သို့ ပြောင်းလဲကာ ဆန်းသစ် ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆန်းသစ်တီထွင်နိုင်မှုရှိခြင်း၊ ဆက် သွယ်ပြောဆိုဆက်ဆံခြင်း၊ နိုင်ငံ့သားကောင်းစိတ်ဓာတ်ရှိခြင်းလို့ခေါ်တဲ့ ၂၁ ရာစုကျွမ်းကျင်မှုများ ရရှိစေမယ့် တက်ကြွတဲ့သင်ယူလေ့ကျင့်မှုဖြစ်တယ်ဆိုတဲ့ရည်ရွယ်ချက်များ ဆရာနှင့်ကျောင်းသားများ အကြားတွင်လည်းကောင်း၊ ဆရာအချင်းချင်းကြားတွင်လည်းကောင်း အပြုသဘောဆောင် တုံ့ပြန် အကြံပြုချက် Feedback များပေးရမယ်ဆိုတဲ့ လုပ်ငန်းလမ်းညွှန်ချက်များ လိုက်နာဆောင်ရွက်မှု ရှိ/မရှိ ကြီးကြပ်စစ်ဆေးရေးအဖွဲ့များက စစ်ဆေးတဲ့ Check list များလည်း သတ်သတ်မှတ်မှတ် ရှိရမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်ကျောင်းများရဲ့ စာသင်ကြားမှု၊ နေထိုင်စားသောက်မှု၊ ကျန်းမာအားကစားမှု စသည်တို့ ရုပ်ပိုင်းဆိုင်ရာကိုသာ ကြီးကြပ်စစ်ဆေးဖို့မဟုတ်ဘဲ ကျောင်းသားများ၏ သင်ယူမှု လုပ်ငန်းနဲ့ ၎င်းတို့ပါဝင်ဆောင်ရွက်ခြင်းအပေါ် ကောင်းသောအကျိုးသက်ရောက်မှုရရှိပြီး ၎င်းတို့ အပြင် သင်ယူလိုစိတ်များ ဆင့်ကာဆက်ကာ ဖြစ်နေစေရန် လှုံ့ဆော်ပေးမှုအခြေအနေများကိုလည်း Standard စံနှုန်းတစ်ခုအသုံးပြုကာ တိုင်းတာကြီးကြပ်ရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေပုဒ်မ ၅၊ ၆တို့အရ ကြီးကြပ်စစ်ဆေးတွေ့ရှိချက်များကို သက်ဆိုင်ရာအဆင့်ဆင့်မှ သဘော ထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့တင်ပြရပြီး ဝန်ကြီးဌာနမှသဘောထားမှတ်ချက်ပေးကာ ပြန်လည် အကြောင်းပြန်ကြားရမယ်လို့ ပါရှိပါတယ်။ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ၊ ကိုယ်ပိုင်ကျောင်းတက် ကျောင်းသား၊ ကျောင်းသူများ၊ ကိုယ်ပိုင်ကျောင်း ဆရာ၊ ဆရာမများသည် နှစ်စဉ်အရှိန်အဟုန်မြင့်

တိုးပွားနေရာ ပညာရေးရည်မှန်းချက်များအောင်မြင်ပေါက်မြောက်ရေးအတွက် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နေပြီဖြစ်ပါတယ်။

အထက်ပါ စစ်ဆေးကြီးကြပ်တင်ပြချက်များအပေါ် ဝန်ကြီးဌာနမှ သဘောထားမှတ်ချက်ဖြင့် အသိအမှတ်ပြုအကြောင်းပြန်ကြားစေလိုသော လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းဖြင့်သာ တစ်နိုင်ငံလုံးရှိ ကိုယ်ပိုင်ကျောင်းများက accredited စံမီသောအရည်အသွေးမြင့်ကျောင်း ဖြစ်တယ်ဆိုတာ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်မည်ယုံကြည်၍ ဤမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း (RTC)ကျောင်း မြေနေရာကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပြီး (၆၀x၃၀)ပေ RC တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၂။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ်တို့မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း (RTC)ကျောင်း မြေနေရာကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးဌာနမှ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပြီး (၆၀ x ၃၀)ပေ RC တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်တဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏မဲဆန္ဒနယ်မြေဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်ကျေးရွာ၊ (ကလသဖ)ကျေးရွာ စိန်ကန့်လန့် အခြေခံပညာမူလတန်းကျောင်း (RTC)ကို မိဘပြည်သူများက ဆောက်လုပ်ခဲ့ပြီး ၂၈-၂-၁၉၈၂ ရက်နေ့မှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒီကျောင်းဟာ ပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးဝန်ကြီးဌာန

ကုန်းလမ်းပို့ဆောင်ရေးဌာန၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲပိုင် မြေပေါ်မှာရှိပြီး ဝန်ထမ်းတွေရဲ့ သားသမီးတွေနဲ့ အနီးပတ်ဝန်းကျင်က ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးဌာနခွဲကို တည်ဆောက်ပြီးလို့ရှိရင် ကျွန်တော်တို့ ဆယ်စုနှစ်တစ်စု လောက်ကြာတဲ့အခါမှာ ဒီကျောင်းကို ကျွန်တော်တို့ ဆောက်လုပ်ခဲ့တဲ့အတွက်ကြောင့် အခုအခါမှာ ဒီကျောင်းလေးဟာ နှစ်ပေါင်း(၄၀)နီးပါးရှိနေပါပြီ။ ဒါကြောင့်မို့လို့ ဒီကျောင်းအိုလေးဟာ ယခုချိန်မှာ ပျက်စီးယိုယွင်းနေတဲ့အတွက်ကြောင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားတဲ့အခါမှာ ကျွန်တော်တို့ အန္တရာယ်များရှိလို့လာပါပြီ။ ဒီကျောင်းကို ကျွန်တော်တို့ ၁၈-၃-၁၉၆၈ ရက်နေ့မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲအဖြစ် စတင်တည်ထောင်ခဲ့တဲ့ အချိန်မှာ (၁၈.၇)ဧက ကို (ကလသဖ) ကျေးရွာအဖြစ် ပြည်ထဲရေးအမည်ပေါက်ပေးခဲ့သော်လည်းပဲ အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့တဲ့ တာဝန်ခံ ဌာနမှူးတွေကနေပြီးတော့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲပိုင်မြေထဲကို သွတ်သွင်းခဲ့တဲ့အတွက်ကြောင့် (ကလသဖ) ကျေးရွာပိုင် ဒီကျောင်းလေးဟာ ကုန်းလမ်းပို့ဆောင်ရေးဌာန၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲပိုင်မြေ (၃၆.၀၅)ဧကထဲကိုရောက်ရှိလို့သွားပါတယ်။

ဒါကြောင့်မိုလို့ ဒီကျောင်းလေးကို ကျွန်တော်တို့ ပြင်ဆင်ဖို့အတွက် ဆရာ၊ ဆရာမတွေက ပညာရေးဌာနကို တင်ပြခဲ့သော်လည်းပဲ မြေယာပိုင်ဆိုင်မှုပုံစံမပြနိုင်တဲ့အတွက်ကြောင့် ပြင်ဆင်ပေးနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်မိုလို့ ဒီကျောင်းလေးနဲ့ပဲ ဆက်လက်ပြီး ပညာသင်ကြားခဲ့ရပါတယ်။ သို့သော်လည်းပဲ ဒီကျောင်းမြေနေရာ (၁၈.၇)ဧက၊ ဒီမြေနေရာက ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးဌာန၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲပိုင် အသုံးမပြုတဲ့မြေဖြစ်ပါတယ်။ ဒါကြောင့် ဒီမြေအား ကျောင်းကို ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မြေပုံစံ၊ မြေယာပိုင်ဆိုင်မှုပုံစံရရှိမှာဖြစ်ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးဌာန၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ပြည်) ရှေ့တန်းစခန်း (မင်းလှ)ရဲ့ လက်ဆက်ကျေးရွာအုပ်စုပိုင် (ကလသဖ)ကျေးရွာ၊ စိန်ကန့်လန့်အခြေခံပညာမူလတန်းကျောင်း တည်နေရာဆိုလို့ရှိရင် ကျွန်တော်တို့ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲပိုင် မြေမဖြစ်ပေမယ့်လည်းပဲ ပညာရေးဌာနက ကျောင်းဆောင်သစ်ဆောက်လုပ်မယ်ဆိုလို့ရှိရင် တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါကြောင်းနဲ့ သဘောတူပါကြောင်းတို့ကို လက်ထောက်မန်နေဂျာဖြစ်တဲ့ ဦးစိုင်းဝင်းကျော် ကနေ ၉-၉-၂၀၁၉ ရက်နေ့မှာ လက်မှတ်ထိုးပြီး ထောက်ခံတင်ပြထားပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ဒါတွေကတော့ ကျွန်တော်တို့ သွားရောက်ကြည့်ရှုတဲ့အခါမှာ ဒီကျောင်းလေးရဲ့ ပျက်စီးယိုယွင်းနေတဲ့ပုံဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်အခြေခံပညာမူလတန်းကျောင်း RTC ကျောင်းမြေနေရာကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး

ဌာနကနေပြီး ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနသို့ လွှဲပြောင်းပေးပြီး (၆၀ x ၃၀)ပေရှိတဲ့ RC တစ်ထပ်ကျောင်းဆောင်ကို ဆောက်လုပ်ပေးဖို့ ကျေးရွာသူ၊ ကျေးရွာသား၊ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


စိန်ကန့်လန့် အ.မ.က (RTC) မူလတန်းကျောင်း ပြပုံ (ဃဃ)



စိန်ကန့်လန့် အ.မ.က (RTC) မူလတန်းကျောင်း ပြပုံ (ဃဃ-၁)




စိန်ကန့်လန့် အ.မ.က (RTC) မူလတန်းကျောင်း ပြပုံ (ဃဃ-၂)



**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ကျေးနီ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင် မေးမြန်း ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၆။**

**ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ နယ်နဲ့ သာယာဝတီမြို့နယ်များကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင် ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ကွမ်းခြံကျေးရွာအုပ်စု၊ ကျေးနီ ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ မူလက အလယ်တန်းကျောင်းဖြစ်ပြီးတော့ အထက်တန်းကျောင်းခွဲအဖြစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ နဝမတန်းကျောင်းသား၊ ကျောင်းသူ (၅၁)ဦးနဲ့ စတင်ဖွင့်လှစ်ပြီးတော့ အထက်တန်းကျောင်း(ခွဲ)အဖြစ် ပညာသင်ကြားခဲ့ပါတယ်။ လက်ရှိ ဒသမတန်းအထိ ဖွင့်လှစ်ပညာသင်ကြားပေးနေပြီးတော့ ကျောင်းသား၊ ကျောင်းသူ ဦးရေစုစုပေါင်း (၇၉၀)ဦးရှိပါတယ်။ နဝမတန်းကျောင်းသား၊ ကျောင်းသူ(၁၁၆)ဦး၊ ဒသမတန်းကျောင်းသား၊ ကျောင်းသူ (၈၇)ဦးရှိပြီး အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၂၀၃)ဦး ပညာ သင်ကြားနေပါတယ်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဒသမတန်းကျောင်းသား၊ ကျောင်းသူ(၄၃)ဦး ဖြေဆို ပြီးတော့ (၁၅)ဦးအောင်မြင်တဲ့အတွက် (၃၄.၈၁)ရာခိုင်နှုန်းအောင်မြင်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာ သင်နှစ်မှာ ဒသမတန်းကျောင်းသား၊ ကျောင်းသူ (၆၆)ဦး ဖြေဆိုပြီး (၁၈)ဦးသာ အောင်မြင်ခဲ့တဲ့ အတွက် (၂၇.၂၇)ရာခိုင်နှုန်းသာ အောင်မြင်ခဲ့ပါတယ်။ ဒီလိုဖြစ်ရခြင်းဟာ သင်ကြားရေးအပိုင်းမှာ အထက်တန်းပြ ဆရာ၊ ဆရာမ အင်အား၊ အထက်တန်းကျောင်း ဖွဲ့စည်းပုံအဆင့် မရရှိသေးတဲ့ အတွက် အောင်ချက်ရာခိုင်နှုန်း နည်းရခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကျေးနီအထက်တန်း ကျောင်း(ခွဲ)ကို အနီးအနားမှာရှိတဲ့ ငကြီးအင်၊ သစ်ရောင်းပြင်၊ သရက်ချောင်း၊ ကျေးနီ၊ မာလကာကုန်း၊ သဲကုန်း၊ မင်းစု၊ ကိုင်းတောစု၊ ကွမ်းခြံ စတဲ့ ကျေးရွာများက ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။

ကျေးနီအထက်တန်းကျောင်း(ခွဲ)နဲ့ အနီးဆုံးဖြစ်တဲ့ အထက်တန်းကျောင်းမြို့မ လက်ပံတန်းဟာ (၃)မိုင်ကွာဝေးပြီးတော့ ကျန်တဲ့ အထက်တန်းကျောင်း(၁)၊ အထက်တန်းကျောင်း(၂)တို့နဲ့ဆိုရင် (၅)မိုင်လောက်ကွာဝေးပါတယ်။ မိုးရာသီမှာဆိုရင် ဒီကျေးရွာတွေကနေပြီး လက်ပံတန်းမြို့ပေါ်မှာရှိတဲ့ အထက်တန်းကျောင်း(၁)(၂)(၃)ကျောင်းတွေကို သွားတက်ဖို့ ရန်ကုန် - ပြည် ကားလမ်းမကြီးကို အသုံးပြုသွားလာရတဲ့အတွက် အသက်အန္တရာယ်လွန်စွာမှ စိုးရိမ်ရပါတယ်။ နောက် ရွှံ့၊ နွံ့နဲ့ ချောင်းတွေကို ဖြတ်သန်းပြီး သွားရောက်တက်ရသောကြောင့် လွန်စွာ ဒုက္ခရောက်ကြရပါတယ်။ ကျေးနီအထက်တန်းကျောင်း(ခွဲ)အနေနဲ့ ကျောင်းအဆောက်အအုံနဲ့ ပရိဘောဂပြည့်စုံခြင်း၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကျောင်းသားမိဘများကိုယ်တိုင် စိတ်ပါဝင်စားစွာ ကူညီဆောင်ရွက်ပေးတယ်။ မြို့နဲ့အလှမ်းကွာပြီး လမ်းအန္တရာယ်စိုးရိမ်ရတဲ့အတွက် ကျေးနီကျေးရွာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ်လာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စက်ရုံစုရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၏ ကျောင်းဝင်းခြံပတ်လည်အား အုတ်တံတိုင်း ကာရံပေးရန် သို့မဟုတ် လုံခြုံခိုင်မာသော ခြံစည်းရိုးတစ်မျိုးမျိုး ကာရံပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၈။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတာကတော့ စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အထက်တန်းကျောင်း(ခွဲ) ခြံဝန်းပတ်ပတ်လည်ကို အုတ်တံတိုင်းကာရံပေးရန် သို့မဟုတ် ခိုင်မာလုံခြုံသော ခြံစည်းရိုး တစ်မျိုးမျိုး ကာရံပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်ရှိ အစိုးရအထက်တန်းကျောင်း(ခွဲ)မှာ မူလက ၁၉၅၀ ခုနှစ်တွင် အစိုးရမူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် အလယ်တန်းကျောင်းအဖြစ် တိုးမြှင့် ဖွင့်လှစ်ခဲ့ပါတယ်။ ထို့နောက် (၅၉)နှစ်အကြာ ၂၀၁၁ ခုနှစ်တွင် အထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့် ဖွင့်လှစ်ပေးခဲ့ရာ ယခု အခါ အ.ထ.က (ခွဲ)ဖြစ်

လာသည်မှာ (၉)နှစ် ရှိလာပြီဖြစ်ပြီး (Grade G-10)ကျောင်းသူ၊ ကျောင်းသား (၁၆၀)ဦး၊ (Grade G-11) ကျောင်းသူ၊ ကျောင်းသား(၁၁၇)ဦး တက်ရောက်သင်ကြားလျက်ရှိပါတယ်။

ကျောင်းရှိ ကျောင်းသူ၊ ကျောင်းသား အရေအတွက်မှာ မူလတန်းတွင်(၅၁၃)ဦး၊ အလယ်တန်းတွင်(၃၉၅)ဦး၊ အထက်တန်းတွင် (၂၇၇)ဦး၊ စုစုပေါင်း (၁၁၈၅)ဦးရှိပါတယ်။ ဆရာ၊ ဆရာမဦးရေမှာ အထက်တန်းပြ (၉)ဦး၊ အလယ်တန်းပြ(၃၄)ဦး၊ မူလတန်းပြ(၁၀)ဦး ဆရာမကြီး အပါအဝင် စုစုပေါင်း (၅၄)ဦးရှိပါတယ်။ ကျောင်းဝန်းခြံ၏ အလျားမှာ (၂၈၄)ပေ ရှိပြီး အနံမှာ (၂၂၀)ပေ ရှိပါတယ်။ ကျောင်းဝန်းခြံထဲတွင် ကျောင်းဆောင် (၄)ခု ရှိပြီး စာသင်ခန်း (၂၃)ခန်းရှိပါတယ်။ ကျောင်း၏ တည်နေရာသည် မြို့၏ အစွန်ပိုင်းတွင်ကျရောက်လျက်ရှိပြီး လေးဖက်လေးတန်တွင် ကျူးကျော်တဲ အိမ်များ ရှိနေပါတယ်။ စက်ရုံစု အ.ထ.က (ခွဲ) ကျောင်း၌ တက္ကသိုလ်ဝင်တန်းအစိုးရ စာစစ်ဌာန ဖွင့်လှစ်ထားရှိပြီး (၁၀)တန်း စာမေးပွဲဖြေဆိုခဲ့သည်မှာလည်း နှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် လုံခြုံမှုအမှန်တကယ် လိုအပ်နေသော ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်ကလည်း ကျူးကျော်တဲအိမ်များ မပြည့်နှက်ခင် ခြံစည်းရိုး သတ်သတ်မှတ်မှတ် ကာရံပေးရန် ရခိုင်ပြည်နယ်အစိုးရမှ ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း တွေ့ရပါတယ်။ သို့သော် ယနေ့အထိ ခြံစည်းရိုး လုံလုံခြုံခြုံ ကာရံထားခြင်းမရှိခဲ့ပါ။ ယခု ကျောင်းဝင်း ခြံစည်းရိုးမှာ ခိုင်ခိုင်မာမာ မရှိပဲ တချို့ ဝါးထရံကွင်းဖြင့် ကာရံထားခြင်း၊ တချို့ သံဇကာ အဟောင်းများဖြင့် ကာရံထားခြင်း၊ သံဆူးကြိုးများဖြင့် သာမန် ကာရံထားခြင်းများ ရှိနေပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျောင်း(၁)ထပ်ဆောင်ပါ။ ကျောင်းရှေ့ဝင်းပါ။ ဒါကတော့ ကျောင်းဝင်းနှင့်ဘေးကနံရံလေးပါ။ ဝါးနှင့် သံဇကာတွေ ဖြစ်သလိုကာထားပါတယ်။ ကျောင်းဝင်းနှင့် ခြံဝင်းလည်းသိပ်ကပ်နေပါတယ်။ ဒါလည်း ဒီလိုပါပဲ ကျောင်းဝင်းနှင့် ခြံစည်းရိုးတွေ ကာထားတာမလုံမလဲပါဘဲ။ ကျောင်းဆောင်နှင့်လည်း ကပ်နေပါတယ်။ ကျောင်းခြံစည်းရိုးကို ဝါးထရံနှင့် သံဆူးကြိုးအဟောင်းတွေနဲ့ ကာထားတာပါ။ ကျောင်းအနောက်ဘက်ပါ။ ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။

ဒါကြောင့် ဒီကျောင်း၏ လုံခြုံရေးအတွက် အထူးလိုအပ်နေသဖြင့် ကျောင်းဝင်းခြံပတ်ပတ်လည်ကို အုတ်တံတိုင်းဖြင့်ကာရံခြင်း သို့မဟုတ် လုံခြုံခိုင်မာသော ခြံစည်းရိုး တစ်မျိုးမျိုး ကာရံပေးရန် ၂၀၁၉-၂၀၂၀ ယခုနှစ်ဝက် ဖြည့်စွက်ဘဏ္ဍာငွေမှ ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ သို့မဟုတ် နောင်နှစ်ဘဏ္ဍာငွေမှ  ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျောင်းဝင်းဘေးနံရံအား ဝါးနှင့် သံဇကာဖြင့် ကာရံထားသည့် မြင်ကွင်းပုံ (ငင)



ကျောင်းဝင်းဘေးနံရံအား ဝါးနှင့် သံဇကာဖြင့် ကာရံထားသည့် မြင်ကွင်းပုံ (ငင-၁)



ကျောင်းဝင်းဘေးနံရံအား ဝါးနှင့် သံဇကာဖြင့် ကာရံထားသည့် မြင်ကွင်းပုံ (၄၄-၂)



**အချိန်၊ ၁၁:ဝ၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁:ဝ၃။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းပို့သအပ် ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ မေးခွန်းများကို ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း ရဲ့ မေးခွန်းအပေါ် Power Point အသုံးပြုပြန်လည် ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနှင့် ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေဖြင့် ကျောင်းသား ဦးရေတိုးလာတဲ့အတွက် စာသင်ဆောင်(၃)ဆောင်၊ အန္တရာယ်ရှိအဆောင်(၃)ဆောင်၊ ဝန်ထမ်းအိမ်ရာ (၅)ဆောင်၊ စုစုပေါင်း အဆောက်အအုံ (၁၁)ခုအတွက် ငွေကျပ်(၁၂၄၅.၁၂)သန်း ခွဲဝေပြီးတော့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပလက်ဝမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် (၃၉၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာနှစ်ထပ်ဆောင်(၁)ဆောင်၊ (၆၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာတစ်ထပ်ဆောင် (၁)ဆောင်၊ (၆၀ x ၂၄) ပေ သွပ်မိုး၊ ပျဉ်ကာတစ်ထပ်(၁)ဆောင်၊ (၁၇၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင်၊ (၁၄၀ x ၃၀)ပေ သွပ်မိုး၊ အုပ်ညှပ် နှစ်ထပ်ဆောင် (၁)ဆောင်၊ (၁၂၀ X ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင်၊ (၆၀ x ၃၀)ပေ သွပ်မိုး Steel Structure တစ်ထပ်ဆောင် (၁)ဆောင်၊ စုစုပေါင်းကျောင်းဆောင် (၇)ဆောင်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူအနေနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၅၂၅)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၇၃၈)ဦး၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၇၂၇)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၁၉၉၀)ဦး ပညာသင်ယူလျက်ရှိပါတယ်။ ပလက်ဝ အခြေခံပညာအထက်တန်းကျောင်း ဖြစ်ပါတယ်။ (၃၉၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်ဆောင် ဖြစ်ပါတယ်။ (၆၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင် ဖြစ်ပါတယ်။ (၆၀ x ၂၄)ပေ သွပ်မိုး၊ ပျဉ်ကာတစ်ထပ်ဆောင် ဖြစ်ပါတယ်။ (၁၇၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် ဖြစ်ပါတယ်။ (၁၄၀ x ၃၀)ပေ သွပ်မိုး အုပ်ညှပ် နှစ်ထပ်ဆောင် ဖြစ်ပါတယ်။ (၁၂၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင် ဖြစ်ပါတယ်။ (၆၀ x ၃၀)ပေ Steel Structure တစ်ထပ်ဆောင် ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနှင့် ပလက်ဝမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှာရှိတဲ့ (၃၉၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်ဆောင် (၁)ဆောင်အား ပြင်ဆင်နိုင်ရန်အတွက် လိုအပ်တဲ့ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ် (၀၄-၀၂) အဆောက်အအုံ ရန်ပုံငွေခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် (၆၀ x ၂၄)ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင်(၁)ဆောင်အစား (၁၃၀ x ၃၀)ပေ RCC နှစ်ထပ်ဆောင် (၁)ဆောင် အသစ်ဆောက်လုပ်နိုင်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) စာရင်းတွင် မြို့နယ်ဦးစားပေး အစီအစဉ်အရ စိစစ်၍ ထည့်သွင်းလျာထားစီစဉ်ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ရဲ့ မေးခွန်းအပေါ် ဆက်လက်ပြီး ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ အခြေခံပညာကျောင်းပေါင်း(၅၆၅၁)ကျောင်းကို သက်ဆိုင်ရာ ကျောင်းအဆင့်အသီးသီးသို့ အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၁)ကျောင်း၊ မူလတန်း(လွန်)ကျောင်း(၂)ကျောင်း၊ အလယ်တန်းကျောင်း(၅)ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) (၄)ကျောင်း၊ အထက်တန်းကျောင်း (၂)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၄)ကျောင်းကို

ကျောင်းအဆင့် တိုးမြှင့်ပေးခဲ့ပါတယ်။ အထက်တန်းကျောင်း(ခွဲ)ကနေ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးဖို့အတွက် သတ်မှတ်တဲ့မူကတော့ အထက်တန်းအဆင့်ပညာသင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၂၀၀)ဦးနှင့် အထက်ရှိခြင်း သို့မဟုတ် သွားလာရေး ခက်ခဲသော တောင်တန်း၊ မြစ်ချောင်းပေါများတဲ့ဒေသ၊ ဒါမှမဟုတ် မြေပြန့်ဒေသဖြစ်ရင်လည်း အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းနှင့် (၁၀)မိုင်အထက် ကွာဝေးရမှာဖြစ်ပြီး လက်ရှိကျောင်းအဆင့် သက်တမ်း (၂)နှစ်ရှိခြင်းတို့ဖြစ်ပါတယ်။ သို့သော် ခြွင်းချက်အနေဖြင့် ဒီကျောင်း အဆင့်တိုးပေးဖို့အတွက် အထူးလိုအပ်နေသော ဒေသတွေဖြစ်တဲ့ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွေမှာတော့ လက်ရှိကျောင်းအဆင့် သက်တမ်း(၂)နှစ်ရှိရင်လည်းပဲ လျှော့ပေါ့ထားခွင့်ပေးမှာ ဖြစ်ပါတယ်။

ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ပေါက်ပင်ကျေးရွာအုပ်စု၊ နဂါးတွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သက်တမ်းမှာ (၂၅)နှစ်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အထက်တန်းအဆင့် ပညာသင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ(၁၃၂)ဦး ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ အနီးဆုံး အထက်တန်းအဆင့်သင် ကျောင်းဖြစ်သော ညောင်ဖြူပင်အထက်တန်းကျောင်းနှင့် ကျွန်တော်တို့(၃)မိုင်ခန့်သာ ကွာဝေးတာကို တွေ့ရှိရပါတယ်။ ဒါကတော့ ကျွန်တော်တို့ နဂါးတွင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖြစ်ပါတယ်။ ညောင်ဖြူပင်အခြေခံပညာအထက်တန်းကျောင်းနှင့် အကွာအဝေးသည်(၃)မိုင်သာ ကွာဝေးတာကို စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်၊ နဂါးတွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ ဦးစားပေးကျောင်းအနေနှင့် အဆင့်တိုးမြှင့်ပေးဖို့အတွက် စိစစ်တဲ့အခါမှာ အထက်တန်းအဆင့်သင် ကျောင်းသားဦးရေ စုစုပေါင်း (၁၃၂)ဦးရှိခဲ့ပြီး သတ်မှတ်တဲ့ဦးရေ (၂၀၀)ဦးကို မပြည့်မီပါဘူး။ အကွာအဝေးကလည်း (၁၀)မိုင်ရှိရမှာကို (၃)မိုင်တည်းရှိတဲ့အတွက်ကြောင့် သတ်မှတ်ချက် (၂)ခုစလုံးနှင့် ကိုက်ညီခြင်း မရှိပါဘူး။ ဒါကြောင့် ကျောင်းအဆင့် တိုးမြှင့်ပေးဖို့အတွက် ဦးစားပေးစာရင်းမှာ ပါဝင်ခြင်းမရှိပါကြောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖြစ်တဲ့အတွက်ကြောင့် အထက်တန်းပညာရပ်တွေကိုတော့ ဆက်လက်သင်ယူနိုင်တဲ့ အခွင့်အလမ်းရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘွဲခိန်း ရဲ့ မေးခွန်းအပေါ် ပြန်လည် ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြလိုပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေခွဲဝေပေးမှုမှာ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်အတွင်းမှာ ကျောင်းဆောင် ဆောက်လုပ်ပေးတာ (၁)ဆောင်၊ အန္တရာယ်ရှိ ကျောင်းဆောင် ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ဖို့ (၂)ဆောင်၊ တိုးချဲ့ကျောင်းဆောင်အသစ် ဆောက်လုပ်ရန် (၂)ကျောင်း၊

ဝန်ထမ်းအိမ်ရာ (၅)ခု၊ စုစုပေါင်းအခြေခံပညာကျောင်း (၁၀)ကျောင်းမှာ အဆောက်အအုံ(၁၀)ခု အတွက် ငွေကျပ်သန်းပေါင်း (၂၄၃၇.၃၈၀)ခွဲဝေပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဆလဲင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ အန္တရာယ်ရှိကျောင်းဆောင် (၉၀ x ၂၄)ပေ သွပ်မိုးပျဉ်ခင်း၊ ပျဉ်ကာ တစ်ထပ်ဆောင် (၁)ဆောင်၊ (၆၀ x ၂၄)ပေ သွပ်မိုး ပျဉ်ခင်း၊ ပျဉ်ကာ တစ်ထပ်ဆောင် (၁)ဆောင်နှင့် (၁၂၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင် စုစုပေါင်းကျောင်းဆောင် (၃)ဆောင်ရှိပါတယ်။

ကျောင်းသား၊ ကျောင်းသူအနေနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၁၅၇)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၈၁)ဦး၊ အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ(၁၀)ဦး၊ စုစုပေါင်း (၂၄၈)ဦး ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဆလဲင်းကျေးရွာ၊ အခြေခံပညာအထက်တန်ကျောင်း(ခွဲ)ဖြစ်ပါတယ်။ (၉၀ x ၂၄)ပေ သွပ်မိုးပျဉ်ကာ တစ်ထပ်ဆောင် ဖြစ်ပါတယ်။ (၆၀ x ၂၄)ပေ သွပ်မိုးပျဉ်ကာ တစ်ထပ်ဆောင် ဖြစ်ပါတယ်။ (၁၂၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ပါတယ်။ ဒါကြောင့် ထန်တလန်မြို့နယ်၊ ဆလဲင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ကျွန်တော်တို့ (၉၀ x ၂၄)ပေ အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်းဖို့အတွက် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်နေပါတယ်။ အထက်တန်းကျောင်းဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ စာသင်ခန်း အတန်း (၁၂)တန်းရှိတဲ့အတွက် စာသင်ခန်း (၁၂)ခန်း လိုအပ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနှင့် ပြန်လည်စိစစ်ပြီးတော့ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုတဲ့ (၁၄၀ x ၃၀)ပေ RC နှစ်ထပ်ဆောင်ကိုတော့ ကျွန်တော်တို့ ပြန်လည် စိစစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေခေါင်းစဉ်အောက်မှ မြို့နယ် ဦးစားပေး အစီအစဉ်အရ စိစစ်ထည့်သွင်း လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနှင့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင်လည်းကောင်း၊ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်နည်း ဥပဒေအား ၂၀၁၂ ခုနှစ်၊ ဧပြီလတွင်လည်းကောင်း ပြဋ္ဌာန်းထားရှိဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိတွင် ဥပဒေနှင့်အညီ မှတ်ပုံတင်၍ တရားဝင်ဖွင့်လှစ်ခွင့်ပြုထားတဲ့ ကိုယ်ပိုင်ကျောင်းပေါင်း စုစုပေါင်း(၁၀၈၉)ကျောင်း ရှိပါတယ်။ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း(၂၆၁၉၂၂)ဦး ရှိပြီး ပညာသင်ကြားပေးနေတဲ့ ဆရာ၊ ဆရာမ ဦးရေမှာ (၁၄၅၃၀)ဦး ရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်ကနေ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ (၃)နှစ်တာ ကာလအတွင်းမှာ ကိုယ်ပိုင်ကျောင်းတွေကို တိုင်းဒေသကြီး၊ ပြည်နယ်များမှာရှိတဲ့ ပညာရေးမှူးရုံးတွေရဲ့ စိစစ်တွေ့ရှိချက်တွေကို အခြေခံပြီး တင်ပြလာမှုအရ နည်းဥပဒေနှင့် အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မှုမရှိ၍ စစ်ဆေးရန် ထပ်မံလိုအပ်တဲ့ ကိုယ်ပိုင်ကျောင်း (၁၄)ကျောင်းကို ထပ်မံစစ်ဆေး ဆောင်ရွက်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တွေကို ဝန်ကြီးဌာနကို တင်ပြဆောင်ရွက်ခဲ့ပါတယ်။ ထိုစစ်ဆေးတွေ့ရှိချက်၊ သဘောထားမှတ်ချက်တွေအပေါ်မှာ စိစစ်ပြီး အရေးယူဆောင်ရွက်ခဲ့မှုများအနေနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ခရေ(ရန်ကုန်)ကိုယ်ပိုင်ကျောင်းကို ဖွင့်လှစ်ခွင့် မပြုတော့ပါဘူး။ ပညာလွင် (နေပြည်တော်) ကိုယ်ပိုင်ကျောင်းကို သက်တမ်းတိုးတဲ့အခါမှာ အဆင့်လျှော့ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ပညာပြည့်စုံနှင့် အောင်ပညာနန်းတော် ကိုယ်ပိုင်ကျောင်း (၂)ကျောင်းကို ပိတ်သိမ်းခြင်း၊ ဆရာလှ ကိုယ်ပိုင်ကျောင်းအား အမှုပြီးပြတ်အောင် ဆောင်ရွက်ပြီးမှ သက်တမ်းတိုး ဆောင်ရွက်စေခြင်း၊ ကျေးဇူးကမ္ဘာကိုယ်ပိုင်ကျောင်းအား တည်နေရာ တိုးချဲ့တင်ပြတဲ့နေရာတွေ ဖွင့်လှစ်ခွင့်မပြုခြင်း၊ ကံကော်မြိုင်ကိုယ်ပိုင်ကျောင်းအား သက်တမ်းတိုးရာမှာ အဆင့်လျှော့ခြင်းများစသည်ဖြင့် ဝန်ကြီးဌာနမှအရေးယူဆောင်ရွက်မှုတွေကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် နေပြည်တော်ရှိ Wisdom Hill ကိုယ်ပိုင်ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ (Top) ကိုယ်ပိုင်ကျောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ရတနာပုံ၊ အလင်းအိမ်၊ Family နှင့် ပန်းပျိုးခင်းကိုယ်ပိုင်ကျောင်းများနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ပညာဥယျာဉ်ကိုယ်ပိုင်ကျောင်းများအား ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေတွေအပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိတဲ့အတွက်ကြောင့် ပညာရေးဝန်ကြီးဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ကနေပြီး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနှင့် ဥပဒေနှင့်အညီ တရားဝင် ဖွင့်လှစ်ခွင့်ပြုထားတဲ့ ကိုယ်ပိုင်ကျောင်းတွေကို ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေအခန်း(၂)ပါ ပုဒ်မ ၃၊ ၄၊ ၅၊ ၆ နှင့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်နည်းဥပဒေ အခန်း(၈)ပါ ပုဒ်မ ၂၁၊ ၂၂ တို့နှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်တို့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်ပိုင်ကျောင်းတွေရဲ့ သင်ကြားရေးလုပ်ငန်းတွေ အပါအဝင် ဥပဒေ၊ နည်းဥပဒေများအား လိုက်နာဆောင်ရွက်မှု အခြေအနေတွေကို တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးတွေက စစ်ဆေးရေးအဖွဲ့တွေဖွဲ့စည်းပြီး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနကလည်း နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်၍ သဘောထားမှတ်ချက်များပြန်ကြားခြင်းများကို ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ရဲ့ မေးခွန်းအပေါ် ပြန်လည် ရှင်းလင်းတင်ပြခွင့် ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ လက်ဆက်ကျေးရွာအုပ်စု၊ စိန်ကန့်လန့်ရွာ အခြေခံပညာမူလတန်းကျောင်း RTC အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ရှေ့တန်းစခန်း၊ (မင်းလှ)ပိုင်တဲ့ မြေနေရာအတွင်းမှာ တည်ရှိပြီးတော့ ကုန်းလမ်းပို့ဆောင်ရေး ရှေ့တန်းစခန်း(မင်းလှ)က ဝန်ထမ်းတွေရဲ့ သား၊ သမီးများနှင့် (ကလသဖ) ကျေးရွာက ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်ရေးအတွက် အဆိုပါကျောင်းကို ၁၉၈၂ ခုနှစ်က ဌာန(အငြိမ်းစား)ဝန်ထမ်းတွေကနေ ကိုယ်ထူကိုယ်ထနှင့် ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ပြီး ယနေ့အထိ (၃၈)နှစ်တိုင် ယာယီအသုံးပြုခွင့်ပေးထားတဲ့နေရာ ဖြစ်ပါ တယ်။ ဒါကတော့ ကျွန်တော်တို့ စိန်ကန့်လန့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပုံဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း တင်ပြသွားတဲ့အတိုင်းဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ပေါင်းစပ် ဖြေကြားချက်အရ ကုန်းလမ်းပို့ဆောင်ရေးပိုင် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ပြည်)လက်အောက်ရှိ ရှေ့တန်းစခန်း(မင်းလှ)မြေနေရာကို နောင်တစ်ချိန်တွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ယာဉ်မောင်း သင်တန်းကျောင်းကို တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ လက်ရှိအသုံးပြု ခွင့်ပေးထားသော အခြေခံပညာမူလတန်းကျောင်း RTC နေရာသည် ကုန်းလမ်းပို့ဆောင်ရေးပိုင် မြေနေရာ၏ အတွင်းပိုင်းတွင် တည်ရှိနေခြင်းကြောင့်လည်းကောင်း၊ မြေနေရာလွှဲပြောင်းပေးခြင်းထက် လက်ရှိအသုံးပြုနေတဲ့ ကျောင်းဧရိယာအကျယ်အဝန်းအတိုင်း ဌာနရဲ့မြေပိုင်ဆိုင်မှုမပျောက်စေဘဲ မြေနေရာအခမဲ့ အသုံးပြုခွင့် Right to Use ကိုသာလျှင် ခွင့်ပြုပေးနိုင်ခြင်းဖြစ်ပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနသို့ မြေနေရာလွှဲပြောင်းပေးခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ပေါင်းစပ်ဖြေကြားထားပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ကလည်း ဒီမြေနေရာပိုင်ဆိုင်မှုက အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် နိုင်ငံတော်သမ္မတရုံးရဲ့ စီမံကိန်းလုပ်ငန်းများ အဆိုပြုရာတွင် လိုက်နာ ရမည့်အချက်တွေမှာ မြေယာပိုင်ဆိုင်မှုနှင့် မြေယာပြဿနာ ရှိ/မရှိ ဆိုတာကလည်း တစ်ချက်အပါ အဝင် ရှိပြီးတော့မှ မြေယာပိုင်ဆိုင်မှုရှိမှ ကျွန်တော်တို့က လုပ်ထုံးလုပ်နည်းနှင့်အညီ ကျွန်တော်တို့ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီး ဌာနအနေနှင့် မင်းလှမြို့နယ်၊ စိန်ကန့်လန့်ကျေးရွာက အခြေခံပညာမူလတန်းကျောင်း RTC တွင် (၆၀ x ၃၀)ပေ Steel Structure တစ်ထပ်ဆောင်ကို ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ကျောင်းမြေနေရာကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးမှ ပညာရေး

ဝန်ကြီးဌာနပိုင် မြေနေရာအဖြစ် လွှဲပြောင်းပေးမှသာ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ရန်ပုံငွေလျာထားဆောင်ရွက်၍ ရမည်ဖြစ်ပါကြောင်းနှင့် အထက်ဖော်ပြပါ ညွှန်ကြားချက်များအရ ပညာရေးဝန်ကြီးဌာနပိုင် မြေနေရာအဖြစ် လွှဲပြောင်းပေးနိုင်ခြင်းမရှိပါက စီမံကိန်းလုပ်ငန်းများအတွက် ရန်ပုံငွေလျာထားဆောင်ရွက်၍ မရပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင် ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်မှ အခြေခံပညာမူလတန်းကျောင်း(၃)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၁)ကျောင်း၊ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ)(၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၂)ကျောင်း၊ အခြေခံ ပညာအထက်တန်းကျောင်း(၂)ကျောင်းကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ စုစုပေါင်း အခြေခံ ပညာကျောင်းပေါင်း(၉)ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ပေးခဲ့ပါတယ်။ အထက်တန်းကျောင်း (ခွဲ)ကနေ အထက်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ပေးဖို့အတွက် သတ်မှတ်တဲ့မူဟာ အထက်တန်းအဆင့် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၂၀၀)ဦးနှင့် အထက် ရှိရမှာဖြစ်ပါတယ်။ သို့မဟုတ် အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းနှင့် (၁၀)မိုင် အထက် ကွာဝေးခြင်းဖြစ်ပြီး လက်ရှိ ကျောင်းအဆင့်သက်တမ်း(၂)နှစ်ရှိရမှာ ဖြစ်ပါတယ်။ အဲဒီလို လက်ရှိ ကျောင်းအဆင့်သက်တမ်း(၂)နှစ်ရှိခြင်းမှာ ကျွန်တော်တို့ ခြွင်းချက်သတ်မှတ်ပေးထား တာတော့ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် နဲ့ ဧရာဝတီတိုင်း ဒေသကြီးတွေ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ကျေးနီ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရဲ့ သက်တမ်းဟာ (၃)နှစ် (၆)လဖြစ်တဲ့အတွက် (၂)နှစ်အထက် သတ်မှတ်ချက်နဲ့ ကိုက်ညီပါတယ်။ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၂၀၃)ဦးရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ သတ်မှတ်ချက် (၂၀၀)ဦးနဲ့အထက်ရှိတဲ့အတွက်ကြောင့် ကျောင်းသားဦးရေပြည့်မီပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သတ်မှတ်ချက် (၂)ချက်စလုံးနဲ့ ကိုက်ညီတာဖြစ်တဲ့အတွက် ခရီးမိုင်ဟာ ကျွန်တော်တို့ ဆက်လက်စဉ်းစားဖို့ မလိုတော့ပါဘူး။ ကျေးနီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ အထက်တန်းကျောင်းရဲ့ပုံဖြစ်ပါတယ်။ ခရီးမိုင်အကွာအဝေးကတော့ (၂)မိုင်ဖြစ်ပါတယ်။ လက်ပံတန်းအမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနဲ့ ခရီးမိုင်အကွာအဝေးက (၂)မိုင ် ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ ခုနတုန်းက သတ်မှတ်ထားတဲ့ ကျောင်းသက်တမ်း (၂)နှစ်နဲ့အထက်ရှိတဲ့ အထက်တန်းအဆင့် ပညာသင်ယူနေတဲ့ကျောင်းသား၊ ကျောင်းသူဦးရေ ကလည်း စုစုပေါင်း (၂၀၃)ဦး ရှိတဲ့အတွက်ကြောင့် သတ်မှတ်မူနဲ့ ကိုက်ညီတဲ့အတွက်ကြောင့် ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက်

လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေခွဲဝေပေးမှုမှာ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်အတွင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ရန် (၄)ကျောင်း၊ တိုးချဲ့ကျောင်းဆောင် အသစ်ဆောက်လုပ်ရန်(၂)ကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်(၂)ခု၊ သိပ္ပံ ဆောင်ဆောက်လုပ်ရန်(၁)ခု၊ စာကြည့်တိုက်နှင့် မီဒီယာခန်းမဆောက်လုပ်ရန်(၁)ခု စုစုပေါင်း အခြေခံပညာကျောင်း (၁၀)ကျောင်းမှာ လုပ်ငန်း(၁၀)ခုအတွက် ငွေကျပ်(၅၇၂.၁၀၄)သန်း ခွဲဝေပြီး ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ စက်ရုံစုရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ (၁၃၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ဆောင်(၄)ဆောင်ရှိပြီးတော့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၁၁၆၂)ဦး ပညာသင်ယူလျက်ရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ စက်ရုံစုရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရဲ့ ပုံဖြစ်ပါတယ်။ ပြီးရင် ဒါတွေကတော့ ကျွန်တော်တို့ ဒါ စာသင်ဆောင်တွေရဲ့ပုံ ဖြစ်ပါတယ်။ အဆိုပါကျောင်းမှာ ကျောင်းသား အားကစားကွင်းမရှိပါဘူး။ ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန် ကျောင်းအားကစားကွင်းအတွက် ဆက်စပ်မီးလောင်မြေ နေရာကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၈-၂-၂၀၁၆ ရက်စွဲပါ အစည်းအဝေးဆုံးဖြတ်ချက်အရ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနပိုင် မြေအဖြစ် လွှဲပြောင်းပေးထားခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကျောင်းမြေ ပိုင်ဆိုင်မှုပုံစံ(၁၀၅)ရရှိထားပြီးတော့ ကျောင်းမြေရဲ့ ခြံစည်းရိုးကာရံရမည့်ပတ်လည်ဟာ (၉၃၂)ပေ ရှိပြီး ၎င်းထဲက (၂၁၄) ပေကို အုတ်တိုင်စိုက်ပြီး ကျွန်တော်တို့ သံပေါက်ဖြင့် ကာရံထားပြီး ကျန်အပိုင်းတွေကို ချိန်းလိပ်၊ သွပ်ဟောင်းတွေနဲ့ ယာယီကာရံထားကြောင်း စိစစ်တွေ့ရှိရပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ အုတ်တံတိုင်းကို သံပေါက်တွေနဲ့ ကာရံထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ သွပ်တွေနဲ့ ခြံစည်းရိုးယာယီကာရံထားတဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ချိန်းလိပ်နဲ့ ယာယီကာရံထားရတဲ့ပုံ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွေရဲ့ မြေပိုင်ဆိုင်မှုပုံစံ(၁၀၅)ရရှိထားပြီး ဖြစ်တဲ့အတွက် ခြံစည်းရိုးကာရံပေးထားရမည့် (၉၃၂)ပေအနက် ကျန်ရှိနေသေးသောအပိုင်းဖြစ်တဲ့ ကျောင်းခြံစည်းရိုး (၇၁၈)ပေကို ကာရံပေးဖို့အတွက်ကတော့ ကျွန်တော်တို့ ကျောင်းတွေရဲ့ သန့်ရှင်းသပ်ရပ်မှု၊ ကျောင်းပြက္ခဒိန်ဆောင်ရွက်မှုပြီးလို့ရှိရင် ကျွန်တော်တို့ မူလတန်းအဆင့် ပြီးမြောက်တဲ့

Grade(5) အောင်ချက်ရာခိုင်နှုန်းတွေ၊ ပြီးရင် အလယ်တန်းအဆင့် ပြီးမြောက်တဲ့ Grade(9) အောင်ချက်နဲ့ ကျွန်တော်တို့ အဆင့် (A)၊ (B) ရတဲ့ရာခိုင်နှုန်းတွေနဲ့ သန့်ရှင်းသပ်ရပ်မှုတွေ အပေါ်မှာ လည်းပဲ ကျွန်တော်တို့ ဒီဟာတွေကို ဆက်လက်ပြီးတော့ နောက်နှစ်တွေမှာတော့ ဒီလိုမျိုး စီစဉ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဦးစားပေးလိုအပ်ချက်အရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းစရိတ် (၀၄-၀၉) အခြားရန်ပုံငွေ ခေါင်းစဉ်အောက်မှာ မြို့နယ်ဦးစားပေးအစီအစဉ် အရ စိစစ်ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

**အချိန်၊ ၁၁:၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်စာ စားသုံးရန် အတွက် အစည်းအဝေးကို (၁)နာရီခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၂၄ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၂:၄၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂:၄၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၂:၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်(၅)ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းထားတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂:၄၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၄၁။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ အကျိုးအကြောင်းအနေနဲ့ကတော့ ၂၉-၁၁-၂၀၁၉ ရက်နေ့မှ ၁၀-၁၂-၂၀၁၉ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံမှာကျင်းပခဲ့တဲ့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)မှာ မြန်မာနိုင်ငံက ရွှေ (၄)ခု၊ ငွေ(၁၈) ခု၊ ကြေး (၅၁)ခု ရရှိပြီး သတ္တမအဆင့်ဖြင့် ရပ်တည်နိုင်ခဲ့ပါတယ်။ ဆဋ္ဌမနေရာ၌ရှိပြီး လူဦးရေ (၅)သန်း(၆)သိန်းသာရှိတဲ့ စင်ကာပူနိုင်ငံက ရွှေ(၅၃)ခု၊ ငွေ(၄၆)ခုနှင့် ကြေး(၆၉)ခုရရှိပြီး တစ်ဆင့်သာ နိမ့်ကျတဲ့မြန်မာနိုင်ငံကို ဆုတံဆိပ်ရရှိမှု၌ အပြတ်ချန်ထားခဲ့ပါတယ်။ လူဦးရေ (၅၄)သန်းရှိတဲ့ မြန်မာနိုင်ငံဟာ ကမ္ဘောဒီးယားနိုင်ငံ လူဦးရေ(၁၆)သန်းနဲ့ ရွှေတံဆိပ်ရရှိမှုမှာတူနေပြီး ငွေနဲ့ကြေးဆုရရှိမှု၌ သာလွန်ခဲ့တာကို တွေ့ရပါတယ်။ လူဦးရေ(၄)သိန်းသာရှိတဲ့ ဘရူနိုင်းနိုင်ငံက ရွှေ(၂)ခုနဲ့ ကပ်လိုက်လာပြီး လာအိုလူဦးရေ(၇) သန်းက ရွှေ(၁)ခု၊ ငွေ(၅)ခုနှင့် ကြေး(၁၇)ခုဖြင့် မြန်မာကို မှီလုလုရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာက ရွှေ(၇)ခု ရရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ ရာစုနှစ်ဝက်ကျော်က မြန်မာ့အားကစားအဆင့်အတန်းသည် အရှေ့တောင်အာရှနယ်ပယ်ကိုကျော်လွန်ပြီး အာရှအဆင့်ရှိခဲ့ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲများ၌ ပထမနှစ်ကြိမ်၊ ဒုတိယနှင့်တတိယ အကြိမ်ကြိမ်ဆုရရှိခဲ့တာကို တွေ့ရပါတယ်။

ယခုရရှိတဲ့ ရွှေ(၄)ခုကိုကြည့်လျှင် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ၌ ရွှေ(၂)ခု၊ အားနစ်နှင့် ရိုးရာလှေပြိုင်ပွဲတို့မှ ရွှေ(၁)ခုစီ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒီအားကစားအမျိုးအစားများမှာ လူတိုင်းနှင့် အကျွမ်းတဝင်မရှိတဲ့ အားကစားများဖြစ်ပါတယ်။ မြန်မာ့အားကစားသမားများ အစဉ်အလာ အားသန်ခဲ့တဲ့ ပြေးခုန်ပစ်၊ လက်ဝှေ့နှင့် ရေကူးပြိုင်ပွဲများ၌ နာမည်မရဖြစ်နေသည်မှာ ကာလအတော်ကြာရှိပြီလို့ဆိုရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တဖြည်းဖြည်းဆုတ်ယုတ် ကျဆင်းလာနေတဲ့ မြန်မာ့အားကစားလောက ပြန်လည်ရှင်သန်နိုးကြားလာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့်

မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်သက်ဆိုင်ရာသို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီးအား ခုတင်(၂၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂:၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်ရဲ့ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၄၄။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီးအား ခုတင်(၂၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ မဲဆန္ဒနယ် သထုံမြို့သည် ခရိုင်ရုံးစိုက်ရာ မြို့တစ်မြို့ဖြစ်ပြီး ကရင်ပြည်နယ်နှင့်ဆက်သွယ်ရာ မော်လမြိုင်၊ ဘားအံလမ်းဆုံ မြို့တစ်မြို့ ဖြစ်ပါတယ်။ သထုံမြို့ကို ရပ်ကွက်(၈)ခုဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာအုပ်စု(၄၆)စု၊ ကျေးရွာပေါင်း (၁၉၄)ရွာရှိပြီး လူဦးရေ(၂၈၀၀၀၀)ဦးခန့်ရှိပါတယ်။ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး(၁)ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၅)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၁၈)ခု၊ သံဃာ့ဆေးရုံ(၁)ရုံ၊ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(၁)ရုံတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသည် သထုံမြို့လယ် နန်းခဲရပ်ကွက်တွင်တည်ရှိပြီး (၈.၅၃၂)ဧက ကျယ်ဝန်းပါတယ်။ သထုံခရိုင်သည် မြို့နယ်(၄)ခုဖြင့် ဖွဲ့စည်းထားပြီး လူဦးရေစုစုပေါင်း (၈၀၀၀၀၀)ဦး ခန့်ရှိပါတယ်။ ရန်ကုန်-မုတ္တမ ကားလမ်းမပေါ်တွင်တည်ရှိပြီး ရထားလမ်း၊ ကားလမ်း အချက်အချာကျသော မြို့များဖြစ်ကြပါတယ်။ သထုံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် နှစ်စဉ်အတွင်းလူနာ (၁၄၀၀၀)ဦးခန့်၊ ပြင်ပလူနာ(၃၀၀၀၀)ဦးခန့်၊ အရေးပေါ်လူနာ (၁၇၀၀)ဦး၊ မွေးလူနာ (၂၀၀၀)ဦးခန့်ရှိကြောင်း သိရှိရပါတယ်။ နေ့စဉ် တက်ရောက်ကုသနေသော လူနာမှာ (၁၅၀)ဦးခန့်ရှိသည့်အတွက် ခွင့်ပြုတွင် Bed Occupancy အသုံးချမှုမှာ (၁၅၀) ရာခိုင်နှုန်းခန့်ရှိကြောင်း သိရှိရပါတယ်။ ပေါင်မြို့၊ ဘီးလင်းမြို့၊ ကျိုက်ထိုမြို့တို့မှ လူနာများသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်

မှုကြောင့် လာရောက်ကုသကြသလို နယ်နိမိတ်ချင်း ထိစပ်နေသည့် ကရင်ပြည်နယ်ရှိ လေးကော၊ ကမမောင်း၊ ဖာပွန်မြို့တို့မှလည်း လူနာအချို့ လာရောက်ကုသကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါခင်ဗျား။ ဖော်ပြပါပုံကတော့ နှစ်ပေါင်း(၁၃၂)နှစ်ကြာခဲ့ပြီဖြစ်သော သထုံခရိုင်၊ ပြည်သူ့ဆေးရုံကြီး နှစ်ထပ်ဆောင်ကို ယခု ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ဖြင့် အသစ်ပြန်လည် တည်ဆောက်နေသော ပုံဖြစ်ပါတယ်။ ဖော်ပြပါပုံကတော့ ကျွန်တော်တို့ လေးခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာကို ယခုနှစ်ဘတ်ဂျက်တွင် တည်ဆောက်နေသောပုံဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာကဲ့သို့ အဆောင်(၄)ဆောင်ရှိပြီး ကျန်းမာရေးဝန်ထမ်းများအတွက် အိမ်ရာလုံလောက်ကြောင်းလည်း သိရှိရပါတယ်။ ဝန်ထမ်းအိမ်ရာလည်း အတန်အသင့် ပြည့်စုံပါတယ်။ ဖော်ပြပါပုံကတော့ ကျွန်တော်တို့ အသစ်ပြန်လည်တည်ဆောက်ပြီးဖြစ်တဲ့ လေးခန်းတွဲ(၄)ထပ်ဆောင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဆောက်အအုံ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင် သထုံမြို့ကို ရောက်ရှိခဲ့စဉ်က ပါဝင်လှူဒါန်းခဲ့တဲ့ ကျွန်တော်တို့ရဲ့ အနှိုင်းမဲ့မေတ္တာ၊ သွေးနှင့်အောက်ဆီဂျင် ပုဂ္ဂလိက အောက်ဆီဂျင်စက်ရုံ ဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာတည်ရှိပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များရှိ ဆေးရုံ(၂၆)ရုံကို အောက်ဆီဂျင်များ လှူဒါန်းလျက်ရှိပါတယ်။ (၁၀)လီတာ အောက်ဆီဂျင်အိုး (၃၇၀၀၀)ကျော်၊ (၄၀)လီတာအောက်ဆီဂျင်အိုး (၁၁၀၀၀)ကျော် လှူဒါန်းပြီး ဖြစ်ပါတယ်။ သွေးပုလင်းပေါင်း (၁၅၀၀၀)ခန့်ကိုလည်း ဆေးရုံ(၂၆)ရုံသို့ အမြဲမပြတ် လှူဒါန်းလျက်ရှိပါတယ်။ ဖော်ပြပါပုံကတော့ ကျွန်တော်တို့ အောက်ဆီဂျင်အိုးတွေကို စီတန်းထားခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ၃-၄-၂၀၁၉ ခရီးစဉ်၌လည်း သထုံခရိုင်ပြည်သူ့ဆေးရုံကြီးအား ခုတင်(၁၀၀)မှ ခုတင်(၂၀၀)အဆင့်သို့ တိုးမြှင့်နိုင်ရန် တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှလည်း တိုးမြှင့်သင့်ကြောင်း အကြံပြုခဲ့ပါတယ်။ ခုတင်(၂၀၀) အဆင့် တိုးမြှင့်ပြီးဖြစ်ပါက Speciality ခေါ် နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ အစရှိသဖြင့် အထူးပြုဘာသာရပ်များအတွက် ပြည်သူလူထု၏ ကျန်းမာရေးကို ယခုထက်ပိုပြီး စောင့်ရှောက်နိုင်မည်ဖြစ်ပါသဖြင့် ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေသည့် မြင်ကွင်းပုံ (စစ)




လေးထပ်ဆောင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အဆောက်အအုံ မြင်ကွင်းပုံ (စစ-၁)



သထုံမြို့သူ/မြို့သားများ တည်ဆောက်ထားသော ပုဂ္ဂလိက အောက်ဆီဂျင်စက်ရုံ ပြပုံ (စစ-၂)




**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ သူနာပြုနှီးနွှယ် ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်းကြီးကို သူနာပြုသင်တန်းကျောင်းကြီးအဖြစ် အမည်ပြောင်းလဲသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် အချိန်၌ ပြောင်းလဲပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂:၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၄၈။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ သူနာပြုသင်တန်းကျောင်းအဖြစ် ယခုလက်ရှိ သူနာပြုသင်တန်းသား(၁၆၅)ဦးကို သင်တန်းပေးနေပါလျက်နဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ သူနာပြုနှီးနွှယ် ကွင်းဆင်းလေ့ကျင့်ရေး သင်တန်းကျောင်းလို့ ဆိုင်းဘုတ်တင်ထားရာကနေ သူနာပြုသင်တန်းကျောင်းလို့ အမည်ပြောင်းလဲ သတ်မှတ်ပေးဖို့ အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်ပြီးတော့ မေးမြန်းမှာဖြစ်ပါတယ်။

ယခုအခါမှာ နိုင်ငံတော်အတွင်း ဆေးရုံများနဲ့ ဆေးခန်းများမှာ သူနာပြုများ အထူးအမြန် လိုအပ်လျက်ရှိတဲ့အတွက် နိုင်ငံအတွင်း သူနာပြုသင်တန်းကျောင်းများ အသီးသီးကနေ လိုအပ်နေတဲ့ သူနာပြုအရေအတွက်ကို ပြည့်မီအောင် မွေးထုတ်ပေးနိုင်ခြင်းမရှိတဲ့အတွက် လက်ရှိကျန်းမာရေး

ဝန်ထမ်းတွေဟာ မနိုင်သည့်ဝန်ကို ထမ်းနေရတဲ့အတွက် အဆင်မပြေမှုတွေ များစွာရှိနေရပါတယ်။ မကျန်းမာတဲ့ နိုင်ငံသားများအနေနဲ့လည်း သူနာပြုမလုံလောက်တဲ့အတွက် အခက်အခဲတွေ၊ သောက ဒုက္ခတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ၁၉၉၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်မှာရှိတဲ့ သူနာပြုနှီးနွှယ်ကွင်းဆင်း လေ့ကျင့်သင်တန်းကျောင်းကြီးဟာ မြေဧက(၂၀)အတွင်းမှာတည်ရှိပြီးတော့ နှစ်ထပ်အိပ်ဆောင်ကြီး(၁)ခု၊ သုံးထပ် အိပ်ဆောင်ကြီး(၁)ခု၊ တင်ဒါအောင်ထားတဲ့ သုံးထပ်အိပ်ဆောင်ကြီး(၁)ခု၊ နှစ်ထပ်စာသင်ဆောင်(၁)ခု၊ သုံးထပ်စာသင်ဆောင်ကြီး(၁)ခု၊ AMDA နှစ်ထပ်ဆောင်(၁)ခု၊ ရုံးအဆောက်အအုံကြီး(၁)ခု၊ လေးခန်းတွဲ ဆရာအိမ်ရာ(၁)ခု၊ လေးခန်းတွဲ နှစ်ထပ်ဆရာများအိမ်ရာ(၁)ခု၊ တင်ဒါအောင်ထားတဲ့ နှစ်ထပ်ကျောင်းအုပ်နေအိမ် (၁)ခု၊ တင်ဒါအောင်ထားတဲ့ နှစ်ထပ်ဆရာများအိမ်ရာ(၁)ခု၊ လေးခန်းတွဲဝန်ထမ်းများ အိမ်ရာ(၂)ခု၊ ထမင်းစားဆောင်ကြီး(၂)ခု၊ ထမင်းချက်ဆောင်(၁)ခု၊ အဲဒီအဆောက်အအုံကြီး (၁၆)ခုအပြင် ကင်းတဲ(၃)ခု၊ ကားဂိုဒေါင်၊ ထရန်စဖော်မာရုံ၊ ထင်းရုံ၊ အဝီစိတွင်း(၆)တွင်း၊ ရေစင်(၃)ခု၊ ရေစက်အိမ်(၂)ခုနှင့် ရေဂါလံ(၂၀၀၀၀) သိုလှောင်နိုင်တဲ့ (Tank)များလည်း ရှိနေပြီးဖြစ်ပါတယ်။ ဝန်ထမ်းအနေနဲ့လည်း ကျောင်းအုပ်ဆရာမကြီး(၁)ဦး၊ အကြီးတန်းသူနာပြု (၅)ဦးမှာ (၃ ဦးလစ်လပ်)၊ နည်းပြ (၁၃)ဦး၊ ဒုတိယနည်းပြ(၅)ဦးမှာ (၂ ဦး လစ်လပ်)နှင့် အခြားဝန်ထမ်းပေါင်း(၁၄)ဦးတာဝန်ထမ်းဆောင် လျက်ရှိပါတယ်။

အထက်ပါအဆောက်အအုံများနှင့် ဝန်ထမ်းအင်အားများအရ ဤသင်တန်းကျောင်းကြီးဟာ သူနာပြုသင်တန်းကျောင်းအဖြစ် သတ်မှတ်လုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေသည့်အပြင် ယခုလက်ရှိ သူနာပြုသားဖွား(၃)နှစ် ဒီပလိုမာသင်တန်းကျောင်းအဖြစ် သင်တန်းသား(၁၆၅)ဦးကို သင်ကြားနေပါတယ်။ ဒါကြောင့် ဒီသင်တန်းကျောင်းကို မူလသူနာပြုနှီးနွှယ်ကွင်းဆင်း လေ့ကျင့်သင်တန်းကျောင်းအဖြစ်ကနေ သူနာပြုသင်တန်းကျောင်းအဖြစ် တိတိကျကျ ပြောင်းလဲသတ်မှတ်ပြီးတော့ ဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်အတွက် ကျွန်တော်တို့ သူနာပြုတွေကို အလျင်အမြန်နဲ့ အများကြီး မွေးထုတ်ပေးနိုင်မှာဖြစ်တယ်လို့ ကျွန်တော်က ဆွေးနွေးချင်ပါတယ်။

သူနာပြုနှီးနွှယ် ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်းရဲ့ အဓိကဘာသာရပ်ဖြစ်တဲ့ Community Health ဆိုတဲ့ဘာသာရပ်ဟာ ယခုအခါမှာတော့ နိုင်ငံအနှံ့မှာရှိတဲ့ သူနာပြုသင်တန်းများမှာ သင်ရိုးညွှန်းတမ်းထဲ ထည့်သွင်းသင်ကြားနေပြီဖြစ်တဲ့အတွက် နီးစပ်ရာ ဆေးရုံတွေ၊ နယ်မြေတွေကို မိမိတို့သင်တန်းကျောင်းရဲ့ အစီအစဉ်နဲ့ ကွင်းဆင်းလေ့ကျင့်နေကြပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီးမှအပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်သင်တန်းကျောင်းတွေကနေ နှီးနွှယ်လေ့ကျင့်သင်တန်းကျောင်းကို မလာကြတော့ပါဘူး။

အဲဒီအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သူနာပြုသင်တန်းကျောင်းများအနေနဲ့လည်း မိမိတို့ သင်တန်းကျောင်းများရဲ့အစီအစဉ်နဲ့ နီးစပ်ရာဆေးရုံတွေ၊ နယ်မြေတွေမှာ လေ့ကျင့်ကွင်း

ဆင်းနိုင်ကြပြီဖြစ်ပါတယ်။ ဤသင်တန်းကျောင်းကြီးရဲ့ မြေအကျယ်အဝန်းနှင့် အဆောက်အအုံများဟာ နိုင်ငံတော်အတွက် သူနာပြုသင်တန်းကျောင်းကြီးတစ်ခုအဖြစ် ဖော်ဆောင်နိုင်မှသာလျှင် နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ အခက်အခဲတွေကို လျင်မြန်စွာဖြေရှင်းနိုင်မယ့် ထိုက်ထိုက်တန်တန် အကျိုးကျေးဇူးကို ရရှိမှာဖြစ်ပါတယ်။ လက်ရှိ သူနာပြုနှီးနွှယ် ကွင်းဆင်းလေ့ကျင့်သင်တန်းဆင်းကျောင်းလို့ ဆိုင်းဘုတ်တင် အမည်တပ်ထားသော်လည်း လက်တွေ့မှာတော့ သူနာပြုသားဖွား(၃)နှစ် သင်တန်းကျောင်းတွင် သင်တန်းသား(၁၆၅)ဦးကို သင်ကြားနေတဲ့ သူနာပြုသင်တန်းကျောင်းကြီးကို ဖြစ်နေပါပြီ။

ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ သူနာပြုနှီးနွှယ် ကွင်းဆင်းသင်တန်းကျောင်းကြီးကို သူနာပြုသင်တန်းကျောင်းကြီးအဖြစ် လက်တွေ့ကျကျ အမည်ပြောင်းလဲသတ်မှတ်ဖို့ အစီအစဉ် ရှိ/မရှိနဲ့ ဘယ်အချိန်မှာ ပြောင်းလဲသတ်မှတ်ပေးနိုင်မယ်ဆိုတာကို လေးလေးစားစား မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှ (၂၃)မိုင်၊ အေးသာယာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန (ခွဲ)အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂:၅၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၅၃။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှာဆိုရင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့တောင်ပေါ်ဒေသမှာ ကျောင်းသားဦးရေမူဘောင်ကိုဖြေလျှော့ပြီး မိခင်ကျောင်းကနေ (၁)မိုင် ကွာဝေးပါက ကျောင်းအဆင့်တိုးများကို ပြုလုပ်ပေးလျက်ရှိပါသဖြင့် အားလုံးဝမ်းသာကြပါတယ်။ ထို့အတူပဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှလည်း ကန့်သတ်ထားတဲ့လူဦးရေ မူဘောင်ကို ဖြေလျှော့ပြီး မြို့ပေါ်ဆေးရုံကြီးနဲ့ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကိုကြည့်ပြီး တိုက်နယ်ဆေးရုံ၊ ကျန်းမာရေးဌာနကို ပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ မင်းတပ်မြို့နယ်တွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး မြို့ပေါ်ဆေးရုံကြီးနှင့်အလှမ်းကွာသည့် တိုက်နယ်ဆေးရုံနှင့် ကျန်းမာရေး

ဌာနကို ကျေးရွာလူထု၏တင်ပြချက်အရ ခရိုင်ကျန်းမာရေးမှူးနှင့်ညှိနှိုင်းပြီး လွှတ်တော် ကိုယ်စားလှယ်များ၏ ထောက်ခံချက်ဖြင့် လျှောက်ထားခဲ့သော်လည်း လူဦးရေကန့်သတ်ထားသဖြင့် မရရှိခဲ့ပါ။

ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ကျေးလက်နေနို့စို့အရွယ်လူမမယ်ကလေးများ ဆေးရုံဆေးခန်းနှင့် အလှမ်းကွာသဖြင့် သေဆုံးမှုများပြားသောကြောင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ကို ပထမဦးဆုံး မိခင်နှင့်ကလေးထောက်ပံ့ပေးရေးကို နေရာအနှံ့ပြုလုပ်ပေးလျက်ရှိပါတယ်။ ယခုကျွန်တော်တင်ပြမယ့် မင်းတပ်မြို့နှင့်(၁၃)မိုင်ကွာဝေးသော အေးသာယာကျေးရွာဟာဆိုရင် ပတ်ဝန်းကျင် ရွာ(၈) ရွာရဲ့ အလယ်ဗဟိုကျလျက် အိမ်ခြေပေါင်း(၁၅၃)အိမ်၊ လူဦးရေ(၈၂၇)ဦးရှိပြီး အရေးပေါ်လူနာများအတွက် မင်းတပ်မြို့နှင့် အလှမ်းကွာလျက်ရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ကျန်းမာရေးဌာနကို လျှောက်ထားခဲ့ပါတယ်။ ချင်းပြည်နယ်၊ ပြည်နယ်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရုံး၏ ၁၅-၆-၂၀၁၉ ရက်စွဲပါစာအမှတ်၊ မက (ချင်း)စီမံ-၁(၄၉၄၂)၂၀၁၉ ဖြင့် ညွှန်ကြားရေးမှူးချုပ်ကိုလည်း ပေးပို့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မင်းတပ်မြို့နယ် (၁၃)မိုင် အေးသာယာ ကျန်းမာရေးဌာနခွဲတစ်ခုကို ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ် အားကစားကွင်းအား တိုင်းအဆင့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂:၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၅၅။**

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ် အားကစားကွင်းအား တိုင်းအဆင့်အားကစားကွင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

မေးမြန်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနပိုင် တိုင်းအားကစားကွင်းဟာ ပဲခူးမြို့လယ်ဘုရားလမ်းအနီးမှာ တည်ရှိပါတယ်။ ယင်းကွင်း

ဟာ အစဉ်အလာကြီးမားတဲ့ နိုင်ငံ့လက်ရွေးစင် ဘောလုံးကစားသမားများ၊ ပြေးခုန်ပစ် အားကစားသမားများ မွေးထုတ်ပေးနေသော အားကစားကွင်းတစ်ကွင်း ဖြစ်ပါတယ်။ ယခုအခါမှာ Myanmar National League ကလပ်အသင်းတစ်သင်းဖြစ်တဲ့ ဟံသာဝတီယူနိုက်တက်အသင်းအား ၈-၁၁-၂၀၁၀ မှ ၁-၁၂-၂၀၄၀ အထိ BOT စနစ်ဖြင့် နှစ်(၃၀) ငှားရမ်း၍ ဟံသာဝတီယူနိုက်တက် ဘောလုံးအသင်းရဲ့ အိမ်ကွင်းအဖြစ် အသုံးပြုလျက်ရှိပါတယ်။ ဟံသာဝတီယူနိုက်တက် ဘောလုံးအသင်း၏ ပြိုင်ပွဲကွင်းဖြစ်သည့်အတွက် ဟံသာဝတီယူနိုက်တက်အသင်း အိမ်ကွင်းပွဲများ မရှိသည့်အချိန်တွင်သာ ပဲခူးတိုင်းဒေသကြီး ခရိုင်ဘောလုံးပွဲများနှင့် ခြေစမ်းပွဲများကို ကျင်းပလိုလျှင် ခွင့်ပြုချက်တောင်းခံ၍ ပြိုင်ပွဲများကျင်းပရပြီး လေ့ကျင့်လိုလျှင်လည်း မီတာ(၁၀၀) ပြေးလမ်းတွင်သာ လေ့ကျင့်နေရပါသဖြင့် တိုင်းဒေသကြီးလက်ရွေးစင်ဘောလုံးအသင်းနှင့် ပြေးခုန်ပစ်အားကစားသမားများအတွက် လေ့ကျင့်ရန်အဆင်မပြေပါ။

Power Point နှင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ နွေရာသီမှာဆိုလို့ရှိရင် သဲတထောင်းထောင်းနဲ့ တွေ့နေရတဲ့ပုံဖြစ်ပါတယ်။ ဒါ မိုးတွင်းမှာဆိုရင် သဲရေစီးကြောင်းတွေနဲ့ တွေ့နေရတဲ့ပုံဖြစ်ပါတယ်။ ဒါကလည်း အထူးတန်း ပွဲကြည့်စင်နဲ့ ကျဉ်းကျဉ်းလေးနေရာကို ပြတဲ့ပုံဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အခြားအားကစားကွင်းများလည်း မရှိပါသဖြင့် ယခုတင်ပြသည့် ပဲခူးမြို့၊ ဥသာမြို့သစ် ဘောလုံးကွင်းဧရိယာ(၇.၂၃၁)ကေရှိပြီး သဲများထူထပ်သောကွင်းဖြစ်၍ နွေရာသီအချိန်ဆိုလျှင် မြက်မရှိဘဲ သဲတထောင်းထောင်းဖြစ်ပြီး မိုးရာသီဆိုလျှင် သဲရေစီးကြောင်းများ ဖြစ်ပေါ်နေသောကြောင့် အားကစားသမားများ လေ့ကျင့်ခြင်းနှင့် ယှဉ်ပြိုင်ကစားရန်အတွက် အခက်အခဲများဖြစ်ပြီး ပွဲကြည့်စင်မှာလည်း (၃၅)ပေခန့်သာရှိသော အထူးတန်းပွဲကြည့်စင်မှလွဲ၍ ကျန်ပွဲကြည့်စင်များမှာ အမိုး၊ အကာအရံ မရှိ၍ ကြည့်ရှုသူ ပရိသတ်များမှာ လေဒဏ်၊ မိုးဒဏ်၊ နေပူဒဏ်ခံစား၍ ကြည့်ရှုအားပေးကြရပါတယ်။ အကယ်၍ ပဲခူးမြို့၊ ဥသာမြို့သစ် ဘောလုံးကွင်းအား တိုင်းအဆင့် ဘောလုံးကွင်းအဖြစ် အဆင့်မြှင့်တင်မည်ဆိုပါက ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်နှင့် ပဲခူးမြို့ ဒေသခံလူငယ်များ ဘောလုံးနှင့် ပြေးခုန်ပစ်အားကစားနည်းများကို လေ့ကျင့်ယှဉ်ပြိုင်ခြင်းဖြင့် ပဲခူးတိုင်းဒေသကြီး နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများပေါ်ထွက်လာမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ပဲခူးမြို့၊ ဥသာမြို့သစ် အားကစားကွင်းအား တိုင်းဒေသကြီး၊ မြို့တော်အဆင့်နှင့် လျော်ညီသည့် တိုင်းဒေသကြီးအဆင့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အားကစားဝါသနာရှင်များနှင့် အားကစားသမားများကိုယ်စား ဤမေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ပဲခူးမြို့၊ ဥသာမြို့သစ်အားကစားကွင်း နွေရာသီသဲထူထပ်မှု အခြေအနေပြပုံ (ဆဆ)



ပဲခူးမြို့၊ ဥသာမြို့သစ်အားကစားကွင်း မိုးရာသီ အခြေအနေပြပုံ (ဆဆ-၁)



ပဲခူးမြို့၊ ဥသာမြို့သစ်အားကစားကွင်းအတွင်း ဘောလုံးပွဲကြည့်ရှုနေသော ပရိသတ်များပြပုံ (ဆဆ-၂)



**အချိန်၊ ၁၂:၅၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၂:၅၈။**

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်။ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာ့အားကစားအဆင့် တိုးတက်မြင့်မားလာစေရန် အဓိကအကျဆုံးမှာ နိုင်ငံသားတိုင်း ကျန်းမာရေးက အစပြုရမှာဖြစ်ပါတယ်။ အားကောင်းမောင်းသန် စွမ်းစွမ်းတမံရှိကြမှသာ အောင်မြင်မှုများ ရရှိနိုင်မည်ဆိုသည်ကိုလည်း သဘောပေါက်ထားသည့်အတိုင်း နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးသည် ပဓာနကျပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ(၅)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းမူဝါဒထဲမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်ရေး၊ ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားလူရည်ချွန်များ မွေးထုတ်နိုင်ရန် Excellent Sport နှင့် ပတ်သက်ပြီးတော့လည်း တစ်ချက်အပါအဝင် ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ ကျွန်မတို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသွားခဲ့သော ပြေးခုန်ပစ် ပြိုင်ပွဲမှာ ငွေ(၁)ခု၊ ကြေး(၂)ခု၊ လက်ဝှေ့ပြိုင်ပွဲမှာ ငွေ(၁)ခု၊ ကြေး(၂)ခု၊ ရေကူးပြိုင်ပွဲမှာတော့ နံပါတ်(၄)အဆင့်ပဲ ရရှိခဲ့ပါတယ်။ အရှေ့တောင်အာရှ အားကစားကို ပြိုင်တဲ့အခါမှာ ကျွန်မတို့ဟာ နိုင်ငံတော်ကနေပြီး အများကြီးအကုန်အကျခံထားသလိုပဲ နိုင်ငံတကာနည်းပြဆရာများကိုလည်း ခေါ်ယူလေ့ကျင့်ပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ Excellent Sport ကိုသွားဖို့ဆိုရင် ကျွန်မတို့ဟာ Mass Sport ကို အရင်ဆုံးဦးတည်ရပါတယ်။ Increased participation ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ပြီး ကျန်းမာရေးအဆင့်အတန်းကောင်းမွန်ပြီး ပိုမိုပါဝင်လာစေရန်အတွက် Mass Sport ကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုစိတ်လက်အပန်းဖြေပျော်ရွှင်ရေး (Recreation Sport)ရဲ့ ပြည်တွင်းပြည်ပပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ Competitive Sports များမှ အားကစားလှုပ်ရှားမှုများပါဝင်ရေးကို အဓိကထားပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ Sports နဲ့ ပတ်သက်တဲ့ Definition ကိုလည်း ကျယ်ကျယ်

ပြန့်ပြန့် နားလည်နိုင်ရန်အတွက် ကျွန်မတို့အနေနဲ့ awareness တွေပေးပြီး ဆောင်ရွက်လျက် ရှိနေပါတယ်။ Sports ကို လေ့လာလိုက်စားခြင်းအားဖြင့် လူ့ရဲ့ခန္ဓာကိုယ်ကို ကျန်းမာသန်စွမ်းခြင်း၊ Community Level မှာ ပိုပြီးတော့တစ်ဦးနဲ့တစ်ဦးတွေ့ဆုံခြင်း၊ နောက် Education Information များရရှိခြင်း၊ Life long Learning ကိုလည်း ရရှိခြင်းစတဲ့အချက်များကို မူတည်ပြီး ကျွန်မတို့ ဆောင်ရွက်လျက်ရှိနေပါတယ်။

မြန်မာ့အားကစား Vision ကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဟု သတ်မှတ်ဖော်ပြ ထားသည့်အတိုင်း ပြည်သူလူထုတစ်ရပ်လုံး အားကစားလှုပ်ရှားမှုအကျိုးကျေးဇူးများ ရရှိနိုင်စေရန် အတွက် ဆောင်ရွက်လျက်ရှိနေပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ဒီဇင်ဘာအားကစားလများဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များမှဦးစီးမှုဖြင့် အရှိန်အဟုန်မြှင့်ကျင်းပရေးဆောင်ရွက်ခြင်း၊ ဒီဇင်ဘာလအပြင် နိုဝင်ဘာ၊ ဇန်နဝါရီလများအထိ လူထုလမ်းလျှောက်ပွဲများ၊ လွတ်လပ်ရေးပြိုင်ပွဲများ၊ ပြည်ထောင်စုနေ့ ပြိုင်ပွဲများ၊ ငြိမ်းချမ်းရေးပြိုင်ပွဲများ စသဖြင့် ပြိုင်ပွဲပေါင်းများစွာကို Mass Sport ပါဝင်လာနိုင်စေရန် အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ Early Childhood Care Education Services နှင့် Adolescence, Young Adulthood National တို့ကို ဆောင်ရွက်နိုင်ဖို့အတွက် National PE seminar တို့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီးဌာန ပူးပေါင်းပြီးတော့ ဆောင်ရွက် ခဲ့ပါတယ်။ National Physical Education တက်လာမှသာလျှင် ကျွန်မတို့ရဲ့ အားကစား Excellent Sport ကို ရောက်ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် National Physical Education Seminar ကို ကျွန်မတို့ ကျင်းပခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့က အားကစားနှင့် ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီတို့ဦးဆောင်မှုနဲ့ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်ကို အကျိုးရှိရှိသုံးနိုင်ရေးအတွက် ဗလငါးတန်ဖွံ့ဖြိုးနိုင် စေရန်၊ မှန်ကန်သော အားကစားနည်းများပြန့်ပွားစေရန်၊ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဉာဏ်သွေး တိုးတက်စေရန်၊ လူငယ် သွေးသစ်၊ အားကစားသမားများ ပေါ်ထွန်းလာစေရေးတို့ကို အခြေခံ၍ နှစ်စဉ်နွေရာသီအခြေခံအားကစားသင်တန်းများကို အခြေခံပညာကျောင်းများနှင့် ညှိနှိုင်း၍ နေပြည်တော်၊ တိုင်းဒေသကြီး(၁၄)ခုတွင် နွေရာသီအခြေခံသင်တန်းများ၊ အဆင့်မြင့်သင်တန်း များကို အားကစားအဖွဲ့ချုပ်များ၊ စီမံချက် များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ခုနှစ်မှာ ကျင်းပခဲ့တဲ့ National Sport Seminar နဲ့ National Healthy life Style Seminar တို့မှ ထွက်ပေါ်လာတဲ့ အလုပ်ရုံဆွေးနွေးပွဲ ရလဒ်များကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစား တိုးတက်အောင်မြင်ရေး ရည်မှန်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်

လုပ်ငန်းစဉ်(၇)ရပ်ကို ချမှတ်၍ လမ်းညွှန်ပေးခဲ့ပါတယ်။ ၎င်းလုပ်ငန်းစဉ်များအရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနှင့် အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ နှင့် ပူးပေါင်း၍ Exercise is Medicine (EIM) အစီအစဉ်များကို တစ်ပြည်လုံးအတိုင်းအတာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်တဲ့အခါမှာ Physical Fitness Dance ကို အခြေခံပြီး ပါဝင်လှုပ်ရှားနေတာ တွေ့ရမှာဖြစ်ပါတယ်။ တေးဂီတနဲ့တွဲဖက်ရတဲ့ လှုပ်ရှားမှုကို လှုပ်ရှားနိုင်ရန် အတွက် နည်းပြသင်တန်းများ၊ နည်းပြဆင့်ပွားသင်တန်းများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနက တာဝန်ယူဖွင့်လှစ်ပေးပြီး သင်တန်းတက်ရောက်ပြီးသော အားကစားအရာရှိများ၊ ပညာရေး ဝန်ထမ်းများ၊ ဝန်ကြီးဌာနပေါင်းစုံမှ ဝါသနာရှင်များ၊ တက္ကသိုလ်၊ ကောလိပ်အခြေခံကျောင်းပေါင်းစုံမှ ဝါသနာရှင်များ၊ စက်ရုံ၊ အလုပ်ရုံ၊ ကျေးရွာ၊ ရပ်ကွက်များတွင်သာမက ဘိုးဘွားရိပ်သာ၊ နေရပ်စွန့်ခွာ စခန်းများ၊ အကျဉ်းထောင်များအထိ အသက်အရွယ်အလိုက် ကစားနိုင်မည့် လေ့ကျင့်ခန်းများကို သင်ကြားပေးလျက်ရှိနေပါတယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားနှင့်ကာယပညာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ထူးချွန်ထက်မြက်သော သွေးသစ် အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရေးအတွက် အားကစားနှင့် ကာယပညာပေါင်းစပ်သောသင်တန်း ကျောင်း(၆)ကျောင်းခန့်ကို ကျွန်မတို့ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီသင်တန်းကျောင်းတွေမှာ အားကစားနည်း(၂၃)နည်းကို သင်တန်းသားစုစုပေါင်း (၁၇၉၇)ဦး တက်ရောက်သင်ကြား လျက်ရှိနေ ပါတယ်။ စစ်တွေနဲ့ဟားခါးမြို့မှာလည်း ဆက်လက်ဖွင့်ဖို့အတွက် ဆောင်ရွက်လျက်ရှိနေပါတယ်။ အားကစားနှင့် ကာယပညာသိပ္ပံများကနေတစ်ဆင့် ရရှိလာတဲ့ကလေးတွေက နိုင်ငံတကာပြိုင်ပွဲ များမှာ ရွှေတံဆိပ်(၈၇)ခု၊ ငွေတံဆိပ်(၂၆၅)ခုနဲ့ ကြေးတံဆိပ်(၂၃၉)ခု စုစုပေါင်း(၅၉၁)ခု ရရှိအောင် ဆောင်ရွက်ပေးနေတာကို တွေ့ရှိရပါတယ်။ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ ထူးချွန် သောအားကစားသမားများကို အားကစားနည်းအလိုက် ထူးချွန်နည်းပြများ၊ အားကစားမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများအဖြစ် ခန့်အပ်ပြီး တာဝန်ပေးအပ်ခဲ့ ပါတယ်။

အားကစားနှင့် ကာယပညာသိပ္ပံမှတစ်ဆင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများကို ပြင်ပတက္ကသိုလ်များမှအောင်မြင်ပြီး အရည်အချင်းနှင့်ကိုက်ညီသူ များအား ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးရတနာပုံတက္ကသိုလ် တို့တွင် ဖွင့်လှစ်ထားသော B.Sc(Sport) သင်တန်းများကို နိုင်ငံတော်မှ စရိတ်အကုန်အကျခံပြီး ခေတ်မီသော အားကစားသိပ္ပံပညာရပ်များ တက်ရောက်သင်ကြားစေလျက်ရှိနေပါတယ်။ အားကစား ဆိုင်ရာသိပ္ပံပညာနှင့် အားကစားဆေးပညာတိုးတက်မှုဟာ အားကစားအဆင့်အတန်း မြင့်မားရေး အတွက် အင်မတန်မှ အရေးကြီးပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့

စင်ကာပူနိုင်ငံဟာဆိုရင် အားကစားသိပ္ပံပညာရပ်အတွက် အင်မတန်မှ တိုးတက်နေတဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ အားကစား Excellent အတွက် performent Centre ဆိုလည်း သူတို့က အကြီးအကျယ် တည်ဆောက်ထားတာဖြစ်ပါတယ်။ ဘရူနိုင်းနိုင်ငံအနေနဲ့ကလည်း အားကစားသိပ္ပံပညာရပ်ကို United Kingdom နိုင်ငံမှာသွားရောက်ပြီး Sport နဲ့ ပတ်သက်တဲ့ specialization တွေကို သွားရောက်ပြီးတော့ တက်နေတဲ့နိုင်ငံတွေလည်းဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

အားကစားနဲ့ဆိုင်တဲ့ကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများမှာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီးတော့ အားကစားသိပ္ပံနဲ့အားကစား ဆိုင်ရာညီလာခံကို ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့ ဇန်နဝါရီလတုန်းက Novotel Hotel မှာ ကျင်းပပြုလုပ်ခဲ့ပြီး အားကစားသိပ္ပံရဲ့ အရေးပါပုံကို နိုင်ငံတကာကနေပြီး တတ်ကျွမ်း နားလည်သောပညာရှင်များနဲ့ ပြုလုပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းများမှာလည်း ယခုလက်ရှိ ဆောင်ရွက်နေတဲ့လုပ်ငန်းများနဲ့ ပတ်သက်ပြီး သုံးသပ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်ပြီး သိပ္ပံကျောင်းများရဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ထောက်ပံ့ရေး၊ သင်တန်းသားစိစစ်ရွေးချယ်ရေး၊ လေ့ကျင့်အကဲဖြတ်ရေးစနစ်များ၊ အာဟာရဖွံ့ဖြိုးရေး၊ ကြွံခိုင်ရေး၊ ပညာရေးနှင့် စာသင်ကြားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနဲ့ဘဝ ရှေ့ရေးစတဲ့ ခေါင်းစဉ်တွေကို ဆွေးနွေးပြီးတော့ ကျွန်မတို့အနေနဲ့ အဖြေရှာနေတာလည်းရှိပါတယ်။

အားကစားနည်းစနစ်ဆိုင်ရာ အဆင့်မြင့်မားလာစေရေးအတွက် လက်ရှိ အားကစားနည်းပြ ဆရာများရဲ့ Human Capacity Ability ကို ကျွန်မတို့ မြှင့်တင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ပြည်တွင်းမှာလည်း နည်းပြသင်တန်းတွေကို ဆောင်ရွက်နေသလို ပြည်ပကိုလည်းစေလွှတ်ပြီး နည်းပြသင်တန်းတွေကို တက်ရောက်စေလျက်ရှိပါတယ်။ နိုင်ငံခြားပညာတော်သင်များကိုလည်း စေလွှတ်နေပါတယ်။ အားကစားဒီပလိုမာသင်တန်း (၂၁)ဦး တက်ရောက်နေပြီး အားကစားမဟာ သိပ္ပံဘွဲ့ကို (၅)ဦး တက်ရောက်နေပါတယ်။ အားကစားဆေးပညာသင်တန်းကိုလည်း (၂)ယောက် တက်ရောက်ပြီးနေတာကို တွေ့နေပါတယ်။ ဒါကြောင့် ဌာနတွင်းမှာ စည်းကမ်းကောင်းမွန်၍ စိတ်ဓာတ် တိုးတက်မြင့်မားပြီး လုပ်ငန်းစွမ်းရည်မြှင့်တင်နိုင်ရန်အတွက်လည်း ဝန်ထမ်းများက အင်္ဂလိပ်စာနဲ့ ကွန်ပျူတာဘာသာရပ်များ တိုးတက်လာရေးဆောင်ရွက်လျက်ရှိနေပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ အားကစားနှင့်ဆိုင်တဲ့လုပ်ငန်းများ တည်ဆဲ ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် အားကစားဆိုင်ရာ ဥပဒေအကြံပေးအဖွဲ့ကိုလည်း အဖွဲ့ဝင်(၁၁)ဦးနဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ အားကစားဆေးပညာ၊ အားကစား စိတ်ပညာ၊ အားကစားအာဟာရပညာ တိုးတက်မြင့်မားလာစေရေးနှင့်အတူ အားကစား တားမြစ် ဆေးဝါးသုံးစွဲမှုကာကွယ်ရေးကိုလည်း ဆောင်ရွက်နေတဲ့အတွက်ကြောင့် Scientific Sport Training များအဖြစ် ကူးပြောင်းနိုင်ရန်အတွက် ကျွန်မတို့ အားနှင့်ခွန်နှင့် ဆောင်ရွက်လျက်ရှိနေပါတယ်။

Scholarship Program အရလည်း ကျွန်မတို့ ဂျပန်နိုင်ငံကို Letter of Agreement တွေထိုးပြီး စေလွှတ်လျက်ရှိနေပါတယ်။ ယခုအချိန်မှာ ကရာတေးလို အားကစားသမားများဟာ ဂျပန်နိုင်ငံမှာ ကျောင်းအိပ်ကျောင်းစား အခမဲ့အဖြင့် လေ့ကျင့်လျက်ရှိနေပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အားကစားနှင့် ကာယပညာသိပ္ပံမှ ကရာတေးအားကစား သမားများကိုလည်း ဆက်လက်လေ့ကျင့်ပေးပြီးတော့ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ အားကစားအထူးပြု B.Sc Sport(Hons;) ရရှိတဲ့ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း (၉)ဦးကိုလည်း မဟီဒေါတက္ကသိုလ်သို့ပို့ပြီး ကာလအချိန်တို ပညာသင်ကြားဖို့ စေလွှတ်လျက်ရှိပါတယ်။ မြန်မာ့အားကစား ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက်၊ လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရန် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင် အားကစားနည်းများအား စုပြုံသင်ကြားခြင်းမပြုတော့ဘဲ အားကစားနည်းများခွဲကာ နည်းပြများ၊ အားကစားလေ့ကျင့်မှုပစ္စည်းများ အပြည့်အစုံရှိသော ကျောင်းများကို ခွဲပို့ပြီးတော့ လေ့ကျင့်မည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိနေပါတယ်။ အားကစားဆိုတာ ကျွန်မတို့ လေ့ကျင့်သင်ကြားရုံနဲ့မပြီးဘဲ ပြိုင်ပွဲများကိုလည်း စဉ်ဆက်မပြတ် လိုအပ်နေတဲ့အတွက်ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ဒေသတွင်း၊ အာရှတွင်း ရေပန်းစားလျက်ရှိတဲ့ အားကစား (၂၈)နည်းကို အဓိကထားပြီး တိုင်းဒေသကြီး၊ ပြည်နယ် အားကစားပြိုင်ပွဲ (၃၁)မျိုးကို တစ်နှစ်ပတ်လုံး ကျင်းပပေးလျက်ရှိနေပါတယ်။

သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့်ပူးပေါင်းပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား၊ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲများကို အခါအားလျော်စွာ ကျင်းပခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ပြီး ကျောင်းတွင်းပြိုင်ပွဲများ၊ ပြည်နယ်နှင့် တိုင်းပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကို ပြန်လည်အသက်သွင်း ဆောင်ရွက်ခြင်း၊ တက္ကသိုလ်ပေါင်းစုံ၊ ကောလိပ်ပေါင်းစုံပြိုင်ပွဲအဆင့်များကိုလည်း ပြန်လည်အသက်သွင်း ဆောင်ရွက်နေပါတယ်။ အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ အားကစားပြိုင်ပွဲများကျင်းပရာတွင်ကူညီပံ့ပိုးခြင်း၊ တပ်မတော်အားကစားတိုးတက်မြင့်မားရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် အားကစားအခြေခံ တိုးတက်လာစေရေးအတွက် ဒေသအလိုက်ပြိုင်ပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေပါတယ်။ အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှပြိုင်ပွဲ၊ အရှေ့တောင်အာရှပြိုင်ပွဲ၊ ဖိတ်ခေါ်ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုရရှိစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအတွက် ပြည်ပနိုင်ငံမှ ကျွမ်းကျင်နည်းပြဆရာများ ခေါ်ယူငှားရမ်းပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ အရှေ့တောင်အာရှပြိုင်ပွဲမှာ ကျွမ်းကျင်သူနိုင်ငံခြားနည်းပြ (၁၅)ဦးကို ငှားရမ်းပေးခဲ့ပါတယ်။ ဖိတ်ခေါ်ပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ခြင်း၊ ပူးတွဲလေ့ကျင့်ခြင်းများ စေလွှတ်ခြင်း၊ ပြည်ပပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အားကစားလုပ်ငန်းများ အောင်မြင်စေရန်အတွက် အခြားနိုင်ငံများနည်းတူ လူမှုရေးတွင်လည်း ပါဝင်ကြသည့် အားကစားနည်းအလိုက် မြန်မာ့အားကစား အဖွဲ့ချုပ်များကိုလည်း ပြန်လည်အသစ်ဖွဲ့စည်းရန် (၂)နှစ်တိတိ ကျွန်မတို့ အချိန်ယူခဲ့ရပါတယ်။ အချိန်ယူပြီးတဲ့အခါမှာ Constitution များ၊ ၎င်းတို့ရဲ့ ဥပဒေများကို ပြန်လည်ရေးဆွဲပြီး ဆောင်ရွက်ပေးခဲ့ရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအနေနဲ့လည်း အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ အာရှအိုလံပစ်ကော်မတီ၊ အရှေ့တောင်အာရှအိုလံပစ်ကော်မတီများ၊ အခြားအိုလံပစ်ကော်မတီများနှင့် ပူးပေါင်းပြီးတော့လည်း ဆောင်ရွက်လျက်ရှိနေပါတယ်။ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများရရှိရေးအတွက် ကျွန်မတို့ ခေတ်မီကွင်းတွေ၊ ရုံတွေ မဖြစ်မနေလိုအပ်နေတဲ့အတွက်ကြောင့် ကွင်းတွေ၊ ရုံတွေကိုလည်း ကျွန်မတို့ ဆက်လက်ပြီးတော့ တည်ဆောက်ပေးလျက်ရှိပါတယ်။ ရရှိတဲ့ နိုင်ငံတော်ရဲ့ဘတ်ဂျက်နဲ့အတူ ကျွန်မတို့ တည်ဆောက်ပေးလျက်ရှိပါတယ်။

ဆက်လက်ပြီး ကျွန်မတို့ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကတော့ ကျွန်မတို့သည် Policy များချမှတ်ခြင်း၊ Good Government တွေဆောင်ရွက်ခြင်း၊ World Force Development များကိုဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပများနှင့် Collaboration ဖြစ်အောင်ဆောင်ရွက်ခြင်းများနဲ့ Research သုတေသနလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ လေ့ကျင့်မွေးထုတ်ပေးနိုင်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ တကယ်တော့ ကျွန်မတို့ National Sport System ဟာ ကောင်းမွန်စွာတည်ဆောက်နိုင်ဖို့အတွက် ကျွန်မတို့အနေနဲ့ Expert များ Technical Advisor များကို ခေါ်ယူပြီးတော့ ဆက်လက်ဆောင်ရွက်သွားဖို့ လိုအပ်နေတာဖြစ်တဲ့အတွက် ဒါကိုလည်း International အိုလံပစ်ကော်မတီနဲ့ ဆွေးနွေးထားပြီးတော့ ဆောင်ရွက်ပေးဖို့လည်းလုပ်နေပါတယ်။ Sport Marketing ကလည်း အင်မတန်မှအရေးကြီးပါတယ်။ ငွေရရှိနိုင်ရေးအတွက် နိုင်ငံတော်၏ပံ့ပိုးမှုအပြင် မိမိတို့အနေနဲ့လည်း တခြား Sport Marketing နဲ့ ရရှိနိုင်တဲ့လုပ်ငန်းများကို ဆောင်ရွက်ဖို့အတွက် Sport Marketing ကော်မတီကိုလည်း ဖွဲ့စည်းပြီးတော့ ဒီ IOC (International Olympic Committee) နဲ့ချိတ်ဆက်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ္ဍာငွေ ခွဲဝေမှုအပေါ်မူတည်ပြီးတော့ Special Project များ၊ Full Facilities Scientific Training Centre တစ်ခုကို ကျွန်မတို့ တည်ဆောက်နိုင်မှသာလျှင် ကျန်အရှေ့တောင်အာရှနိုင်ငံများနှင့် တန်းတူလိုက်နိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ လွှတ်တော်များ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ အားကစားဝါသနာရှင်များ၊ စေတနာရှင်များ၊ မီဒီယာများနှင့် ပြည်သူများ၏ အားပေးကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်သွားမည်ဆိုပါက ကျွန်မတို့၏ အရှေ့တောင်အာရှအဆင့်အတန်းက

ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်တွင် လူဦးရေ (၂၇၉၀၉၅)ဦးနေထိုင်လျက်ရှိပြီး ခုတင်(၁၀၀)ဆံ့ သထုံပြည်သူ့ဆေးရုံနှင့် သိမ်ဆိပ်တိုက်နယ်ဆေးရုံ စုစုပေါင်း (၂)ရုံ ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ သထုံခရိုင်၊ သထုံမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၏ ဆေးရုံလုပ်ငန်းဆောင်ရွက်ချက် (၅)နှစ်စာမှာ (၁၃၆)ဦးရှိတာကို တွေ့ရှိရပါတယ်။ ပျမ်းမျှအနေနဲ့ ဆေးရုံခွင့်ပြု ခုတင်အသုံးချမှုရာခိုင်နှုန်းဟာ (၁၃၆)ရာခိုင်နှုန်းရှိတာကို ကျွန်မတို့အနေနဲ့ တွေ့ရှိရပါတယ်။ ဆေးရုံခွင့်ပြု ခုတင်အသုံးချမှုရာခိုင်နှုန်းမှာ (၅)နှစ်စာ ပျမ်းမျှ (၁၃၆)ရာခိုင်နှုန်းရှိတဲ့အတွက်ကြောင့် ဆေးရုံခွင့်ပြုတဲ့ ခုတင်အသုံးချမှုနှုန်း ၂၀၁၉ ခုနှစ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့မူအရ အနည်းဆုံး(၂၀၀)ရာခိုင်နှုန်း ရှိရမည့်အချက်နှင့်ပတ်သက်၍ ပြည့်မီရန်လိုအပ်နေသော်လည်း သထုံမြို့နယ်သည် ရန်ကုန် – မော်လမြိုင်၊ ရန်ကုန်– ထားဝယ်၊ ရန်ကုန်–ဘားအံကားလမ်းမကြီးဘေးတွင် တည်ရှိလျက်ရှိပြီး ယာဉ်မတော်တဆ ထိခိုက်ဒဏ်ရာရမှုများပြားနေသောနေရာတစ်ခုလည်းဖြစ်နေတာကို တွေ့ရပါတယ်။

အတွင်းလူနာဦးရေမှာ တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားနေပါတယ်။ သထုံပြည်သူ့ဆေးရုံသည် မြို့နယ်လူဦးရေတွင် သထုံခရိုင် (၄)မြို့နယ်မှာ ပြည်သူများနှင့် နီးစပ်ရာ ကရင်ပြည်နယ်အတွင်းရှိ ကမမောင်း၊ ဖာပွန်၊ မြိုင်ကလေးကျေးရွာ၊ ပဲခူးတိုင်းဒေသကြီးရှိ ရွှေကျင်၊ ဝေါတို့မှ လူနာများလည်း လာရောက်ကုသလျက်ရှိပါတယ်။ ကျောက်ကပ်သွေးသန့်စင်ဌာနလည်း ဖွင့်လှစ်ထားသဖြင့် သထုံခရိုင်ပြည်သူ့ဆေးရုံသည် ခွင့်ပြုခုတင်(၁၀၀)မှ ခွင့်ပြုခုတင်(၂၀၀)သို့ တိုးမြှင့်ရန် လိုအပ်လျက်ရှိနေပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မွန်ပြည်နယ်၊ သထုံခရိုင် ခုတင်(၁၀၀)ဆံ့ သထုံပြည်သူ့ဆေးရုံအား ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးအဖြစ်သို့ ဖွဲ့စည်းပုံအဆိုပြုတင်ပြရာတွင် မွန်ပြည်နယ်အစိုးရထံသို့ မြေနေရာလုံလောက်မှု ရှိ/မရှိ အဆောက်အအုံထပ်မံဆောင်ရွက်ရန် လို/မလို နယ်မြေဒေသအခြေအနေနှင့် မြေပြင်အမှန်တကယ် လိုအပ်မှုရှိ/မရှိတို့ကို စိစစ်ပြန်ကြားပေးနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀–၂–၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၇မခ(ထ) ၂၀၂၀(၆၇၆)/၃၂၅၄ ဖြင့် ညှိနှိုင်းခဲ့ပါတယ်။ အကြောင်းပြန်ကြားလာခြင်းမရှိသေးပါ။ ၆–၃–၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၇မခ(ထ)၂၀၂၀(၆၇၆)/၄၂၇၈ ဖြင့် အမြန်အကြောင်းပြန်ပေးပါရန် ထပ်မံညှိနှိုင်းထားပါတယ်။

ယနေ့ ကျွန်မ လာရောက်ဖြေဆိုတဲ့အချိန်ထိ မွန်ပြည်နယ်အစိုးရအဖွဲ့ထံမှ အကြောင်းပြန်ကြားစာ ရရှိခြင်းမရှိသေးပါ။ သဘောတူညီချက်ရရှိပါလျှင် ဖွဲ့စည်းပုံခွင့်ပြုမိန့်ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ၆-၆-၂၀၁၉ ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ အမှတ် (၃၇/၂၀၁၉) ပါ မူဝါဒ စီမံကိန်းဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့မှ ထုတ်ပြန်ထားသော သဘောထားမှတ်ချက်များနှင့်အညီ အဆိုပြုချက်များအား ဥက္ကဋ္ဌ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့လည်းကောင်း ညှိနှိုင်းတင်ပြ၍ သဘောတူညီချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွေဦး ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်အတွင်း ဆေးရုံများနှင့် ဆေးခန်းများ၌ သူနာပြုများ အထူးအမြန်လိုအပ်လျက်ရှိရာ နိုင်ငံတော်တွင် သူနာပြုသင်တန်းကျောင်း အသီးသီးသည် လိုအပ်သောသူနာပြုအရေအတွက်ကို ပြည့်မီအောင် မွေးထုတ်ပေးနိုင်ခြင်းမရှိသောကြောင့် လက်ရှိကျန်းမာရေးဝန်ထမ်းများနှင့် မနိုင်မနင်းဖြစ်နေရတဲ့ ဒုက္ခများခံစားနေရတယ်ဆိုပြီး မေးမြန်းထားတာဖြစ်ပါတယ်ရှင်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဌာနသည် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အစဉ်ရှင်သန် ဖွံ့ဖြိုးစေရန်အတွက် စီမံကိန်းရည်မှန်းချက်များ ပြည့်မီစေရန် အဓိကကျသော ကျန်းမာရေးလူ့စွမ်းအားစုကို စီမံကိန်းလိုအပ်ချက်နှင့်အညီ နောင်တိုးတက်လာမည့် လူဦးရေ၊ ကျန်းမာရေးအဆင့်အတန်း၊ လူမှုရေးပုံစံများနှင့် လိုက်လျောညီထွေရှိပြီး အရည်အချင်းမြင့်မားသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များဖြင့် လေ့ကျင့်မွေးထုတ်ပေးနေသော သူနာပြုသင်တန်းကျောင်း(၂၇)ကျောင်း၊ သားဖွားသင်တန်းကျောင်း(၂၃)ကျောင်းနှင့် နှီးနွှယ်သင်တန်းကျောင်း(၃)ကျောင်း၊ သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်ရေးသင်တန်းကျောင်း၊ ဗဟိုအိမ်တိုင်ရာရောက် သားဖွားသင်တန်းကျောင်း၊ အမျိုးသမီး ကျန်းမာရေးဆရာမ သင်တန်းကျောင်း စုစုပေါင်း(၅၃)ကျောင်းနှင့် သူနာပြုတက္ကသိုလ်(၂)ကျောင်းတို့ ရှိနေပါတယ်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ၁၉၆၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ သူနာပြု၊ သားဖွားဒီပလိုမာ(၃၆၈၃၂)ဦး၊ သူနာပြုသိပ္ပံဘွဲ့ပုံမှန်(၅၀၅၂)ဦး စုစုပေါင်း(၄၁၈၈၄)ဦးအား မွေးထုတ် ပေးခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်၏ သူနာပြုလိုအပ်ချက်များအရ ၂၀၁၈-၂၀၁၉ စီမံချက်ကာလ(၂)နှစ်တွင် သူနာပြုကိုနှစ်ဆတိုး၍မွေးထုတ်ရန် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊

သားဖွားသင်တန်းကျောင်းနှင့် သူနာပြုနှီးနွှယ်သင်တန်း၊ နှီးနွှယ်ကွင်းဆင်းလေ့ကျင့် သင်တန်းကျောင်းတွင် သူနာပြု သားဖွားဒီပလိုမာ(၃)နှစ် သင်တန်းများကို တိုးမြှင့်သင်ကြားပေးလျက်ရှိပါတယ်။

ထို့အပြင် သူနာပြုလိုအပ်ချက်များရှိနေပါသဖြင့် ဒုတိယစီမံချက်ကာလ(၂)နှစ် ပြန်လည်ရေးဆွဲကာ ထပ်မံပိုမိုမွေးထုတ်နိုင်ရန်အတွက် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်(၂)နှစ်တွင်လည်း သူနာပြုသားဖွားဒီပလိုမာ(၄၃၀၀)ဦးနှင့် သူနာပြုသိပ္ပံပုံမှန် (၅၀၀)ဦးထိ ထပ်မံမွေးထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၀ ခုနှစ်မှာ မွေးထုတ်ပေးသော သူနာပြုပေါင်း(၂၉၃၅)ဦး၊ လစ်လပ်လျက်ရှိသော သူနာပြုပေါင်း(၁၂၁၅၂)ဦး လိုအပ်ချက်(၉၂၁၉)ဦး၊ ၂၀၂၁ ခုနှစ်တွင် မွေးထုတ်သူနာပြု(၃၇၆၈)ဦး၊ လစ်လပ်(၉၂၁၇)ဦး၊ လိုအပ်ချက်(၅၄၄၉)ဦး၊ ၂၀၂၂ ခုနှစ်တွင် မွေးထုတ်သူနာပြု(၃၉၂၃)ဦး လစ်လပ်လျက်ရှိသော (၅၄၄၉)ဦးနဲ့ လိုအပ်ချက်(၁၅၂၆)ဦးနဲ့ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် သူနာပြုအင်အားများပိုမိုရရှိလာမည့် အစီအစဉ်များဖြင့် စီမံထားရှိလျက်ပါတယ်။

ခေတ်စနစ်အရ ဖြစ်ထွန်းလာတဲ့ နိုင်ငံတကာအသိအမှတ်ပြုသူနာပြု သားဖွားသင်တန်းကျောင်းများ ပေါ်ထွန်းနိုင်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ Accreditation Guidelines များအရလည်း လိုအပ်သည်ဖြစ်သောကြောင့် နိုင်ငံတော်၏ သူနာပြုလိုအပ်ချက်အရ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစတင်၍ သားဖွားသင်တန်းကျောင်း (၇)ကျောင်းနှင့် နှီးနွှယ်သင်တန်းကျောင်း(၁)ကျောင်းတို့တွင် သူနာပြုမွေးထုတ်ရန် ဆောင်ရွက်လျက်ရှိရာ ၎င်းကျောင်းများမှ သင်တန်းဆင်းသူနာပြုများအား သူနာပြုလိုင်စင်ထုတ်ပေးသည့်အခါ အခက်အခဲများရှိသည့်အတွက် ၎င်းကျောင်းများကို သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအဖြစ် အမည်ပြောင်းလဲရန်နှင့် ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရန်အတွက် ၆-၁-၂၀၁၈ ရက်နေ့မှ ၁၇-၁-၂၀၁၈ ရက်နေ့များတွင်လည်းကောင်း၊ ၁၈-၃-၂၀၁၉ နဲ့ ၁၉-၃-၂၀၁၉ ရက်နေ့များတွင်လည်းကောင်း ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်များနှင့်ညှိနှိုင်း၍ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတွင် ၁၅-၅-၂၀၁၉ ရက်နေ့၌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ သားဖွားနှင့် သားဖွားကောင်စီအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးပြီး ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် မွေးထုတ်မည့် သင်တန်းသား၊ သင်တန်းသူများ ကျောင်းဆင်းချိန်မီ ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် ကျေးရွာပေါင်း (၂၀၃)ရွာ၊ အိမ်ခြေစုစုပေါင်း(၉၈၅၃)အိမ်၊ လူဦးရေစုစုပေါင်း (၅၅၇၀၅)ဦးရှိပြီး ကျန်းမာရေး

စောင့်ရှောက်ရန်အတွက် တိုက်နယ်ဆေးရုံ၊ တိုက်နယ်ကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၈)ဌာန၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)(၄၄)ဌာန၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန(၁)ခုတို့ ဖွင့်လှစ်ထားပါတယ်။ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအဖြစ် လက်ထောက်ကျန်းမာရေးမှူး(၅)ဦး၊ မြို့နယ်အဆင့် သူနာပြု(၁)ဦး၊ ကြီးကြပ်ကျန်းမာရေး မြို့နယ်သူနာပြုအဆင့်(၁)(၁)ဦး၊ ကျန်းမာကြီးကြပ်(၁)(၃)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၉)ဦး၊ သားဖွားဆရာမ(၅၄)ဦး၊ ကျန်းမာရေးကြီးကြပ်(၂)(၆၂)ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်လျက်ရှိပါတယ်။

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှာ(၂၃)မိုင်၊ အေးသာယာကျေးရွာသည် ဝမ္မသူးကျေးလက်ကျန်းမာရေးဌာန၊ လီလောင်းကျေးလက်ကျန်းမာရေးဌာန(ခွဲ)အောက်ရှိ ကျေးရွာတစ်ရွာ ဖြစ်ပြီး ၎င်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် (၂၁)မိုင်၊ ဝမ္မသူးကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် (၄၇)မိုင်၊ ခုတင်(၁၅၀)ဆံ့ မင်းတပ်ဆေးရုံနှင့် (၂၃)မိုင်ကွာဝေး၍ ဆိုင်ကယ်များဖြင့် သွားလာနိုင်ပါသည်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံ ဆောက်လုပ်ရန် မြေနေရာ (၀.၃၂၀)ဧကအား ပုံစံ(၁၀၅)(၁၀၆)ရရှိထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ လက်ရှိ(၂၃)မိုင် အေးသာယာကျေးရွာအား လီလောင်းကျန်းမာရေးဌာန(ခွဲ) သားဖွားဆရာမများမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော်လည်း ကျေးရွာများလွန်းခြင်း၊ ကျေးရွာ(၈)ရွာရှိနေခြင်း၊ အချိန်နှင့်တစ်ပြေးညီ လက်လှမ်းမီအောင် ဆောင်ရွက်ရန် ခက်ခဲခြင်းများနှင့် နှစ်စဉ်ကြုံတွေ့နေရပါသဖြင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးမှု ရရှိပါက ကျေးရွာပေါင်း(၈)ရွာ အိမ်ခြေပေါင်း(၁၅၃)အိမ်၊ လူဦးရေ စုစုပေါင်း (၈၂၇)ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မည်ဖြစ်သောကြောင့် (၂၃)မိုင် အေးသာယာကျေးရွာတွင် ကျေးလက်ကျန်းမာရေးတစ်ခု ဖွင့်လှစ်ပေးသင့်ပါကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဌာနမှူးမှ ထောက်ခံတင်ပြထားပြီး အခြေခံမူ(၆)ချက်အနက် (၄)ချက်နှင့်လည်း ကိုက်ညီပါသဖြင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဖွင့်လှစ်ရရှိနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၆-၆-၂၀၁၉ ရက်စွဲဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများက နိုင်ငံ့ဝန်ထမ်း ဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် မူဝါဒများနှင့်အညီစိစစ်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ၏ မေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ မြန်မာ့ဘောလုံး အားကစားဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် Myanmar National League ဘောလုံးပြိုင်ပွဲများ ကျင်းပနိုင်ရန်အတွက် နိုင်ငံတော်ပိုင် ဘောလုံး အားကစားကွင်း(၂၄)ကွင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်များသို့

BOT စနစ်ဖြင့် ၈-၁၁-၂၀၁၀ ရက်နေ့မှစပြီး ကနဦး(၃)နှစ် အခမဲ့ငှားရမ်းခဲ့၍ ငှားရမ်းသည့် ကာလမရောက်သည့်အချိန်မှစ၍ သတ်မှတ်ငှားရမ်းခဖြင့် (၅)နှစ် (၁)ကြိမ် စာချုပ်ချုပ်ဆို၍ နှစ်ပေါင်း (၃၀) နှစ်ရှည်ငှားရမ်းခဲ့ရာ ပဲခူးတိုင်းဒေသကြီး တိုင်းအားကစားကွင်းသည်လည်း ပါဝင်ခဲ့ပါတယ်။ ပဲခူးတိုင်းအားကစားကွင်းအား ဟံသာဝတီယူနိုက်တက်၊ ယခင် ဥသာယူနိုက်တက်ကလပ်အသင်းမှ ငှားရမ်းအသုံးပြုခဲ့ပါတယ်။ အဆိုပါတိုင်းအားကစားကွင်းတွင် မီတာ(၄၀၀)ပြေးလမ်းပါရှိပြီး ဟံသာဝတီ ယူနိုက်တက်အသင်းသည် တိုင်းအားကစားကွင်းအား အဆင့်မြှင့်တင်ရန်အတွက် ဘောလုံးကွင်းအား အရှေ့ဘက်သို့ရွှေ့၍ ဖောက်လုပ်ခဲ့ပြီး အထူးတန်းပွဲကြည့်စင်နေရာတွင် ကားပါကင်နှင့် ပွဲကြည့်စင် အသစ်အား တည်ဆောက်ခဲ့ပါသဖြင့် မီတာ(၄၀၀)ပြေးလမ်းပါဝင်တော့ခြင်း မရှိသည်ကို တွေ့ရှိရ ပါတယ်။

ပဲခူးတိုင်းကိုယ်စားပြု ဘောလုံးအသင်းသည် ယခင်ပြည်နယ်နှင့် တိုင်းပြိုင်ပွဲများတွင် ဆုပေါင်းများစွာ ရရှိပါတယ်။ ပြေးခုန်ပစ်ပြိုင်ပွဲများတွင်လည်း နိုင်ငံ့ကိုယ်စားပြုလက်ရွေးစင်(၁၉)ဦး၊ ပဲခူးတိုင်းဒေသကြီးမှ မွေးထုတ်ပေးခဲ့ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့သည့် ပဲခူးမြို့၊ ဥသာမြို့သစ်ကွင်းကို အားကစားကွင်း မြေညှိ၊ မြေဖို့၊ စက်ကြိတ်ခြင်းလုပ်ငန်း ပွဲကြည့်စင် (၄၀x၂၀) ပေ Steel Structure တည်ဆောက်ခြင်း၊ အများသုံးအိမ်သာ RC (၄)ခန်းတွဲတည်ဆောက် ခြင်းနဲ့ အထူးဧည့်ခန်းသုံးအိမ်သာ (၁)ခန်း ထည့်သွင်းတည်ဆောက်ခြင်း၊ အဝီစိတွင်း တူးခြင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်း၊ ဂါလံ(၁၀၀၀)ဆံ့ရေတိုင်ကီနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများအား ငွေကျပ် (၅၇)သန်းဖြင့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် စာချုပ်ချုပ်ဆို၍ လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မတ်လတွင် လုပ်ငန်းများ လွှဲပြောင်းလက်ခံယူခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီးသည် နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးသမားများ၊ ပြေးခုန်ပစ် အားကစား သမားများကို အစဉ်တစိုက် မွေးထုတ်ပေးခဲ့သည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည့်အတွက် ပဲခူးတိုင်း ဒေသကြီးမှာ နိုင်ငံ့ဂုဏ်ဆောင်ဘောလုံး အားကစားသမားများ၊ ပြေးခုန်ပစ်အားကစားသမားများ ဆက်လက်ထွက်ပေါ်လာ စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ် အားကစား ကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သည့် ရေစိမ့်မြောင်းပြုလုပ်ခြင်း၊ အတွင်း/အပြင် ရေနုတ်မြောင်း ပြုလုပ်ခြင်း၊ Drain Cover ပြုလုပ်ခြင်း၊ ကတ်တုံးစီခြင်း၊ ဘောလုံးကွင်းပြုပြင်ခြင်း၊ မြက်ပြန်စိုက်ခြင်း၊ ဂိုးတိုင်စိုက်ခြင်း၊ 440 Volt Line နှင့် 3" Diameter Power Meter တပ်ဆင်ခြင်း၊ ပေ(၂၀)အကျယ် မီတာ(၄၀၀)ရာဘာပြေးလမ်းခင်းခြင်း၊ Score Board ပြုလုပ်ခြင်း၊ Ground Tank ပြုလုပ်ခြင်း၊ ပွဲကြည့်စင်(၄)စင် အမိုးမိုးခြင်း၊ 4" Tube Well နှင့် ဆက်စပ်ပစ္စည်းများ ရေပိုက်သွယ် တန်းခြင်း၊ (၁၄၀၀)တို့အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေတွင် ငွေကျပ် (၇၀၀)သန်းဖြင့် ထည့်သွင်းလျာထား တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက

ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ရှင်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၀၁:၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၀၁:၂၅။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်လှဌေး (ခ)ဒေါ်အုန်းကြည် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်း သွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊၁/အမ(ကော်မတီ-၁ ) ၁/ ၂၀၂၀ - ၀၇၂

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ၅-၂-၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဗိုလ်ကြီးဒေါ်သန်းသန်းဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တို့က ၁၄-၂-၂၀၂၀ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း

ကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၊ မြန်မာနိုင်ငံကျန်းမာရေးမှုးများအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၈-၂-၂၀၂၀ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

## လေ့လာတွေ့ရှိချက်

၂။　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးမှုးကောင်စီဥပဒေကြမ်းကို လေ့လာစိစစ်ရာ -

(က) ပိုမိုပြည့်စုံမှုရှိစေရန်နှင့် ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ဥပဒေကြမ်း ခေါင်းစဉ်နှင့် အပိုဒ် ၁ တို့တွင် ဖော်ပြထားသော ကျန်းမာရေးမှုးကောင်စီဥပဒေ ဆိုသည့် စကားရပ်ကို ကျန်းမာရေးမှုးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကောင်စီ ဥပဒေ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် (၃)၊ အပိုဒ်ခွဲ(ဃ) ၏ နောက်တွင် အပိုဒ်ခွဲ(င)အဖြစ် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆိုသည့် စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၀၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော နုတ်ထွက်ခြင်း ဆိုသည့်စကားရပ်ကို မိမိဆန္ဒအရ နုတ်ထွက်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(င) တွင်ဖော်ပြထားသည့် စကားရပ်များအစား စိတ်ကျန်းမာရေးချို့ယွင်းသူဟု မှတ်ချက်ပေးပိုင်ခွင့်ရှိသူက မှတ်ချက်ပြုခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ကောင်စီ၏ ပုံမှန်အစည်းအဝေးများကို (၆)လ တစ်ကြိမ် ခေါ်ယူကျင်းပရမည် ဆိုသည့်စကားရပ်ဖြင့် အသီးသီးပြင်ဆင်ဖြည့်စွက်သင့်ကြောင်းနှင့် အဆိုပြုပြင်ဆင်ချက် အပိုဒ် ၂၊ အပိုဒ်ခွဲ(စ) နှင့် အပိုဒ် ၁၁ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း ညှိနှိုင်း သဘောတူညီမှုရရှိခဲ့ပါသည်။

(ခ) ပိုမိုပြည့်စုံမှုရှိစေရန်နှင့် ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်တို့အတွက် ပြင်ဆင်ထားပြီး ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲများကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသဖြင့် ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ၊ မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက် နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၀၁:၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၀၁:၃၁။**

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ကျွန်တော် ဦးစိုးမိုး ကနေပြီး တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီ ပြင်ဆင်ချက်ဖြစ်တဲ့ ဥပဒေကြမ်း ခေါင်းစဉ်နှင့် အပိုဒ် ၁ တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ် နှင့် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၂(ဂ)(ဈ)(ဋ)(ဌ)(ဍ)(ဎ)၊ အပိုဒ် ၃(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၄(က) ခြေဆင်း၊ အပိုဒ် ၄(က)အပိုဒ်ခွဲငယ်(၆)၊ အပိုဒ် ၆၊ အပိုဒ် ၈(ခ)၊ အပိုဒ် ၉ (က)(ခ)(ဃ)(င)(စ)(ဆ)(ဎ))တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ အပိုဒ်ခွဲ (ဂ) (ဈ)(ဋ)(ဌ)(ဍ)(ဎ)၊ အပိုဒ် ၃ အပိုဒ်ခွဲ (ခ) (ဂ)(ဃ)(င)၊ အပိုဒ် ၄ အပိုဒ်ခွဲ(က) ခြေဆင်း၊ အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၆)၊ အပိုဒ် ၆၊ အပိုဒ် ၈ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၉ အပိုဒ်ခွဲ (က)(ခ)(ဃ) (င)(စ)(ဆ)(ဎ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀ အပိုဒ်ခွဲ (ဂ)နဲ့(င)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ အပိုဒ်ခွဲ (က)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀

အပိုဒ်ခွဲ (က)၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ခြေဆင်းတို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ ခြေဆင်း၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ)(င)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ အပိုဒ်ခွဲ (က)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ အပိုဒ်ခွဲ (က)၊ အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၂၅၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၀၊ အခန်း (၁၂) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၂ အပိုဒ်ခွဲ (က) ခြေဆင်း၊ အပိုဒ် ၃၂ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၃) (၄)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ (ခ) ခြေဆင်း၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၄၁ အပိုဒ်ခွဲ (ခ) တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၅၊ အပိုဒ် ၂၆ အပိုဒ်ခွဲ (က)၊ အပိုဒ် ၃၀၊ အခန်း (၁၂) အခန်းခေါင်းစဉ်၊ အပိုဒ် ၃၂ အပိုဒ်ခွဲ (က) ခြေဆင်း၊ အပိုဒ် ၃၂ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၃)(၄)၊ အပိုဒ် ၃၂ အပိုဒ်ခွဲ (ခ) ခြေဆင်း၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၄၁ အပိုဒ်ခွဲ(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပယ်ဖျက်ချက်ဖြစ်တဲ့ အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ (စ)၊ အပိုဒ် ၈(ခ)၊ အပိုဒ် ၉ အပိုဒ်ခွဲ(တ)၊ အပိုဒ် ၁၁၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ) တို့ကို လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။　။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင်တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ယခု ပြင်ဆင်ချက်များဖြင့် အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း လွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။　။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၀၁:၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ကျန်းမာရေးမှူး ကောင်စီ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၀၁:၃၈။**

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါက်တာမြလေးစိန်မှ ပြည်ထောင်စု အစိုးရအဖွဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ တင်သွင်းထားသည့် ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေးမှူး ကြီးကြပ်ကောင်စီဥပဒေမူကြမ်းအား အမျိုးသား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်သွင်းသွားမည် ဖြစ်ပါတယ်ရှင်။

ကျန်းမာရေးမှူး ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိအမှတ်ပြု ထားသည့် ကျန်းမာရေးမှူး အောင်လက်မှတ်ရရှိသူ သို့မဟုတ် အခြေခံကျန်းမာရေးတက္ကသိုလ်မှာ ကျန်းမာရေးသိပ္ပံအခြေခံ ကျန်းမာရေးဘွဲ့ရရှိထားသူများ ဖြစ်သည်။ ပြည်သူ့ကျန်းမာရေး ကြီးကြပ် ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ပြည်သူ့ကျန်းမာရေး ကြီးကြပ် - ၁ သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ် - ၂ အောင်လက်မှတ်ရရှိသူများဖြစ်ကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်၌ရှိသော အကျဉ်းထောင်များ၊ ထုတ်လုပ်ရေးစခန်းများ၊ စိုက်ပျိုးရေးခြံများအပြင် အခြားသော ပြည်သူလူထုအကျိုးပြုအဖွဲ့အစည်း များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအရ ကျေးလက်ကျန်းမာရေးဌာန များတွင် တာဝန်ထမ်းဆောင်နေပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ရောဂါ ကုသရေးလုပ်ငန်းများကိုလည်း ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်လုပ်ငန်းဆိုင်ရာ စံပြုလုပ်ထုံး လုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေသော ဝန်ထမ်းများ ဖြစ်ပါသည်။ ကျန်းမာရေးမှူး များနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်များသည် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းအားဖြင့် ၎င်းတို့၏ အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်နိုင်ခြင်း၊ ကိုယ်ကျင့်သိက္ခာကို လိုက်နာစောင့်ထိန်းစေရေးအတွက် ကြီးကြပ်နိုင်ခြင်းနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာပညာရပ်များကို ခေတ်နှင့်အညီ စဉ်ဆက်မပြတ်

လေ့လာဆည်းပူးနိုင်စေမည်ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စွမ်းရည်မြင့်မားပါက ပြည်သူလူထုကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု မူဝါဒများကို အကောင်အထည်ဖော်ရန်နှင့် ပြည်သူလူထုအတွက် အရည်အသွေးမီသော ကျန်းမာရေး စောင့်ရှောက်မှု ခံစားခွင့်များအတွက် မရှိမဖြစ်လိုအပ်ပါသဖြင့် ကျန်းမာရေးမှူးကောင်စီဥပဒေ မူကြမ်းအား ရေးဆွဲရခြင်း ဖြစ်ပါသည်။ အဆိုပါ ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ၁၈-၂-၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီဥပဒေကို အသစ်ရေးဆွဲရခြင်းနှင့် ပတ်သက်၍ (က)မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေး ကြီးကြပ်များ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊ (ခ)ထိရောက်သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊ (ဂ)ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာရပ်ကို မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များက ခေတ်နှင့်အညီ အဆင့် အတန်းမြင့်မားစွာ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊ (ဃ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များအား မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို အစဉ်လိုက်နာ စောင့်ထိန်းစေရေးအတွက် ကြီးကြပ်ထိန်းသိမ်းရန်ရည်ရွယ်၍ ဥပဒေအား အသစ်ရေးဆွဲတင်ပြရခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒီဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁:၄၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၄၂။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးကိုကိုနိုင် က ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်းအတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၃။**

**ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်

ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ လေးစားစွာတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀- ၀၈၁

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ၁၁ - ၂ - ၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ) ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ၂၀ - ၂ - ၂၀၂၀ ရက်နေ့တွင်အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၄-၂-၂၀၂၀ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို ညှိနှိုင်းဆွေးနွေးရာတွင်-

(က) အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အဆိုပြုဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ (ဒ)ကို အပိုဒ်ခွဲ (ထ)အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ ဆိုသည့်စကားရပ်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီ ညီလာခံက အတည်ပြုသော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဓ)ကို အပိုဒ်ခွဲ (ဒ)အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား သစ္စာမဲ့သောလုပ်ရပ် ဆိုသည်မှာ စစ်မက်ဆိုင်ရာ သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေ၏ စည်းမျဉ်းများအရ ကာကွယ်စောင့်ရှောက်မှုကို ရရှိခွင့်ရှိသည့်

အချက်ကို အသုံးချ၍ တစ်ဖက်ရန်သူ၏ ယုံကြည်မှုကို လှည့်ဖြားလုပ်ဆောင်သည့် လုပ်ရပ်ကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၇ ကို အပိုဒ် ၁၄ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ကျူးလွန်ရန်အမိန့်ပေးခြင်းမပြုရ ဆိုသည့် စကားရပ်ကို ကျူးလွန်ရန် အမိန့်ပေးခြင်း သို့မဟုတ် ကျူးလွန်ရန် ခိုင်းစေခြင်းမပြုရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၉ ကို အပိုဒ် ၁၆ ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော ဤဥပဒေပြဋ္ဌာန်းပြီးချိန်မှစ၍ ဆက်လက် အသုံးမပြုရ ဆိုသည့် စကားရပ်ကို ဤဥပဒေပြဋ္ဌာန်းပြီး ရက်ပေါင်း(၃၀) ပြည့်သည့် နေ့မှစ၍ ဆက်လက်အသုံးမပြုရ ဆိုသည့်စကားရပ်ဖြင့် အသီးသီးပြင်ဆင်သင့် ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

(ခ) ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ပြင်ဆင်ထားပြီး ဖြစ်ပါသဖြင့် ပြင်ဆင်ဖြည့် စွက်ချက် အပြည့်အစုံကို ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခု ထပ်မံပြင်ဆင်ထားသည့် ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင် ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁:၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်း ပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၈။**

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ကော်မတီ အဖွဲ့ဝင်ဖြစ်တဲ့ ကျွန်တော် ဦးစိုးမိုးကနေပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၃ အပိုဒ်ခွဲ(ဏ)(ထ)(ဒ)(ဓ)၊ အပိုဒ် ၅၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၉၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၂၀ အပိုဒ်ခွဲ (က)(ခ)(ဂ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က)(ခ)တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ အပိုဒ်ခွဲ (ဏ)(ထ)(ဒ)(ဓ)၊ အပိုဒ် ၅၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၉၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၂၀ အပိုဒ်ခွဲ (က)(ခ)(ဂ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်ဖြစ်တဲ့ အဆိုပြု ပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)(န)၊ အခန်း(၃)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၈၊ အပိုဒ် ၃၁၊ အပိုဒ် ၃၄ တို့ကို လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင်တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဦးစိုးမိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　　။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ယခု ပြင်ဆင်ချက်များဖြင့် အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဌာန်းချက်အတိုင်း လွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၀၁:၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသား လွှတ်တော်က အတည်ပြုပေးဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၀၁:၅၃။**

**ဒေါက်တာမြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါရှင်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါက်တာမြလေးစိန် မှ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ တင်သွင်း ထားသော ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ

အတည်ပြုပေးနိုင်ပါရန် တင်သွင်းသွားမည်ဖြစ်ပါတယ်ရှင်။ ကြက်ခြေနီ အမှတ်အသား အသုံးပြုခြင်း ဆိုင်ရာ ဥပဒေအား ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ်စတယ်နီအမှတ်အသား နှင့် ယင်းတို့၏ အမည်နာမများကို လေးစားမှုရှိစေရန်နှင့် မှန်ကန်စွာအသုံးပြုစေရန်၊ ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ်စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမ များကို အလွဲသုံးစားမှု မဖြစ်စေရေးအတွက် စည်းမျဉ်းစည်းကမ်း သတ်မှတ်ရန်၊ ကြက်ခြေနီ အမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ်စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမ များကို အသုံးပြုဆောင်ရွက်မှုများသည် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြစ်စေရန် ရည်ရွယ်၍ ဥပဒေမူကြမ်းအား ရေးဆွဲရခြင်းဖြစ်ပါသည်။ အဆိုပါ ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ၂၄-၂-၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါသည်။

ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲရခြင်းနှင့်ပတ်သက်၍ ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးထားသော ဥပဒေမရှိသည့်အတွက် ယင်းကို လွဲမှားစွာအသုံးပြုမှုများ၊ နိုင်ငံတော်အတွင်း၌ နှစ်ပေါင်းများစွာ ပေါ်ပေါက်ခဲ့ပြီး ဆက်လက် ပေါ်ပေါက်နေဆဲလည်း ဖြစ်နေပါတယ်။ နိုင်ငံသားတိုင်းအနေနဲ့လည်း ကြက်ခြေနီအမှတ်အသားကို မည်သူမဆို အသုံးပြုနိုင်သည့် အများပိုင်အမှတ်အသားအဖြစ်လည်းကောင်း၊ ဆေးဝါးကုသမှုများနှင့် ကျန်းမာရေးဆိုင်ရာ အမှတ်အသားအဖြစ်လည်းကောင်း လွဲမှားစွာ နားလည်ထားကြပါပြီ။ ထိုသို့ လွဲမှားသော နားလည်မှုများသည် နိုင်ငံအတွင်း၌ သဘာဝဘေးနှင့် စစ်ဘေးအန္တရာယ်များ ကျရောက် သည့်အခါ ကယ်ဆယ်ရေး အကူအညီပေးရေးများကို အဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဆောင်ရွက်ကြသည့်အခါ ကြက်ခြေနီအမှတ်အသားကို အသုံးပြုခွင့်မရှိသူများက အသုံးပြုခြင်းများ ပေါ်ပေါက်လာပါသည်။ ထိုသို့ ကြက်ခြေနီအမှတ်အသားကို လွဲမှားစွာ အသုံးပြုမှုများ၊ အလွဲသုံးစား ပြုမှုများ များပြားလာခြင်းကြောင့် ကြက်ခြေနီအမှတ်အသား၏ အကာအကွယ်ပေးနိုင်သည့်တန်ဖိုး ယုတ်လျော့ကျဆင်းလာကာ ကြက်ခြေနီကို ပစ်မှတ်ထား တိုက်ခိုက်ခံရသော မလိုလားအပ်သည့် အကျိုးဆက်များ ပေါ်ပေါက်လာခဲ့ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း ကြက်ခြေနီအမှတ်အသားကို အပြည်ပြည်ဆိုင်ရာ ဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုကြစေရန်နှင့် စည်းကမ်းနှင့်မညီသော အသုံးပြုမှုများကို အရေးယူသွားနိုင်ရန် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသည့် ဥပဒေတစ်ရပ် ဆောလျင်စွာ ပြဋ္ဌာန်းပေးရန် လိုအပ်လာပါသဖြင့် ဥပဒေအား ရေးဆွဲရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤဥပဒေ မူကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၁:၅၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၅၆။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကိုကိုနိုင် က ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁:၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှတင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့် ရောသုံးသည့် အီသနော လောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန် စသည့် ကုန်ကြမ်းများကို အခြေခံကာ ထုတ်လုပ်နိုင်ပြီး၊ ဘေးထွက် ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝဓာတ်ငွေ့၊ ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit)ကို လျော့နည်းစေရန် အတွက် သဘာဝပတ်ဝန်းကျင် အထောက်အကူပြု ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သော အီသနော (ခေါ်)ရေမဲ့အရက်ကို သင့်တော်မည့်ရာခိုင်နှုန်းအချိုးအဆအား ဓာတ်ဆီဖြင့် ရောနှောသုံးနိုင်ရန် အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စု အစိုးရမှ အမြန်ဆုံးစီစဉ်ချမှတ် ဆောင်ရွက်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်က ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှ တင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့် ရောသုံးသည့် အီသနောလောင်စာဆီကို ပြည်တွင်း အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန် စသည့် ကုန်ကြမ်းများကို အခြေခံကာထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝဓာတ်ငွေ့၊ ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ(Trade deficit)ကို လျော့နည်း စေရန်အတွက် သဘာဝပတ်ဝန်းကျင် အထောက်အကူပြု ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သော အီသနော(ခေါ်)ရေမဲ့အရက်ကို သင့်တော်မည့်ရာခိုင်နှုန်းအချိုးအဆအား ဓာတ်ဆီဖြင့် ရောနှောသုံးနိုင် ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စု အစိုးရမှ အမြန်ဆုံး စီစဉ်ချမှတ်ဆောင်ရွက်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဝင်းဇော် ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။ (၈)မိနစ်ထက် မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၈။**

**ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေ

လို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း တင်သွင်းတဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့မှ သုံးသပ်အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်အနေနဲ့ကတော့ ၎င်းတင်သွင်းတဲ့အဆိုမှာ အီသနောဟာဆိုရင် အရက်ချက်စက်ရုံများ၏ ကုန်ကြမ်းများဖြစ်တဲ့ ဆန်၊ ပြောင်း၊ ကြံ စတဲ့ သီးနှံများကို အသုံးပြုပြီးတော့မှ အရက်ချက်လုပ်ခြင်းမှ ရရှိတဲ့ ဇီဝလောင်စာဖြစ်ကြောင်း အီသနောအပြင် အရက်နှင့် အခြားထွက်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း၊ ဇီဝမြေသြဇာအဖြစ်လည်းကောင်း အသုံးပြုနိုင်ကြောင်း ဆွေးနွေးတင်ပြခဲ့တာကို တွေ့ရပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ပြည်ပမှ တင်သွင်းနေရတဲ့ ဇီဝမြေသြဇာနှင့် တိရစ္ဆာန်အစားအစာများကို ပြည်တွင်းမှာ ပိုမိုထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်တွင်းဈေးကွက်လိုအပ်ချက်အချို့ကို အစားထိုး ဖြည့်တင်းနိုင်မည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဈေးကွက်ခိုင်မာမှု အကျိုးကျေးဇူးများကိုပါ တစ်ပါတည်း ရရှိနိုင်ကြောင်း တင်ပြဆွေးနွေးခဲ့တာ တွေ့ရပါတယ်။ အီသနောကို ဓာတ်ဆီများတွင် သင့်လျော်တဲ့ ရာခိုင်နှုန်း အချိုးအဆအလိုက် ရောနှောအသုံးပြုခြင်းအားဖြင့်လည်း သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အကျိုးကျေးဇူးများကိုပါ ထည့်သွင်းဆွေးနွေးတင်ပြခဲ့ပြီးတော့မှ ကုန်သွယ်မှုလိုငွေ(Trade deficit)ကို လျှော့ချပေးနိုင်သည့် အားသာချက်များ၊ အထောက်အထားများနှင့် တင်ပြခဲ့တာတွေ့ရပါတယ်။ အထက်ပါ အဆိုကို မတ်လ ၂၃ ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး (၅)ဦးကလည်း ထောက်ခံအကြံပြုမှုများနဲ့ ဆွေးနွေးသွားတာတွေ့ရပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ အဆိုမှာပါတဲ့ အီသနောထုတ်လုပ်မှု၊ သုံးစွဲမှုနဲ့ အကျိုးကျေးဇူးများအပိုင်းကို ဆွေးနွေးခြင်းထက် အဆိုမှာပါတဲ့ အီသနောကို ဓာတ်ဆီများတွင် ရောနှောအသုံးပြုနိုင်ရန်အတွက် လုပ်ငန်းရှင်များကို လုပ်ပိုင်ခွင့်အမိန့်ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံးစီစဉ်ချမှတ် ဆောင်ရွက်သင့်ပါကြောင်းဆိုတဲ့အချက်ကို အဓိကထားသုံးသပ်ဆွေးနွေးလိုပါတယ်။ အထူးသဖြင့် ဒီအဆိုဟာဆိုရင် တစ်နိုင်ငံလုံးမှာရှိနေတဲ့ အီသနောရောဓာတ်ဆီလောင်စာသုံးရတဲ့ စက်အမျိုးမျိုးကိုအသုံးပြုနေတဲ့ ပြည်သူများနှင့် ရောင်းဝယ်ဖောက်ကားသူများကို အကျိုးသက်ရောက်စေမှာဖြစ်ပြီး အစိုးရအနေနဲ့က အဆိုကို အကောင်အထည်ဖော်တဲ့အခါမှာ လက်ရှိမူဝါဒများ ကျင့်သုံးဆဲဥပဒေများနှင့်အညီ လုပ်ငန်းရှင်များအားလုပ်ပိုင်ခွင့်အမိန့်ကို အမြန်ဆုံးစီမံချမှတ်ဆောင်ရွက်နိုင်ရေးဟာ လက်တွေ့ဖြစ်နိုင်ချေ ရှိ/မရှိကို သုံးသပ်ရမှာဖြစ်ပါတယ်။ အဲဒီတော့ အစိုးရက ဥပဒေတွေပြင်ဆင်ဖို့လိုအပ်ရင် ပြင်ဆင်ပေးရမယ်။ နည်းဥပဒေတွေ ထုတ်ပြန်ပေးရမယ်။ အဆိုကို သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် အရက်နှင့် အရက်ချက်စက်ရုံတွေပါတဲ့အတွက်ကြောင့်

ပြည်ထဲရေးဝန်ကြီးဌာနပါဝင်တာကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ကန့်သတ်ကုန်ဖြစ်တဲ့ အထူးကုန်စည်ခွန်တွေ ထည့်သွင်းစဉ်းစားရမှာဖြစ်တယ်။ ပြည်တွင်းအခွန်ဦးစီးဌာနမှာရှိနေတဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပါဝင်ရမှာဖြစ်တယ်။

လောင်စာအဖြစ်အသုံးပြုမှာ ဖြစ်တဲ့အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပါဝင်နေတာကို တွေ့ရပါတယ်။ အထူးကုန်စည်ခွန်ပေးဆောင်ရတဲ့ အရက်အပေါ် သတ်မှတ်ကောက်ခံတဲ့ အခွန်နှုန်းထားနှင့် လောင်စာဆီအပေါ်မှာ သတ်မှတ်ကောက်ခံတဲ့ အခွန်နှုန်းထားရဲ့ ကွဲပြားခြားနားမှုကိုလည်း ကျွန်တော်တို့ သုံးသပ်ဖို့လိုတယ်။ အဲဒီတော့ အဆိုဟာ ဝန်ကြီးဌာနတစ်ခုတည်းနဲ့ အပြီးအပြတ်ဆောင်ရွက်ဖို့မဖြစ်နိုင်တော့ဘူးဆိုတာ ပထမဦးဆုံးအနေနဲ့ မြင်မိပါတယ်။ ဆက်စပ်ပတ်သက်တဲ့ ဝန်ကြီးဌာနများနဲ့ ပူးပေါင်းပြီးတော့မှ လက်ရှိကျင့်သုံးဆဲ ဥပဒေများပါ သုံးသပ်ပြီး ဥပဒေပြင်ဆင်စရာတွေကို ပြင်ဆင်နိုင်ရေး အီသနောထုတ်လုပ်မှုနှင့် အရည်အသွေးစစ်ဆေးနိုင်ခြင်း၊ စံသတ်မှတ်ခြင်းနှင့် ရောစပ်ရာခိုင်နှုန်းသတ်မှတ်ခြင်း စတဲ့လုပ်ငန်းစဉ်များနဲ့ အခြားလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် ပူးတွဲအဖြေရှာအကောင်အထည်ဖော်ရမယ့် ကော်မတီတစ်ရပ်ကို ဦးစွာဖွဲ့စည်းဆောင်ရွက်သင့်တယ်လို့ သုံးသပ်မိပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ဆွေးနွေးလိုတာကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ကော်မတီတစ်ခုကို သုံးသပ်ပြီး နှိုင်းယှဉ်ဆွေးနွေးလိုပါတယ်။ အထွေထွေကတော့ NCD လို့ခေါ်တဲ့ Non Communicable Disease (ခေါ်) မကူးစက်နိုင်တဲ့ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကင်ဆာရောဂါတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ တစ်ကမ္ဘာလုံးမှာ ဖြစ်ပွားမှု အများဆုံးနိုင်ငံထဲမှာတစ်ခု ပါ ပါတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့ရန်အတွက် ကုသရေးနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့အခါမှာ ဒုတိယညွှန်ကြားရေးမှူးအဆင့်သာရှိတဲ့ ပုဂ္ဂိုလ်ကို ဥက္ကဋ္ဌအနေနဲ့ထားပြီး သူနဲ့ဆက်စပ်ပူးပေါင်းဆောင်ရွက်ရမယ့် အဖွဲ့တွေကိုလည်း ဒုတိယညွှန်ကြားရေးမှူးအဆင့် Level သာရှိတဲ့ အခြားသော ဝန်ကြီးဌာနနဲ့ ဆက်စပ်ဌာနများက ပုဂ္ဂိုလ်တွေကို ထည့်သွင်းဖွဲ့စည်းတဲ့အခါမှာ အထူးသဖြင့် အစားအသောက်တွေကြောင့်ဖြစ်တယ်။ အရက်နှင့် ဆေးလိပ်၊ ဆေးရွက်ကြီး ထွက်ကုန်တွေ သုံးစွဲခြင်းကြောင့်ဖြစ်တယ်။ လူနေမှုပုံသဏ္ဍာန်မမှန်ခြင်း၊ စားသုံးမှုပုံသဏ္ဍာန်မမှန်ခြင်းကြောင့်ဖြစ်တယ်ဆိုရင် ဒီနေရာမှာ အစား အသောက်ဆိုရင် FDA ပါလာမယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးနဲ့ အရက်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြည်ထဲရေးဝန်ကြီးဌာန ပါလာမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးမှာ သုံးတဲ့ ဓာတ်မြေသြဇာများနှင့် ပိုးသတ်ဆေးများကြောင့်ဆိုရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပါလာပါမယ်။ အဲဒီလိုပဲ အခါအားလျော်စွာ ထုတ်ပြန်တဲ့ ဝန်ကြီးဌာနများရဲ့ ဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်၊ ညွှန်ကြားချက်တွေကို Law Enforcement ဖြစ်ဖို့အတွက် ပြည်သူနဲ့ဆက်စပ်နေရတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိနေတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပါလာမယ်။ တစ်ခုအပေါ်မှာ အထူး

ကုန်စည်ခွန်တွေ သတ်မှတ်ရတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန ပါလာမယ်။ အဲဒီအခါမှာ ဝန်ကြီးဌာနတွေ များလာသလို ဦးစီးဌာနတွေကလည်း များလာ ပါတယ်။ အဲဒီလိုများလာတဲ့အပေါ်မှာ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ လက်ရှိကျင့်သုံးဆဲဥပဒေ တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်မှုရှိအောင် ဆောင်ရွက်ဖို့ အခက်အခဲရှိနေတာကို တွေ့ရပါတယ်။

ရည်ရွယ်ချက်ကောင်းတစ်ရပ် ဖြစ်ပေမယ့်လို့ ကော်မတီဝင်အသီးသီးရဲ့ မူလတာဝန်နှင့် လုပ်ငန်းတာဝန်တွေ များပြားတာ ရာထူးနှင့် လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်တွေက ဥပဒေပြင်ဆင်ရေး အပေါ်မှာ အကျိုးသက်ရောက်မှုမရှိဘူးဆိုရင် ကော်မတီရဲ့ မူလ ရည်ရွယ်ချက်ကို အောင်မြင်အောင်၊ ရရှိအောင် ဆောင်ရွက်နိုင်ဖို့အတွက် အခက်အခဲရှိနေမယ်လို့ မြင်ပါတယ်။ ဆိုလိုတာက ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုရင် လက်ရှိ ဝန်ကြီးဌာနများကနေပြီးတော့မှ ဥပဒေနှင့် နည်းဥပဒေ များကို သုံးသပ်အဖြေရှာဆင်ခြင်၊ ပြင်ဆင်ရေးဆွဲပြီး ပြဋ္ဌာန်းပြီးမှသာ ပုဂ္ဂလိကလုပ်သာကိုင်သာ ရှိအောင် ဥပဒေအရပဲ အမိန့်ထုတ်ပြန်ပေးရမှာဖြစ်လို့ အဲဒီအဆင့်ကိုရောက်အောင် တစ်ဆင့်ချင်း တစ်ဆင့်ချင်း ဆောင်ရွက်သင့်တယ်လို့ မြင်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုတင်သွင်းခဲ့သူနဲ့ ၂၃ ရက်နေ့မှာ ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော် ကိုယ်စားလှယ်တော်ကြီး တချို့ရဲ့ ဆွေးနွေးချက်တွေမှာ ပါတဲ့အချက်အချို့ကို ပြန်ပြီးတော့မှ သုံးသပ် ကြည့်မယ်ဆိုရင် အိမ်နီးချင်းနိုင်ငံမှာ ဘုရင်ကိုယ်တိုင်က Personal Project အနေနဲ့ ဒီ အီသနောကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်လို့ဆိုပါတယ်။ ဒါဟာ ထိုင်းနိုင်ငံရဲ့ ဘုရင်ဖြစ်တဲ့ ပုဂ္ဂိုလ်က နေပြီးတော့မှ ကော်မတီတစ်ရပ်ရဲ့ ဥက္ကဋ္ဌနေရာကနေ ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ ဆက်စပ်ပတ်သက်နေတဲ့ ဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့်ရှိတဲ့ ဝန်ကြီးများ၊ ပညာရှင်များနဲ့ ဖွဲ့စည်းကာ လိုအပ်တဲ့အချိန်မှာ အစည်းအဝေးခေါ်ယူမယ်။ မူဝါဒတွေ ရည်ရွယ်ချက်တွေကို ကိုက်ညီအောင် ဥပဒေများကို၊ အချက်အလက်တွေ ပါဝင်အောင် ဆွေးနွေးမယ်။ ဆုံးဖြတ်ချက်တွေ ချစရာရှိရင်ချမယ်။ အဲဒီကနေမှတစ်ဆင့် ဥပဒေပြင်ဆင်တာတွေ၊ အသစ်ရေးဆွဲတာတွေ ခိုင်မာ တိကျတဲ့ လုပ်ငန်းစဉ်စီမံချက်တွေ ချပြီးတော့မှ ရန်ပုံငွေတစ်ရပ်ကို သီးခြား သုံးစွဲပြီးဆောင်ရွက်တဲ့ အခါကျမှ အောင်မြင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ ဒီအချက်ကို ကြည့်မယ်ဆိုရင် ထိုင်းနိုင်ငံရဲ့ အီသနောစီမံကိန်း အကောင်အထည်ဖော်ဆောင်ရေးကော်မတီဟာ Multi Security Cooperation Level တစ်ခုဖြစ်နေပြီးတော့မှ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် မူဝါဒကောင်းကို အကောင်အထည်ဖော်တဲ့အခါမှာ ဥပဒေ ပြဋ္ဌာန်းရေးဆွဲခြင်းအပြင် စီမံရေးရာကိစ္စ၊ စီမံခန့်ခွဲရေးကိစ္စ အုပ်ချုပ်ရေးကိစ္စတွေမှာ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်တွေ ဦးဆောင်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်မိပါတယ်။ ဒါကြောင့် ဒီအဆိုဟာ ကောင်းသော်ငြားလည်း အထက်မှာ ကျွန်တော် ဖော်ပြခဲ့တဲ့ အချက်အလက်များကို သုံးသပ်ပြီးတော့မှ အကြံပြုရင်း ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂:၁၅။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၁၅။**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အီသနော(ခေါ်)ရေမွဲ့အရက်ကို သင့်တော်မည့် ရာခိုင်နှုန်းအချိုးအဆအား ဓာတ်ဆီဖြင့် ရောနှော သုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့် အမိန့် ထုတ်ပြန်ပေးရန် တိုက်တွန်းသည့်အဆိုနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏ အမြေများကို ပေါင်းစပ်ပြီးတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ပုံမှန်ထုတ်လုပ်အသုံးပြုနေကြတဲ့ Octane ဓာတ်ဆီများကို အီသနော အချိုးအစား တစ်ခုနှင့် ရောပြီးတော့ ကျွန်တော်တို့ အသုံးပြုတဲ့ကိစ္စဟာ နိုင်ငံတွေ တော်တော် များများမှာလည်း ဆောင်ရွက်တာရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ရာ စိုက်ပျိုးရေးထွက်ကုန်တွေဖြစ်တဲ့ ကြံ၊ ပီလောပီနံ၊ ပြောင်း၊ ဆန် စတဲ့ ကောက်ပဲသီးနှံတွေထံကနေပြီး ဇီဝအီသနောကို စတင်ထုတ်လုပ်တာ ဖြစ်ပါတယ်။ ပုံမှန်စက်သုံးဆီနဲ့ ရောနှောဖို့ ထုတ်လုပ်လိုက်တဲ့ လောင်စာကို Ethyl Alcohol လို့ ခေါ်တာဖြစ်ပြီး အတိုကောက်အားဖြင့် အီသနော(Ethanol) ရယ်လို့ ခေါ်ဆို ကြတာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်နောက်ပိုင်း ထုတ်လုပ်လာတဲ့ ပုံမှန်ကားအင်ဂျင်တွေမှာတော့ ရိုးရိုး (Gasoline) ဓာတ်ဆီထဲမှာ အီသနော(Ethanol) (၁၀)ရာခိုင်နှုန်းအထိ ရောစပ်ထားပြီးတဲ့ Gasohol လို့ခေါ်တဲ့ လောင်စာဆီကို ထည့်ပြီးအသုံးပြု၍ မောင်းနှင်နိုင်ပါတယ်။ ဥပမာအားဖြင့် (Octane)ဓာတ်ဆီ (၉၀)ရာခိုင်နှုန်းနှင့် အီသနော(Ethanol) (၁၀)ရာခိုင်နှုန်းကို ရောလိုက်တဲ့ ရောစပ်ဆီကို ဓာတ်ဆီရယ်လို့ မခေါ်တော့ဘဲ Gasohol E 10 လို့ ခေါ်ဆိုကြတာဖြစ်ပါတယ်။ E 10 ဆိုတာက အီသနော (Ethanol) (၁၀)ရာခိုင်နှုန်း ရောထားရင် E 10 ဖြစ်ပါတယ်။ အီသနော(Ethanol) (၁၀)ရာခိုင်နှုန်းနဲ့ အထက်ကို ရောလိုက်ပြီဆိုရင် E 15 , E 85 စတဲ့ Gasohol အမျိုးအစား အဆင့်အထိကို အသုံးပြုပြီး မောင်းနိုင်ဖို့ဆိုရင်တော့ မော်တော်ကား စက်ရုံကနေပြီး အဆိုပါကားကို ထုတ်လုပ်တဲ့ အချိန်ကပဲ Flex–Fuel Vehicle အဖြစ် အထူးဒီဇိုင်းပြုပြီး ထုတ်လုပ်ရပါတယ်။ အသုံးပြုတဲ့ material တွေ Component တွေရဲ့ ခံနိုင်ရည်စွမ်းအားဟာ ရိုးရိုးကားထက် များစွာ ကောင်းမွန်ဖို့ လိုအပ်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။

အီသနော(Ethanol) ကို ရောစပ်ထားတဲ့ဆီကို အသုံးပြုမယ့်ယာဉ်တွေဟာ လတ်တလော အသုံးပြုမယ့်အချိန်မှာ သိသာကွဲပြားမှုမရှိသော်လည်းပဲ ရေရှည်မှာတော့ မပျက်စီးဖို့လိုအပ်ပါတယ်။ ဒီအတွက်ကြောင့် စက်သုံးဆီအဖြစ် ရောနှောမယ့် အီသနော(Ethanol)မှာ မူလကတည်းက ရေပါဝင်မှုဟာ(၀.၅)ရာခိုင်နှုန်းထက် လျော့နည်းတဲ့အဆင့် အဲဒါကို ရေမဲ့အီသနောရယ်လို့ ခေါ်ဆိုတာ ဖြစ်ပါတယ်။ အဲဒီလို ရေမဲ့အီသနောအဆင့်ဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ ဇီဝအီသနောကို Octane ဆီနဲ့ ရောစပ်သုံးတဲ့အခါမှာ ကျွန်တော်တို့ ရလာတဲ့အကျိုးတရားတွေဟာ အဆိုရှင် ကရော အကြံပြုဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း တင်ပြသွားတာရှိပါတယ်။ ပြည်ပကနေပြီး လောင်စာဆီတင်သွင်းရတဲ့ ပမာဏရာခိုင်နှုန်းအချို့ လျော့ကျစေမှာဖြစ်လို့ နိုင်ငံခြားငွေသုံးစွဲရမှု နိုင်ငံအတွက် သက်သာစေမှာ အမှန်ပဲဖြစ်ပါတယ်။

စိုက်ပျိုးရေးလုပ်ငန်းရဲ့ထွက်ကုန်ကို စားသောက်ကုန်အပြင် စက်မှုလုပ်ငန်းသုံးပစ္စည်းအဖြစ် ပြောင်းလဲအသုံးချနိုင်တဲ့အခွင့်အလမ်း ပေါ်ပေါက်လာမှာ ဖြစ်တဲ့အတွက်ကြောင့် စိုက်ပျိုးရေးထွက်ကုန်တွေကို ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားအာမခံချက် ပိုကောင်းလာမယ်ဆိုတဲ့ မျှော်လင့်ချက်တွေရနိုင်ပါတယ်။ သီးနှံထွက်ကုန်မှတစ်ဆင့် လောင်စာဆီထုတ်လုပ်တဲ့လုပ်ငန်းတွေလည်း တိုးတက်ပေါ်ပေါက်လာနိုင်မှာဖြစ်ပါတယ်။ မွေးမြူရေးအစားအစာတွေလည်း ဘေးထွက်ပစ္စည်းကနေရရှိနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုမိုရရှိနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍များ ပြည်ပရေနံဈေးနှုန်းက ခေါင်ခိုက်အောင် ပေါ်ပေါက်လာတဲ့အချိန် အဲဒီလိုအချိန်မှာဆိုရင် လောင်စာဆီဈေးနှုန်း တအားကြီးမြင့်တက်လာမှုကို အထိုက်အလျောက် သက်သာသွားစေနိုင်တဲ့ အနေအထားတော့ ရှိပါတယ်။

ယနေ့ကမ္ဘာ့ရေနံဈေးနှုန်းရဲ့ အခြေအနေအရဆိုရင်တော့ ရေနံဈေးတွေအထူးတလည် ပြုတ်ကျပြီး ရေနံဆီတစ်ပေပါကို (၂၅)ဒေါ်လာခန့် ဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့ 92 Octane ရဲ့ တစ်ဂါလန်ဈေးဟာ ၁၅၀၀ နဲ့ ၁၆၀၀ လောက်ထိ လက်ကားဈေးနှုန်းကျသွားပြီးတော့ လက်လီဈေးနှုန်းက တစ်ဂါလန်ကို ၂၀၀၀ လောက်အထိကျဆင်းနေတဲ့ အချိန်မှာတော့ အီသနောရဲ့ထုတ်လုပ်မှုကုန်ကျစရိတ်နဲ့ Octane ဆီရဲ့ဈေးနှုန်းနဲ့ အီသနောဘက်ကဈေးကပိုပြီးတော့ မြင့်မားနေတဲ့ အခြေအနေတစ်ရပ်ကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အီသနော လောင်စာဆီထုတ်လုပ်ဖို့ဆိုတဲ့ကိစ္စရပ် စေ့ဆော်မှုဟာ မူလကကြံကနေသကြား ထုတ်ကြပါတယ်။ အဲဒီလို ကြံကနေသကြား ထုတ်တဲ့အခါမှာ ကျွန်တော်တို့ ပြည်တွင်းမှာထုတ်တဲ့ သကြားစက်ရုံတွေ အများအပြားရှိသော်လည်း ထုတ်လုပ်တဲ့သကြားဟာ တန်ဖိုးမြင့်စားသောက်ကုန်တွေ ထုတ်လုပ်ဖို့အတွက် ကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြုဖို့ကျတော့ အရည်အသွေးမမီတဲ့အတွက်ကြောင့် Refund Sugar တွေကို ပြည်ပကနေပြီး တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်တဲ့ စက်ရုံများက တင်သွင်းပြီးအသုံးပြုတာ ဖြစ်ပါတယ်။

ပြည်တွင်းထုတ် သကြားကတော့ အခြားစားသောက်ကုန်လုပ်ငန်းများနဲ့ နယ်စပ်ကနေ ပြည်ပကို ပြန်လည်တင်ပို့ခြင်းကို လုပ်ကြပါတယ်။ သို့သော်ကမ္ဘာ့သကြားဈေးကွက်က ခေါက်ချိုးကျလာတဲ့အခါ၊ ဈေးကောင်းမရတဲ့အခါမှာ ကြံတွေဝယ်ယူနိုင်တဲ့ဈေးတွေ ထိခိုက်လာရာကနေပြီးတော့ ကြံကို တောင်သူတွေကတိုးတက်ထုတ်လုပ်တဲ့အခါမှာ အီသနောလောင်စာဆီပြောင်းထုတ်ပြီး ဝင်ငွေရဖို့ စဉ်းစားလာတဲ့ရည်ရွယ်ချက်ကို တွေ့ရှိရပါတယ်။ မန္တလေးက မြန်မာနိုင်ငံ သကြားနှင့် သကာရည် လုပ်ငန်းရှင်များကထိန်တော် အသင်းကနေရေးထားတဲ့ သတင်းလေးတစ်ခု ဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ပေါင်းသကြားရဲ့ ဈေးနှုန်းကျပ် ၉၀၀ ကနေ ၉၃၀ ကျပ်အထိရောက်ရှိလာတာကိုပဲ ပြည်တွင်းသကြားဈေးတက်တယ်လို့ ဖော်ပြထားတာဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုလို့ရှိရင် ဇန်နဝါရီလ ၂၈ ရက်နေ့မှာတုန်းက သကြားဈေးဟာ ကျပ် ၉၀၀ အောက်ကိုဖြစ်နေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ တင်ပြပါ Process ကတော့ သကြားထုတ်လုပ်တဲ့ Process ဖြစ်ပြီး ကြံကုန်ကြမ်းကနေတစ်ဆင့် ကုန်ချောအဖြစ်သကြားကိုထုတ်လုပ်ရာကနေ ဘေးထွက်ပစ္စည်းအဖြစ် တင်လဲရည်များရရှိလာတာကို တင်ပြထားတာ ဖြစ်ပါတယ်။ အဆိုပါ တင်လဲရည်ကို အသုံးပြုပြီးတော့မှ အီသနောချက်လုပ်တဲ့လုပ်ငန်းစဉ် Process၊ Fermentation Process ကို တင်ပြထားတာဖြစ်ပါတယ်။ အီသနောကို လောင်စာအဖြစ်အသုံးပြုပါက အောက်တိန်းဓာတ်ဆီကို အသုံးပြုတာထက် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို သက်သာစေတယ်ဆိုတဲ့ အချက်ကလည်း အမှန်ဖြစ်ပါတယ်။

သို့ရာတွင် သတိမေ့လျော့ထားရန် မဖြစ်တဲ့အချက်က အီသနောထုတ်လုပ်တဲ့စက်ရုံမှာလုပ်တဲ့ Chemical Formula လေးကို ကျွန်တော်တင်ပြထားပါတယ်။ အစိမ်းရောင်ဖြင့်ဝိုင်းထားတာ ဖြစ်ပါတယ်။ Glucose ကို Fermentation ပြုလုပ်တဲ့အခါမှာ အီသနောထွက်ပါတယ်။ အဲဒါနဲ့အတူ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေနဲ့ အပူတွေထွက်တာဖြစ်ပါတယ်။ အဆိုပါ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ထိန်းချုပ်နိုင်ခြင်း သို့မဟုတ် အခြားကုန်ချောအဖြစ်ပြောင်းလဲနိုင်ခြင်း မပြုလုပ်နိုင်ဘူးဆိုခဲ့ရင် အီသနောကိုကားထဲမှာ လောင်စာဆီအဖြစ် မောင်းတဲ့အချိန်မှာ ပတ်ဝန်းကျင်ကိုမထိခိုက်သော်လည်း အီသနောစက်ရုံက အဆိုပါ ကာဗွန်ဒိုင်အောက်ဆိုဒ်များကို လေထဲကိုထုတ်လွှင့်ပြီးသား ဖြစ်သွားနိုင်တဲ့အတွက်ကြောင့် ထိခိုက်နိုင်မှုဟာ အဆင့်တစ်ခုမှာသွားရှိနေတယ်ဆိုတာ အားလုံးသတိချပ်ဖို့ ကျွန်တော်တို့လိုအပ်တာ ဖြစ်ပါတယ်။

ဆက်လက်ပြီး အီသနောကို ထုတ်လုပ်တဲ့အခါမှာ အဲဒီ စက်ရုံရဲ့အခိုးအငွေ့ထွက်ရှိမှုအပူဒါတွေကို ထိန်းချုပ်ဖို့လိုအပ်သလို အီသနောဟာအလွန်မီးလောင်ရန် လွယ်ကူပါတယ်။ ဒါကြောင့် စက်ရုံမှာ အာရုံခံစနစ်တွေ၊ မီးသတ်ဖို့စနစ်တွေ အထူးကောင်းမွန်ဖို့လိုအပ်ပါတယ်။ ပိုပြီးအဓိကကျတဲ့အချက်ကတော့ သကြားချက်လုပ်ရာမှာရော ဇီဝအီသနောချက်လုပ်ရာမှာရော အရည်ကျိုသုံးစွဲရတဲ့ ပမာဏအများကြီးလိုအပ်ပါတယ်။ ဇီဝအီသနောချက်လုပ်မယ်ဆိုရင် ချက်လုပ်မဲ့အီသနောရဲ့ပမာဏ

ထက် သုံးစွဲရမယ့်ရေပမာဏ သုံးဆပို၍လိုအပ်တာဖြစ်ပါတယ်။ အလားတူအသုံးပြုလိုက်တဲ့ရေတွေကနေပြီး ဇီဝအီသနောစက်ရုံကနေ Waste Water ပမာဏအများကြီး ပြန်လည်ထွက်ရှိလာပါတယ်။

အဆိုပါ ထွက်လာတဲ့ Waste Water ရဲ့ ရေရဲ့ Quality ကိုစစ်ဆေးလိုက်လို့ရှိရင် PH Level ကအများကြီးနိမ့်ပြီး Organic Compound တွေလည်းအထူးများပြားပါတယ်။ အနံ့အသက်အလွန်ဆိုးတာကိုလည်း တွေ့ကြုံရပါတယ်။ ဒါအရက်ချက်စက်ရုံများရဲ့အနီးတဝိုက်မှာ နေထိုင်ဖူးတဲ့သူတွေနဲ့ ဖြတ်သန်းသွားလာဖူးတဲ့သူတွေအားလုံး ဒီအတွေ့အကြုံတွေရရှိထားမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် Waste Water တွေကို အများကြီးပေါ်ထွက်လာတဲ့အခါမှာ အနံ့အသက်လည်းဆိုးတဲ့အတွက်ကြောင့် ပတ်ဝန်းကျင်ရဲ့ ရေထုနဲ့လေထု ထိခိုက်မှုတွေဖြစ်ပေါ်လာနိုင်ပြီး အဲဒီလိုထိခိုက်မှုမရှိအောင်ဆိုရင် အဆိုပါအီသနောစက်ရုံတွေမှာ Waste Water Treatment System နဲ့ပတ်သက်ပြီး မဖြစ်မနေ ကောင်းမွန်တဲ့စနစ်တွေတပ်ဆင်ဖို့လိုအပ်ပါတယ်။

မြစ်ချောင်းတွေထဲကို အဆိုပါ Waste Water တွေကို အလွယ်တကူစွန့်ပစ်လိုက်မယ်ဆိုလို့ရှိရင် ရေထုညစ်ညမ်းမှုတွေ၊ ရေနေသတ္တဝါတွေမျိုးသုဉ်းမှုတွေနဲ့ မြစ်ရေ၊ ချောင်းရေတွေကို သောက်ရေသုံးရေများအဖြစ်နဲ့ အသုံးပြုနေရတဲ့ ဒေသခံရွာသူ၊ ရွာသား၊ မြို့သူ၊ မြို့သားများအတွက်ကတော့ ထိခိုက်မှုတွေဖြစ်ပေါ်လာနိုင်ပြီး ဂေဟစနစ်လည်း ပျက်သုဉ်းလာနိုင်တဲ့အတွက်ကြောင့် ဇီဝအီသနောစက်ရုံ တည်ဆောက်မယ်ဆိုရင် EIA, SIA, ENP စတာတွေကို ပြီးပြည့်စုံအောင်လိုက်နာဆောင်ရွက်ရမှာဖြစ်သလို လိုအပ်တဲ့ Waste Water Treatment System နဲ့ပတ်သက်တဲ့ စက်ယန္တရားပစ္စည်းတွေအားလုံး ပြည့်စုံအောင်တပ်ဆင်ထားဖို့ ကျွန်တော်တို့ ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

တင်ပြပါ Procedure ကတော့ ကြံကိုသကြားထုတ်လုပ်ရာကနေ သကြားစက်ရုံကနေပြီး Waste Water ထွက်သလို တင်လဲရည်ကို အီသနောချက်လုပ်ရာကနေ Spent wash Waste Water ထပ်ထွက်လာတဲ့အတွက်ကြောင့် ဒီ Waste Water Management စနစ်ဟာ ကြံ၊ သကြားနဲ့ အီသနောထုတ်လုပ်တဲ့ စက်ရုံများစွာအရေးပါလာမှုကို တင်ပြထားတာဖြစ်ပါတယ်။ တင်ပြပါ Slide ကတော့ အီသနော ချက်လုပ်တဲ့ စက်ရုံကနေထွက်လာတဲ့ Spent wash Waste Water ရဲ့ Water Quality ကို စစ်ဆေးထားတာ ဖြစ်ပါတယ်။ PH Level ဟာ 3.9 ကနေ 4.9 အထိ ကျသွားတာတွေ့ရပြန်သလို Chemical Oxygen Demand ဟာလည်း အလွန်မြင့်မားလာတာကိုလည်း တွေ့ရနိုင်ပါတယ်။ အခြားသော Property များဟာလည်းပဲ ကျွန်တော်တို့ လက်ခံနိုင်တဲ့ Limit တွေထက် တကယ်တမ်းတော့အားလုံး ကျော်လွန်နေတာဖြစ်ပါတယ်။

ဒီအတွက်ကြောင့် Waste Water Treatment စနစ်ကို တပ်ဆင်ပြီးတော့မှ မူလအခြေအနေကနေ ညာဘက်မှာရှိတဲ့ အခြေအနေတစ်ရပ်ကို ပြောင်းလဲအောင်ဆောင်ရွက်ဖို့ ဒါနမူနာ

အားဖြင့် ကျွန်တော် တင်ပြထားတာဖြစ်ပါတယ်။ ဇီဝအီသနောကို ကျွန်တော်တို့လောင်စာဆီအဖြစ် ရောစပ်ပြီး နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြမယ်ဆိုတဲ့အခါကျရင် ကျွန်တော်တို့ အသုံးပြုသူတွေဘက်ကလည်း Awareness ဗဟုသုတတွေရှိဖို့လိုပါတယ်။ ဘာလို့လဲဆိုရင် အီသနော ဟာ သူနဲ့ထိတွေ့ရတဲ့ ရာဘာပစ္စည်းတွေ၊ ပလတ်စတစ်ပစ္စည်းတွေ ဒါတွေကိုအထူးသက်တမ်း တိုစေပါတယ်။ အီသနောဟာ ဒီအတိုင်း ခွက်လေးတစ်ခုထဲမှာထည့်ထားလိုက်ရင်ကိုပဲ ရေကိုအထူး ခင်တွယ်တဲ့အတွက်ကြောင့် လေထုထဲမှာရှိတဲ့ ကျွန်တော်တို့ မမြင်နိုင်တဲ့ ရေခိုးရေငွေ့တွေ အားလုံးကို ချက်ချင်းစုပ်ယူလိုက်ပါတယ်။

ဒါကြောင့် အချိန်ကြာလာတာနဲ့အမျှ အီသနောထဲမှာရေတွေစုဆောင်းမိသွားပြီး အီသနော နဲ့ရေနဲ့ပါနေတဲ့အရာဟာ သံထည်တွေနဲ့ ထိတွေ့တဲ့အခါမှာ သံချေးစားမှုနှုန်းများပြီး စက်တွေ ထိခိုက်မှုတွေ ရှိစေနိုင်တာဖြစ်ပါတယ်။ မော်တော်ကားမှာအသုံးပြုတဲ့ ဓာတ်ဆီ ဆီစစ်ဘူးဟာ အထဲမှာ စက္ကူအသားတွေနဲ့ဆောင်ရွက်ထားတာဖြစ်တော့ အီသနောထဲမှာရေတွေပါလာပြီဆိုရင် ထိုအသားဟာ ရေနှူးပြီး ဆီပိတ်ကာ ကားဟာမကြာခဏ ဆီမလိုက်မှု ဖြစ်ပေါ်နိုင်ပါတယ်။ အလား တူပဲ အီသနော ရောစပ်ဆီကို အသုံးပြုရန်ရည်ရွယ်ပြီး ဒီဇိုင်းထုတ်လုပ်ထားခြင်းမရှိတဲ့ အိမ်သုံးရိုးရိုး မီးစက်တွေ၊ မြက်ရိတ်စက်တွေ၊ ကိုင်းဖြတ်စက်တွေ၊ လှစက်တွေ၊ အဆိုပါစက်တွေထဲကို အီသနော ရောထားတဲ့ လောင်စာဆီကိုထည့်ပြီး မောင်းတယ်၊ သုံးတယ် အလုပ်ဖြစ်ပါတယ်။ အလုပ်လုပ် ပါတယ်။ မလုပ်ဘူး လို့မဟုတ်ပါဘူး။

သို့သော် အဲဒီလို အသုံးပြုခဲ့လို့ရှိရင် အဲဒီ စက်များရဲ့သက်တမ်းဟာ မူလခံနိုင်ရည် သက်တမ်းထက်တော့ တိုတောင်းသွားတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အသုံးပြုသူတွေအတွက် တော့ ဒီဆီကိုသုံးမယ်ဆိုရင် သတိပြုဖို့လိုအပ်လာမှာပဲဖြစ်ပါတယ်။ အီသနောဟာ ရေကိုအထူး ခင်တွယ်တဲ့အတွက်ကြောင့် အီသနောအများကြီးကိုလှောင်ရတော့မှာဖြစ်တဲ့ အီသနောထုတ်လုပ်တဲ့ စက်ရုံ၊ အီသနောကိုရောပြီး Gasohol ရောင်းချမယ့် ဓာတ်ဆီဆိုင်တွေ၊ အဲဒီမှာ သိုလှောင်မယ့်ကန် တွေ၊ အလားတူ မော်တော်ကားရဲ့ ဆီတိုင်ကီကန်တွေ၊ ဒီအထဲမှာ အီသနောက စုပ်ယူလိုက်မယ့် ရေငွေ့တွေဟာတဖြည်းဖြည်း စုဆောင်းရောက်ရှိလာမှာဖြစ်ပါတယ်။ ထိုကဲ့သို့ရေပါဝင်လာမှုများလာ ပြီဆိုရင် အီသနောကိုရောထားတဲ့ Gasohol အရောဆီဟာ မူလကတစ်သားတည်းရောနေတဲ့ အခြေအနေကနေပြီး Octane ဓာတ်ဆီနဲ့ အီသနောရယ်လို့ အလွှာနှစ်လွှာပြန်ပြီးတော့ ဂုဏ်သတ္တိ မတူတဲ့ လောင်စာဆီနှစ်မျိုးအဖြစ် ကွဲပြားသွားမှာဖြစ်ပါတယ်။

အဲဒီလိုကွဲပြားသွားတတ်တဲ့အခြေအနေမျိုးကို ပုံနှင့်တကွရှင်းလင်းတင်ပြထားတာဖြစ်ပါ တယ်။ အောက်ခြေမှာ အီသနောနဲ့ရေနဲ့ရောတဲ့အခါ အောက်ကိုတဖြည်းဖြည်းစုသွားပြီးတော့ Gasoline မူလ Octane ဆီက အပေါ်ကိုရောက်သွားမှာဖြစ်ပါတယ်။ ဒီအခါမှာ အဲဒီလိုနှစ်မျိုးကွဲ လာလို့ရှိရင် အင်ဂျင်ရဲ့ပုံမှန်လည်ပတ်မှုတွေကို ထိခိုက်မှုတွေဖြစ်ပေါ်လာနိုင်စေတာဖြစ်ပါတယ်။

ဒါကြောင့် Gasohol အဖြစ် သုံးရမယ့် အီသနောလောင်စာဆီဟာ ရေပါဝင်မှုမရှိမှသာ တစ်သား တည်းဖြစ်အောင် ရရှိနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ရောမယ့်အီသနောရဲ့အရည်အသွေးဟာ အထူး ကောင်းမွန်ဖို့ (၉၉. ၈)လောက်အထိ ကောင်းမွန်ဖို့လိုအပ်တာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းမှာ ထုတ်လုပ်တဲ့အီသနောများရဲ့အရည်အသွေးဟာလည်း စံချိန်စံညွှန်းမီရန် အလွန်အရေးကြီးပါတယ်။

အီသနောကိုထုတ်လုပ်ပြီး Gasohol အဖြစ် အသုံးပြုကြမယ်ဆိုရင် ထုတ်လုပ်မဲ့လုပ်ငန်း ရှင်တွေ၊ ရောင်းချမယ့်လုပ်ငန်းရှင်တွေအကျိုးစီးပွားဖြစ်ထွန်းရန်လိုအပ်သလိုမျိုးပဲ ရောစပ်ဆီကို ရေရှည်အသုံးပြုကြရမယ့် သုံးစွဲရမယ့်ပြည်သူအများရဲ့ ထိခိုက်မှု၊ နစ်နာဆုံးရှုံးမှု မရှိစေဖို့လည်း ကျွန်တော်တို့ ချင့်ချိန်စဉ်းစားဖို့အရေးကြီးပါတယ်။ မြန်မာနိုင်ငံမှာသကြားစက်ရုံတွေ (၂၃) ရုံခန့် ရှိတာဖြစ်ပါတယ်။ ဒါပေမဲ့ အီသနောထုတ်လုပ်တာနဲ့ပတ်သက်ပြီး ရရှိထားတဲ့စာရင်းထဲမှာတော့ ပျဉ်းမနား၊ ကန့်ဘလူ၊ တောင်ဇင်း သကြားစက်များမှာ အီသနောထုတ်လုပ်ရာမှာအသုံးပြုတဲ့ နည်းစဉ်ဟာ Azeotropic နည်းစဉ်ဖြစ်ပြီး အီသနောရဲ့ percentage ဟာ (၉၉.၂) လို့ စက်ရုံအသစ်ရဲ့ Specs အရသိရှိရပါတယ်။ ထုတ်လုပ်နိုင်တဲ့ဂါလန်များက ပျဉ်းမနားက တစ်နေ့ကို ဂါလန် ၅၀၀၀၊ ကန့်ဘလူနဲ့တောင်ဇင်း က တစ်နေ့ကို ဂါလန် ၃၀၀၀ လောက် ထုတ်နိုင်တယ်လို့သိရှိရပါတယ်။

မောင်းကုန်းနဲ့အင်ငါးခွစက်ရုံနှစ်ရုံကတော့ အီသနောထုတ်လုပ်တဲ့နည်းစဉ်ဟာ Molecular Sieve ဖြစ်ပြီး အီသနောရဲ့ Quantity ကတော့ အထက်ပါစက်ရုံသုံးရုံထက်ပိုပြီး ကောင်းတာလေး တွေ့ရှိရပါတယ်။ ထုတ်လုပ်နိုင်တဲ့ဂါလန်လည်း ပိုများတာကိုတွေ့ရပါတယ်။ Molecular Sieve နည်းစဉ်နဲ့ ထုတ်လုပ်တဲ့အီသနောဟာ အီသနောရဲ့အရည်အသွေးပိုကောင်းသလို ထုတ်လုပ်မှုကုန်ကျ စရိတ်လည်း သက်သာတယ်လို့သိရှိရပါတယ်။ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာမှလည်း ထုတ်လုပ် သူရော သုံးစွဲသူအတွက် အကျိုးရှိမှာလို့ သုံးသပ်ရရှိတာ ဖြစ်ပါတယ်။ ဇီဝအီသနောကို ကျွန်တော်တို့ ရောပြီး Gasohol အဖြစ် အသုံးပြုမယ်ဆိုရင်သုံးစွဲရမှာကတော့ အဓိက မော်တော်ကားများနဲ့ ပတ်သက်ရင် ကျွန်တော်အချက်တစ်ချက်ကိုတင်ပြထားတာ ဖြစ်ပါတယ်။ ဒါက ကားတိုင်းမှာ ယာဉ်ပိုင်ရှင်အတွက် လမ်းညွှန်စာအုပ်ဆိုတာပါရှိပါတယ်။ ဒီအတွက်ကြောင့် လက်လှမ်းလည်း မီတယ် မြန်မာဘာသာလိုလည်းရေးထားတယ် Suzuki Ciaz Car ၂၀၁၈–၂၀၁၉ ခုနှစ် မော်ဒယ်နဲ့ ပတ်သက်တဲ့စာအုပ်လေးကို မျက်နှာဖုံးလေးတင်ပြထားတာဖြစ်ပါတယ်။

အဆိုပါ စာအုပ်ထဲမှာပါရှိတာ လောင်စာဆီနဲ့ပတ်သက်၍အကြံပေးချက်ဆိုပြီး ပါရှိပါတယ် ခင်ဗျား။ ဓာတ်ဆီအီသနောအရောကို သုံးမယ်ဆိုရင် အီသနော(၁၀)ရာခိုင်နှုန်း ထက်မပိုလျှင် သင်၏ယာဉ်တွင် သုံးနိုင်သည်လို့ပါရှိတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် (၁၀)ရာခိုင်နှုန်းထက်ကျော်ရင် ခေတ်မီ ယခု ၂၀၁၈–၂၀၁၉ ခုနှစ်ထုတ်နေတဲ့ ကားမှာပဲ လောလောဆယ် အဆင်မပြေဘူး ဆိုတာလေး အာမမခံဘူးဆိုတာ တွေ့ရနိုင်ပါတယ်။ ဓာတ်ဆီမက်သနောအရောဆိုရင် မက်သနော (၅)ရာခိုင်နှုန်း ထက်ပိုပါက လောင်စာဆီများကို အသုံးမပြုပါနှင့်လို့ရေးထားတာရှိပါတယ်။ အဆိုပါ

လောင်စာဆီများအသုံးပြုခြင်းကြောင့် လောင်စာဆီစနစ်ပျက်စီးမှုနှင့် ယာဉ်စွမ်းဆောင်ရည်ပြဿနာများသည် Suzuki ၏တာဝန်မဟုတ်ဘဲ ယာဉ်အသစ်အာမခံအရ အကျုံးဝင်မည်မဟုတ်ပါလို့ ဖော်ပြထားတဲ့အတွက်ကြောင့် အဆိုပါအရောဆီကို အသုံးပြုတဲ့အခါမှာ ယာဉ်အာမခံစက်ကားအသစ်ကို ဝယ်ရင် ယာဉ်အာမခံထိခိုက်နိုင်တယ်ဆိုတာလေးလည်း တွေ့ရှိရနိုင်ပါတယ်။ အောက်ဆုံးမှာ မှတ်ချက်အနေနဲ့ ဓာတ်ဆီအရက်အရောကို အသုံးပြုနေစဉ် သင့်ယာဉ်၏မောင်းနှင်နိုင်မှုနှင့် လောင်စာဆီ ချွေတာနိုင်မှုကို အားမရပါက အရက်မပါသော ခဲမပါသည့်ဓာတ်ဆီကို ပြောင်းသုံးသင့်ပါသည်။ ပုံမှန်ဓာတ်ဆီကို ပြောင်းသုံးပါလို့ပြောတာဖြစ်ပါတယ်။

တကယ်တမ်းလောင်စာဆီချွေတာမှုကို အားမရပါက အရောဆီကိုသုံးရင်ဆီပိုစားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ တင်ပြပါအချက်ကတော့ ကျွန်တော်တို့ မော်တော်ယာဉ် ခုနက ယာဉ်မောင်းသူရဲ့စာအုပ်မရှိတဲ့ ကားတွေမှာဖြစ်ခဲ့ရင် ကားအချို့ရဲ့ ဆီတိုင်ကီအဖုံးမှာ ဒီ အီသနော ရောစပ်ဆီသုံးလို့ရမရ ဆိုတာလေးနဲ့ပတ်သက်တဲ့အချက်ကိုလည်း စူးစမ်း၍ရနိုင်ပါကြောင်း ကျွန်တော် ဗဟုသုတအဖြစ်တင်ပြထားတာဖြစ်ပါတယ်။ ဘယ်ဘက်အောက်ကဓာတ်ပုံမှာ တင်ပြထားတာကတော့ အဖုံးမှာ E15–E85 ကို မျဉ်းစောင်းခြစ်ထားတာဖြစ်ပါတယ်။ Up to E10 Gasoline Only (၁၀)ရာခိုင်နှုန်းသာသုံးပါလို့ ပြောတာဖြစ်ပါတယ်။ အဲဒီကားဟာ ဂျပန်နိုင်ငံထုတ် တိုယိုတာ ကုမ္ပဏီတွေရဲ့ Camry ၂၀၁၂ မော်ဒယ် ယခုကျွန်တော်တို့ကို နိုင်ငံတော်ကစီးဖို့ အသုံးပြုဖို့ ဆိုပြီး ထုတ်ပေးထားတဲ့ကား ကျွန်တော် အသုံးပြုနေတဲ့ကားရဲ့ ဓာတ်ဆီတိုင်ကီရဲ့အဖုံးကို ကျွန်တော် ကရိုက်ထားတာ ဖြစ်ပါတယ်။

ညာဖက်ကအဝါရောင်အဖုံးနဲ့ဟာကတော့ Flex Fuel Vehicle အဖြစ် နိုင်ငံခြားမှာ ထုတ်လုပ်ထားတဲ့ကားတစ်စီးစီးရဲ့ ဆီတိုင်ကီအဖုံး E85 ဆိုတဲ့ဟာလေးကို တွေ့ရမှာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့ Flex Fuel Vehicle မျိုးဆိုရင် မက်သနောရာခိုင်နှုန်းများများ သုံးလို့ရပါတယ်။ ကားအမျိုးအစားကလည်းတူတယ်။ မော်ဒယ်ကလည်းတူတယ်ဆိုခဲ့ရင် ရိုးရိုးကားနဲ့ Flex Fuel Vehicle ကားမှာဆိုရင် Flex Fuel Vehicle ကားက ပိုပြီးဈေးကြီးပါတယ်။ မြန်မာနိုင်ငံမှာ Flex Fuel Vehicle ကား အင်မတန်ရှားနိုင်ပါတယ်။ ကျွန်တော် အသုံးပြုနေရတဲ့ အစိုးရက ထုတ်ပေးထားတဲ့ ကားရဲ့ Owner's Book မှာပါတဲ့ ရေးသားထားတဲ့ Detail အချက်အလက် ဖြစ်ပါတယ်။ (၁၅) ရာခိုင်နှုန်းအီသနော၊ (၅၀)ရာခိုင်နှုန်း အီသနော၊ (၈၅)ရာခိုင်နှုန်း အီသနောတွေခွင့်မပြုပါဘူး ။ (၁၀) ရာခိုင်နှုန်းအီသနောသာ အသုံးပြုနိုင်တယ် ဆိုတဲ့ဟာလေးတွေ့ရှိတာ ဖြစ်ပါတယ်။ ဇီဝအီသနောကို လောင်စာဆီနဲ့ရောစပ်ပြီး အသုံးပြုတဲ့အခါမှာ ကားထဲထည့်ပြီးမောင်းလိုက်လို့ရှိရင် ပိုပြီးဆွဲ အားကောင်းလာတယ်လို့ ပြောလေ့ရှိကြပါတယ်။

အဲဒါလေးနဲ့ပတ်သက်ပြီး တကယ့်အခြေအနေကို ကျွန်တော် ရှင်းလင်းတင်ပြပါမယ်။ အီသနောရောစပ်လောင်စာဆီ Gasohol ရဲ့ RON Number ကို ရောလိုက်ပြီးလို့ရှိရင် RON Number

မှာ မူလအောက်တိန်းဓာတ်ဆီရဲ့ RON Number ထက်ပိုပြီး မြင့်သွားပါတယ်။ အဲဒီအချက်က တော့အားသာချက်ဖြစ်ပါတယ်။ အဲဒီလို RON Number မြင့်သွားတဲ့အတွက် အင်ဂျင်ဆွဲအား ပိုကောင်းတယ်လို့ထင်နေတာ မဟုတ်ပါဘူး။ အဲဒီဆီကိုအသုံးပြုပြီး လီဘာကိုဖိနင်းပြီးမောင်းလိုက်တဲ့ အချိန်မှာ အင်ဂျင်ရဲ့ အင်ဂျင် ခေါက်သံမထွက်တဲ့အတွက်ကြောင့် အင်ဂျင်ဆွဲအားပိုကောင်းတယ်လို့ ယူဆခြင်းသာဖြစ်ပါတယ်။ RON Number ပိုမြင့်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်အောက်က Property ဇယားထဲမှာ အစိမ်းရောင်အဝိုင်းကြီး ပြထားတာရှိပါတယ်။ ရိုးရိုး Gasoline ရဲ့ RON Number ဟာ (၈၈.၅) ရှိတဲ့ Gasoline ကို အီသနော (၁၀)ရာခိုင်နှုန်းနဲ့ရောလိုက်လို့ရှိရင် RON Number က (၉၀.၇) ရပါတယ်။

(၂၀)ရာခိုင်နှုန်းရောလိုက်ရင် ၉၄.၈ ရပါတယ်။ (၁၀၀)ရာခိုင်နှုန်းဆိုရင် ၁၁၅ RON Number ကရပါတယ်။ RON Number မြင့်သွားတဲ့အတွက်ကြောင့် အင်ဂျင်ခေါက်သံပျောက်သွား စေတာဖြစ်ပါတယ်။ သို့သော်ဆီစားနှုန်းနဲ့ပတ်သက်ရင်တော့ အီသနောရောတဲ့ဆီကိုမောင်းလိုက်ရင် ဓာတ်ဆီထက်ပိုစားပါတယ်။ အဲတော့ဘယ်လောက်စားသလဲဆိုရင် ရောစပ်တဲ့အချိုးအဆအတိုင်း အစားနှုန်းပိုများလာမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးအောက်က Property အထဲမှာ အနီရောင်နဲ့ ဝိုင်းပြီး ဖော်ပြထားတာ ဖြစ်ပါတယ်။ ရိုးရိုး Gasoline ဟာ 1KG မှာ အပူပမာဏ ၄၃၀၀၀ ပါနေတဲ့ အချိန်မှာ အီသနော (၁၀)ရာခိုင်နှုန်းရောလိုက်လို့ရှိရင် အပူပမာဏဟာ 1KG မှာ ၄၁၂၈၂ ဖြစ်ပေါ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အပူပမာဏ (၄)ရာခိုင်နှုန်းကျပြီး ဆီစားပိုပြီးများလာတာ ဖြစ်တယ်ဆိုတာကို တင်ပြထားတာဖြစ်ပါတယ်။

ဒါကြောင့် တူညီတဲ့ခရီးကိုသွားမယ်ဆိုရင် ဥပမာ ရန်ကုန်ကနေပြည်တော်ကိုသွားမယ် အောက်တိန်းလည်းသုံးပြီးမောင်းမယ် သို့မဟုတ် Gasohol သုံးပြီးမောင်းမယ်ဆိုရင် Gasohol ဆီပမာဏကို ပိုပြီးဝယ်မှ ဒီခရီးကို ရောက်မှာဖြစ်ပါတယ်။ ဒါကြောင့် အကယ်၍များ အီသနောရော ထားတဲ့ဆီ Gasohol ဟာ (၁)ဂါလန်ချင်းအားဖြင့် အောက်တိန်းထက် ဈေးသက်သာမယ်ဆိုရင် တောင်မှ ဆီဖိုးကျတော့ ဆီဂါလန်ပိုဝယ်ရမှာဖြစ်တဲ့အတွက်ကြောင့် ကုန်ကျစရိတ်ဟာ ပြန်ပြီးတက် လာမှာဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်း ဆီဖိုးကုန်ကျစရိတ် သိသိသာသာထင်ရှားစွာသက်သာမှ သာ ပြည်သူလူထုကပြောင်းလဲအသုံးပြုနိုင်မယ်ဆိုတာလေး တင်ပြထားတာဖြစ်ပါတယ်။ ရောထား တဲ့ ဆီကိုသုံးရင် Imagine သက်သာတယ်လို့ဆိုပေမယ့် တစ်ဂါလန် တစ်ဂါလန်ချင်းမှာ Imagine သက်သာသော်လည်း တူညီတဲ့ခရီးကို ဆီပိုသုံးရတဲ့အခါမှာ Imagine Level ဟာ ပြန်ပြီးတက်လာ တဲ့အတွက်ကြောင့် ဒါကလည်း ထူးထူးခြားခြားထေမိခြင်းမရှိဘူးဆိုတာကို နိုင်ငံတကာ လေ့လာ ထားတဲ့ Research Paper များမှာ တွေ့ရှိရပါတယ်။

အီသနော ရောစပ်ဆီကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရောင်းချမယ်ဆိုရင် လက်ရှိတည် ဆောက်ပြီးနေတဲ့နိုင်ငံမှာရှိတဲ့ စက်သုံးဆီဆိုင်တွေထဲမှာ ရောင်းရင်မဖြစ်ဘူးလားဆို မဖြစ်တာ

တော့မဟုတ်ပါဘူး။ ဖြည့်လို့တော့ရပါတယ်။ သို့သော်လက်ရှိဆီဆိုင်တွေမှာရှိတဲ့ ဆီသိုလှောင်ကန်တွေ၊ ပိုက်တွေ၊ ဆီဖြည့်စက်၊ Dispenser တွေ ဒါတွေရဲ့သက်တမ်း မြန်မြန်ပြန်တိုသွားမှာဖြစ်ပါတယ်။ ဒါကြောင့် Gasohol နဲ့ မှန်မှန်ကန်ကန်ဆောင်ရွက်လိုတယ်ဆိုရင် သူနဲ့ကိုက်ညီတဲ့ သိုလှောင်ကန်အသစ်တွေ တည်ဆောက်ရမယ်။ ပိုက်လိုင်းတွေအသစ်သွယ်ရမယ်။ Dispenser အသစ်တွေတပ်ဆင်ရမယ်။ ဒီလိုမျိုးလုပ်ငန်းတွေ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့် ရင်းနှီးမြှုပ်နှံမှုကိစ္စတွေကို စဉ်းစားဖို့လိုအပ်တယ်ဆိုတာလေး တင်ပြထားတာဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ အမေရိကန်နိုင်ငံမှာ ထုတ်ပြန်ထားတဲ့ Gasohol သိုလှောင်ကန်နဲ့ပတ်သက်တဲ့ ဒီဇိုင်းများကို တင်ပြထားတာဖြစ်ပါတယ်။ အသေးစိတ်တော့ မရှင်းတော့ပါဘူးခင်ဗျား။ ဒါသိုလှောင်ကန်ရယ်၊ Dispenser တွေရဲ့ ဒီဇိုင်းတွေနဲ့ပတ်သက်ပြီး သတ်မှတ်ချက်များကို တင်ပြထားခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့ အီသနောဟာစောစောက တင်ပြခဲ့သလို Ethyl Alcohol ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အရက်တစ်မျိုးဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့ အထူးသတိပြုသင့်တာက ဘာဖြစ်လာသလဲဆိုတော့ အီသနောကို လောင်စာဆီအဖြစ်သုံးမှာမို့လို့ဆိုပြီး ဂါလန်သန်းပေါင်းများစွာ ထုတ်တော့မယ်ဆိုရင် အကယ်၍များ အီသနောရောင်းလိုအားက အများကြီးဖြစ်လာပြီး ဝယ်လိုအားကနည်းနေခဲ့မယ်ဆိုရင် ပိုလျှံနေမယ့် Ethyl Alcohol လို့ခေါ်တဲ့အရက်များဟာ ဘယ်နေရာကိုသွားမလဲဆိုတာလေးကို စဉ်းစားဖို့လိုပါတယ်။ ဒီနေရာမှာ လောင်စာအဖြစ် ထုတ်မယ်၊ သုံးမယ်ဆိုပြီးအမည်ခံအဖြစ် ထုတ်လုပ်ပြီးတော့မှ ကျွန်တော်တို့ ယစ်မျိုးဥပဒေ၊ အခွန်ဥပဒေတွေ တစ်နည်းတစ်ဖုံနဲ့ ရှောင်ကွင်းသွားပြီးတော့ ယမကာဈေးကွက်ထဲကို တစ်နည်းတစ်လမ်းနှင့် ရောက်ရှိကုန်မယ်ဆိုတဲ့ အနေအထားကိုလည်း ကြိုတင်တွက်ဆဖို့လိုအပ်ပါတယ်။

ဒီအတွက်ကြောင့် အီသနောကို ထုတ်လုပ်မယ်ဆိုရင် သောက်သုံးလို့ရတဲ့ အရက်အဖြစ်အသုံးမချနိုင်စေရန်အတွက် စတင်ထုတ်လုပ်တဲ့ အချိန်ကတည်းက အရက်သဘာဝအနံ့ကို ဖျက်တဲ့ ပစ္စည်းကို ရောထည့်ပြီး ဆောင်ရွက်ဖို့လည်း မဖြစ်မနေလိုအပ်မှာ ဖြစ်ပါတယ်။ သို့မှသာ အရက်ဘဝကို ပြန်မသွားနိုင်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဇီဝအီသနော အမြောက်အမြားကို နိုင်ငံအနှံ့မှာ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း ကိစ္စရပ်တွေ ဆောင်ရွက်တော့မယ်ဆိုရင် သက်ဆိုင်ရာဒေသ အသီးသီးရဲ့ အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် အဖွဲ့အစည်းများက အထူးကြီးကြပ်ထိန်းကျောင်းမှု လိုအပ်လာမယ်ဆိုတာလေးကို တင်ပြလိုပါတယ်။ ဇီဝအီသနောလောင်စာဆီနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ယခင်ကတည်းက အတွေ့အကြုံရှိခဲ့ပြီးသား ဖြစ်ပါတယ်။ ယခင်အတွေ့အကြုံအရ တင်ပြရရင် ၂၀၁၀ ပြည့်နှစ်ခန့်က ပြည်တွင်းမှာ အီသနော လောင်စာဆီ ထုတ်လုပ်ရောင်းချဖို့ ကျယ်ကျယ်ပြန့်ပြန့် ကြိုးစားခဲ့ကြပါတယ်။ အဲဒီလို ကြိုးစားခဲ့တဲ့အချိန်မှာကိုက အီသနောဆီ ထုတ်လုပ်တဲ့ဈေးနှုန်းဟာ တစ်ဂါလန်မှာ အနည်းဆုံး(၃၀၀၀)ကျပ်ကနေ ထို့ထက်

များတဲ့ ကုန်ကျစရိတ်ကို ဖြစ်ပေါ်ခဲ့ပြီး ထိုကာလမှာရှိတဲ့ ဓာတ်ဆီတစ်ဂါလန်ရဲ့ ဈေးကို မယှဉ်နိုင်တဲ့ အတွက်ကြောင့် ဈေးကွက်မရခဲ့ဘူးဆိုတာကို သိရှိရပါတယ်။

ဒါစက်သုံးဆီ လက်လီ အရောင်းဆိုင်များနှင့် ဝယ်ယူဖြည့်တင်းအသုံးပြုရတဲ့ လူများဘက်က ဝယ်လိုအား မပေါ်တဲ့အခါမှာ ထုတ်လုပ်တဲ့ဘက်က ထုတ်လုပ်ပြီးအချိန်မှာ အီသနော‌တွေ နှစ်အတော်ကြာ ရောင်းမထွက်တဲ့ဘဝကို ကြုံတွေ့ခဲ့ရတယ်ဆိုတာကို သိရှိရပါတယ်။ အကယ်၍ များ ဈေးနှုန်းသက်သာနေမယ်ဆိုလို့ရှိရင် ဒီသုံးစွဲတဲ့ ပြည်သူလူထုကို အီသနော ရောစပ်ဆီ Gasohol သုံးဖို့ ကျွန်တော်တို့ အထူးအထွေ တိုက်တွန်းစည်းရုံးဖို့ မလိုဘူးဆိုတာကို Gasohol အီသနောနှင့် ပတ်သက်ပြီး နိုင်ငံတကာ စက်သုံးဆီ ကျွမ်းကျင်များရဲ့ Result Paper များမှာ ဖော်ပြထားပါတယ်။ Gasohol ပြောင်းသုံးဖို့ဟာ အဓိကအကျဆုံးက ဈေးနှုန်းသွားဖြစ်နေတာ ဖြစ်ပါတယ်။ အခြား နိုင်ငံတွေမှာတော့ ကြံရည်က ထုတ်လုပ်တဲ့ အီသနောရဲ့ ဈေးနှုန်းဟာ ဓာတ်ဆီဈေးနှုန်းထက် များစွာ သက်သာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ကြံတစ်ဧကစိုက်လို့ရှိရင် တစ်ဧကရဲ့ ကြံအထွက်နှုန်း ပျမ်းမျှအားဖြင့် (၂၅)တန်ခန့်သာရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ တချို့သော ပြည်နယ်တွေမှာ တစ်ဧကမှာ (၁၀)တန်လောက် ထွက်ပြီး တချို့သော ပြည်နယ်တွေမှာ တန်(၃၀)ခန့် ထွက်ပါတယ်။ ဒါပေမဲ့ နိုင်ငံခြားမှာ အနည်းဆုံးတန် (၄၀)မှတန် (၆၀)ထွက်ပါတယ်။ ဒီအခါမှာ ကြံရဲ့ ထုတ်လုပ်မှု ကုန်ကျစရိတ် အများကြီး သက်သာလာပြီး သကြားရဲ့ ဈေးဟာလည်း အများကြီး သက်သာပြီး ကျွန်တော်တို့နိုင်ငံမှာ ထွက်ရှိတဲ့နှုန်း နည်းတဲ့အတွက်ကြောင့် ဈေးများပြီး ယှဉ်ပြိုင်နိုင်စွမ်း နည်းနေတာကို တွေ့ရှိရပါတယ်။

ဆက်လက်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံမှာ အောင်မြင်မှုနှင့် ပတ်သက်ပြီး ဘာကြောင့်လဲ ဆိုတာလေးကို ကျွန်တော်တို့ သိနိုင်ဖို့ ကျွန်တော် ထိုင်းနိုင်ငံမှာ အီသနော ရောစပ်ဆီ ဈေးကွက်ထဲကို ထိုးဖောက်အောင် ဘယ်လိုဆောင်ရွက်ခဲ့လဲဆိုတဲ့ဟာကို ဆန်းစစ်လေ့လာခဲ့ရတာလေးကို တင်ပြ လိုပါတယ်။ ပထမဆုံးအချက်ကတော့ ဈေးနှုန်းသာ ဖြစ်ပါတယ်။ ဒါကြောင့် Gasohol ကို သူက အထူး Promote လုပ်ချင်တဲ့အခါမှာ ဓာတ်ဆီဈေးထက် အများကြီး သက်သာသွားအောင် ကြိုးပမ်း ပါတယ်။ ဘယ်လောက်ကြိုးပမ်းလည်း ဆိုလို့ရှိရင် ဆီတစ်ဂါလန်ချင်း ယှဉ်ရင်ဈေး(၁၀၀၀)အထိ သက်သာသွားအောင် ဆောင်ရွက်ထားတာကို တင်ပြပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်တဲ့ နည်းလမ်းဟာ အသေးစိတ်နှင့် ပတ်သက်ပြီး အဓိကကတော့ Tax တွေနှင့် Fund တွေရယ် ပတ်သက်နေတာဖြစ်ပါတယ်။ ပထမဦးဆုံးကတော့ Excise Tax လို့ခေါ်တဲ့ အီသနောကို စတင် ထုတ်လုပ်တဲ့အခါမှာ ထုတ်လုပ်တဲ့ အပေါ်က ကောက်ခံတဲ့ အခွန်အခ၊ အဲဒီအခွန်အခကို ထိုင်းနိုင်ငံမှာ Zero လုံးဝကောက်ခံ Free ကင်းလွတ်ခွင့် ပေးလိုက်တာဖြစ်ပါတယ်။ ဒုတိယအားဖြင့် သူတို့နိုင်ငံမှာကောက်ခံတဲ့ Municipal Tax ဒါကိုလည်း Free လုံးဝပေးလိုက် ပါတယ်။ အခွန်ကင်းလွတ်ခွင့်ပေးလိုက်ပါတယ်။ ဒီနည်းနှင့် ဆောင်ရွက်တာ ဖြစ်ပါတယ်။ အဲဒီတော့

အခွန်တွေဆိုတဲ့အခါမှာ ဒါဥပဒေဖြစ်တဲ့အတွက်ကြောင့် အခွန်ဥပဒေနှင့်သာ သက်ဆိုင်တဲ့အတွက်ကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနှင့် ဒါကို ကိုင်တွယ်လို့တော့ မရနိုင်ပါဘူး။

ဆက်လက်ပြီး အဲဒီအခွန် (၂)ရပ်တင် မကဘဲနဲ့ သူတို့ ထိုင်းနိုင်ငံမှာ Oil Fund ဆိုတာ ထူထောင်ပါတယ်။ အဲဒီ Oil Fund ဟာ ဘယ်လိုထူထောင်ထားလဲဆိုရင် ရည်ရွယ်ချက်ကတော့ ကမ္ဘာ့ ရေနံဈေးတက်သွားသည်ဖြစ်စေ၊ ကျသွားသည်ဖြစ်စေ၊ ကမ္ဘာ့ရေနံဈေး တက်တဲ့အချိန်မှာ ထိုင်းနိုင်ငံအတွင်းမှာရှိတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေ တအားကြီးလိုက်တက်သွားရင် ထိခိုက်မှာ စိုးတယ်။ ဒါကြောင့် တည်ငြိမ်နေစေတယ်။ တက်တဲ့အချိန်မှာ တည်ငြိမ်စေချင်သလို ကမ္ဘာ့ရေနံဈေး ကျသွားတဲ့အချိန်မှာလည်း အဲဒီအချိန်ကျရင်တော့ ပြည်တွင်းက ဈေးတွေ လိုက်ကျပေ့ါ ဆိုတာမျိုး ဖြစ်ရင် ဒါဆိုရောင်းတဲ့သူကျတော့ ထိခိုက်မှာမို့လို့ ကမ္ဘာ့ ရေနံဈေးကျလည်း ပြည်တွင်းက ဓာတ်ဆီ၊ ဒီဇယ်ဈေးကို တည်ငြိမ်အောင် သူလိုက်ထိန်းတယ်။ အဲဒီလို ထိန်းနိုင်ဖို့ Oil Fund ဆိုတာကို ထူထောင်ပါတယ်။ အဲဒီလို ထူထောင်ပြီး ကျင့်သုံးတဲ့စနစ်ဟာ ဓာတ်ဆီ၊ ဒီဇယ်ဈေးကို တည်ငြိမ်စေရန်အပြင် ထိုင်းနိုင်ငံအတွင်းမှာ အသုံးပြုတဲ့ LPG နှင့် အီသနောရောတဲ့ Gasohol ကိုပါ အထူးဈေးသက်သာ နိုင်စေဖို့အတွက် ကြီးမားတဲ့ အရှုံးခံ စိုက်ထုတ်ပေးမှုကို ဆောင်ရွက်နိုင်ဖို့ သူတို့ ကြိုးစားတာ ဖြစ်ပါတယ်။

ထိုသို့ အရှုံးခံဖို့ရာမှာ နှစ်စဉ် အလွန်မြင့်မားတဲ့ ငွေကြေးရန်ပုံငွေတစ်ရပ်ကို လိုတဲ့အတွက်ကြောင့် Oil Fund ကို ထူထောင်ပြီးတော့ ထိုင်းနိုင်ငံရဲ့ စွမ်းအင်ဝန်ကြီးဌာန Ministry Of Energy ကို စီမံခန့်ခွဲခွင့်အပြည့် ပေးထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာက လက်ရှိဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများအရဆိုရင် အဲဒီလို စီမံခန့်ခွဲမှုမျိုး မရှိပါဘူး။ ဒါကြောင့် Oil Fund စနစ်ဟာလည်း မြန်မာနိုင်ငံမှာ မရှိသေးပါဘူး။ Oil Fund စနစ်မှာ ဘာကိုလုပ်လဲ ဆိုရင်တော့ အောက်တိန်းဓာတ်ဆီတို့၊ ဒီဇယ်တို့ သွင်းလာလို့ရှိရင် အခွန်တွေ အမြင့်ကြီး တိုးကောက်နေပါတယ်။ ပြီးတော့မှ အီသနောရောတဲ့ ဆီဆိုလို့ရှိရင် အခွန်နည်းနည်းလေးကောက်ခြင်း သို့မဟုတ် Refund ပြန်ပြီး ငွေကြေးပံ့ပိုးပေးခြင်းကို Oil Fund ထဲကနေ ပံ့ပိုးပေးခြင်းပြုလုပ်တာ ဖြစ်ပါတယ်။ ဒီနည်းနှင့် Gasohol ရောတဲ့ဆီဟာ အများကြီး ဈေးသက်သာသွားအောင်၊ သိသိသာသာ ကွာခြားသွားအောင် ဆောင်ရွက်တာ ဖြစ်ပါတယ်။ စတုတ္ထကိစ္စကတော့ Energy Conservation Fund တစ်ခုကို ထပ်မံ ထူထောင်ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းများ အားလုံးကတော့ အဲဒီ Energy Conservation Fund ထဲကို အခွန်အဖြစ်ပေးသွင်းရတာဖြစ်ပါတယ်။

ထိုကဲ့သို့ ပေးသွင်းဆောင်ရွက်ရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး Oil Fund နှင့် ပတ်သက်တဲ့ဟာကို ၂၀၀၄ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အတွင်း ဆောင်ရွက်ထားတာကို ဇယားလေးနှင့် တင်ပြထား တာဖြစ်ပါတယ်။ ဥပမာ Octane 95 ဆိုရင် Oil Fund ထဲကို တစ်လီတာကို 7.5 baht ပေးဆောင်စေပါတယ်။ အဲဒီ 95 ကိုပဲ E-10 ဖြင့် ရောလိုက်ရင် ဆောင်ရတဲ့ Oil Fund က 2.72 baht

သာ ရှိပါတယ်။ တစ်နည်းအားဖြင့် 5 baht လောက် ဈေးကွာသွားအောင် လုပ်လိုက်တာ ဖြစ်ပါတယ်။ 5 baht လောက်ဈေးကွာသွားတာကို လုပ်လိုက်ရင် တစ်ဂါလန်မှာ (၁၀၀၀) ကွာထွက်သွားရင် ရောင်းသူဘက်ကလည်း ဈေးချရောင်းလို့ရတယ်။ ဝယ်သူက ဈေးသက်သာလို့ သုံးကြတာဖြစ်ပါတယ်။ အဲဒီလို အခွန်ကို ခေတ်ဆီကျလို့ရှိရင် ခေတ်ဆီ၊ ဒီဇယ်တွေကို အခွန်တွေ မြင့်မားအောင် ခွဲခြားပြီးကောက်မယ်ဆိုလို့ရှိရင် ဖြစ်ပေါ်လာနိုင်တာက ကျွန်တော်တို့ စက်သုံးဆီတင်သွင်း ရောင်းချတဲ့လူတွေ၊ ဖြန့်ဖြူးရောင်းချတဲ့ လူတွေက ဒီအခွန်တွေ အများကြီး တိုးဆောင်လာ ရပါတယ်။ အဲဒီအခွန်တွေ တိုးဆောင်လာရရင် ဝယ်ယူသုံးစွဲသူအပေါ်မှာ အဲဒီအခွန်တွေ သက်ရောက်လာမှာ ဖြစ်ပါတယ်။ အဲဒီတော့ အီသနောထုတ်လုပ်တဲ့လူတွေ အဆင်ပြေအောင် အခွန်တွေကို အဲဒီလို လုပ်လိုက်လို့ရှိရင် ကျွန်တော်တို့မှာ မြန်မာနိုင်ငံရဲ့ ယှဉ်ပြိုင်မှုဥပဒေအရ ညီ/မညီ ဆိုတာလေးတွေ ကျွန်တော်တို့ စဉ်းစားရပါမယ်။ အီသနောရယ်၊ ကြံရယ်၊ သကြားရယ်၊ လုပ်ငန်းဆောင်ရွက်သူတွေ အကျိုးဖြစ်ထွန်း ချိန်မှာ စက်သုံးဆီ တင်သွင်းရောင်းချသူ၊ ဖြန့်ဖြူးသူများနှင့် သုံးစွဲသူများအတွက် အကျိုးထိခိုက် နိုင်မှုများကိုလည်း ချင့်ချိန်ဖို့ လိုအပ်တာ ဖြစ်ပါတယ်။ ဒါက ၂၀၁၀ ပြည့်နှစ်မှာ ထိုင်းနိုင်ငံမှာ ဆောင်ရွက်ထားတဲ့ အခြေအနေကို ထပ်မံတင်ပြထားတာဖြစ်ပါတယ်။ ဈေးတွေ မတရားကွာအောင် တမင်လုပ်ယူထားတာ ဆိုတာလေးကို တင်ပြထားတာ ဖြစ်ပါတယ်။

တင်ပြပါ ဇယားဟာ ယခု ၁၂-၆၂၀၁၉ ရက်နေ့မှာရှိတဲ့ဟာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အဲဒီမှာ ဈေးတွေ ကွာအောင်လုပ်ထားပြီးတော့ ဇယားထဲမှာဆိုလို့ရှိရင် Oil Fund ထဲမှာ ဘာတွေ ရနိုင်လည်းဆိုရင် –.78 မှ –6.38 ဆိုတာ Refund အဖြစ်ကို ပြန်ပေးတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က Oil Fund ကို ထောင်မယ်။ အခွန်ကောက်ထားမယ်။ အဲဒီ ကောက်လို့ရတဲ့ အခွန်ကို ပုဂ္ဂလိကလုပ်ငန်းရှင်ကို အဲလို အကျိုးအမြတ်ပြန်ပြီး စိုက်ထုတ်ပေးမယ်ဆိုရင် လက်ရှိ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းအရ ကျွန်တော်တို့မှာ အခက်အခဲတွေ အများကြီး ဖြစ်နိုင်မှာဖြစ်ပါတယ်။ Tax တွေကို Expensive ပေးထားတာ၊ အခွန်တွေကို ရိုးရိုးခေတ်ဆီဆိုရင် အမြင့်ကြီးကောက်ပြီး Gasohol ဆိုရင် လျှော့ကောက်တာ၊ ပြန်အမ်းတာ ဒီလိုလုပ်ခြင်းအားဖြင့်သာ ဈေးနှုန်းကွာဟမှု ကြီးမားစွာ ပေါ်ပေါက်ပြီးတော့ Gasohol ကို ပြည်သူတွေသုံးအောင် သွေးဆောင်ထားတဲ့ အခြေအနေလေးကို တင်ပြထားတာဖြစ်ပါတယ်။ တင်ပြပါ အချက်အလက်များကတော့ မြန်မာနိုင်ငံမှာ ကြံစိုက် ဧရိယာဟာ တစ်နှစ်ထက်တစ်နှစ် တိုးလာပြီး ကြံထုတ်လုပ်မှု မစ်ထရစ်တန် ချိန်ဟာလည်း တိုးလာတာလေးကို တင်ပြထားတာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး အရှေ့ခြမ်းနဲ့ အနောက်ခြမ်းမှာရှိတဲ့ ထုတ်လုပ်တဲ့သူတွေက သကြားထုတ်လုပ်တဲ့ စက်ရုံတွေရယ် မန္တလေးက သကြားကုန်သည်တွေနဲ့ ဆက်ဆံဆောင်ရွက်တဲ့ Procedure တွေကို ကျွန်တော်တို့ လေ့လာထားတာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အီသနော (ခေါ်)ရေမဲ့အရက်ကို သင့်တော်မယ့် ရာခိုင်နှုန်းအချိုးအစားအား ခေတ်ဆီနဲ့ ရောနှောသုံးနိုင်ရန်

အတွက် လုပ်ငန်းရှင်များကို လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးရန် အဆိုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ဆောင်ရွက်ပေးထားမှုကို ဆက်ပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင် ကုမ္ပဏီတွေကို အီသနောရောစပ်ဆီအား ပင်လယ်ရေကြောင်းကနေဖြစ်စေ၊ နယ်စပ်ကနေဖြစ်စေ တင်သွင်းခွင့်ကို ၂၀၀၉ ခုနှစ် မတိုင်ခင်ကဘဲ ခွင့်ပြုထားပေးပြီးသားဖြစ်ပါတယ်။ လယ်ယာအတွက် သီးနှံတွေကို အသုံးပြုပြီးတော့ ပြည်တွင်းမှာ ပုဂ္ဂလိကအဖွဲ့အစည်းတွေကနေ ဇီဝလောင်စာ စက်သုံးဆီများ ထုတ်လုပ်တဲ့လုပ်ငန်းကို လုပ်ကိုင်နိုင်ရန်အတွက် ဓာတ်ဆီအစားထိုး ဇီဝလောင်စာ စက်သုံးဆီ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချ ခြင်းတို့ကို ခွင့်ပြုခြင်းဆိုသည့် အမိန့်ကြော်ငြာစာကို ဝန်ကြီးဌာနက ၂၁-၂-၂၀၀၉ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၀၉)ဖြင့် ထုတ်ပြန်ပြီးတော့ အီသနော (၅)ရာခိုင်နှုန်း ရောစပ်ခြင်း ကိုဖြစ်စေ၊ (၁၀)ရာခိုင်နှုန်း ရောစပ်ခြင်းကိုဖြစ်စေ ခွင့်ပြုထားပြီးဖြစ်ပါတယ်။

အဆိုပါ ခွင့်ပြုထားတဲ့ အမိန့်ကြော်ငြာစာအား တင်ပြထားခြင်းဖြစ်ပါတယ်။ အဆိုပါ အမိန့်ကြော်ငြာစာမှာပါတဲ့ အဓိကအချက်များဟာ ဇီဝလောင်စာဆီတွေကို ထုတ်လုပ်ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသော စံချိန်စံညွှန်း များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်လို့ ပါ ပါတယ်။ Gasohol ထုတ်လုပ်တဲ့ စက်ရုံကို သယ်ပို့မယ့် ရေမဲ့အီသနောနဲ့ တိုက်ရိုက်ထည့်သွင်း အသုံးပြုတဲ့ ဇီဝအီသနောတို့ဟာ ဇီဝလောင်စာ စက်သုံးဆီရဲ့ အရည်အသွေး မပျက်ပြားစေတဲ့ အရက်သဘာဝဖြစ်ပစ္စည်း ရောစပ်ရမယ်လို့ ပါရှိတာ ဖြစ်ပါတယ်။ ပြီးတော့ နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ တည်ဆဲယစ်မျိုးဥပဒေနဲ့ ပတ်သက်ပြီး ငြိစွန်းမှုရှိ/မရှိ စစ်ဆေးခြင်းကို ခံရမယ်လို့ ပါရှိတာဖြစ်ပါတယ်။ အဆိုပါ ထုတ်ပြန်လိုက်တဲ့ အမိန့် ကြော်ငြာစာကို ၂၁-၈-၂၀၀၉ ရက်နေ့မှာ ထုတ်ပြန်ပြီးတဲ့နောက်မှာ ၂၈-၁၀-၂၀၀၉ နောက် (၂)လခန့်အကြာမှာပဲ တင်ပြလျှောက်ထားလာတဲ့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းကို ရေမဲ့အီသနော ထုတ်လုပ်ခြင်း၊ Gasohol ထုတ်လုပ်ခြင်းကို ခွင့်ပြုထားတဲ့ ခွင့်ပြုမိန့်လေးကို တင်ပြထားခြင်း ဖြစ်ပါတယ်။ သူတို့ ဖြန့်ဖြူးရောင်းချမယ့် အရောင်းဆိုင်တည်နေရာကိုလည်း တစ်ပါတည်း ခွင့်ပြု ထားခဲ့တာဖြစ်ပါတယ်။

ထပ်မံပြီးတော့ ဂရိတ်ဝေါလ် စားသောက်ကုန် ကုမ္ပဏီလီမိတက်က လျှောက်ထား လာခြင်းအပေါ်မှာ အလားတူ ဇီဝအစားထိုး လောင်စာဖြစ်သော ရေမဲ့အီသနော အီးဓာတ်ဆီ၊ E-Gasohol ထုတ်လုပ်ခြင်း သိုလှောင်ဖို့နေရာကို အမှတ်စဉ်(၃)မှာ မန္တလေးတိုင်းဒေသကြီးအတွင်း မှာရှိတဲ့ အမရပူရမြို့နယ်ထဲမှ သိုလှောင်ကန်များကိုလည်းကောင်း၊ မန္တလေးမြို့၊ မုံရွာမြို့၊ ရွှေဘိုမြို့တို့မှာ ဖြန့်ဖြူးရောင်းချမယ့် ဆိုင်(၅)ဆိုင်ကိုလည်းကောင်း လုပ်ကိုင်ခွင့် ခွင့်ပြုထားတဲ့ အမိန့်ကို ကျွန်တော် တင်ပြထားတာဖြစ်ပါတယ်။ ထိုတင်ပြချက်များအရ ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီ

တွေကို လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်များ ထုတ်ထားပေးပြီးဖြစ်တယ်ဆိုတဲ့ ခိုင်မာတဲ့ သက်သေအထောက်အထားများ ဖြစ်ပါတယ်။

ဆက်လက်ပြီး ၂၀၁၄ ခုနှစ်မှာ နောက်ထပ် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုကနေပြီးတော့ နေပြည်တော်ကောင်စီနယ်မြေရယ်၊ အခြားမြို့နယ်ခွဲတွေ၊ ကျေးလက်ဒေသတွေမှာ အီသနော (၁၀)ရာခိုင်နှုန်း ရောစပ်ထားတဲ့ Gasohol E-10 ကို မော်တော်ဆိုင်ကယ်တွေနဲ့ ဓာတ်ဆီအစားထိုး ဇီဝစက်သုံးဆီအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းခွင့်ပြုပါဆိုပြီး စာနဲ့ ရေးသားတင်ပြလာတာဖြစ်ပါတယ်။ အဲဒါကိုလည်း ဝန်ကြီးဌာနကနေပြီးတော့ ပုဂ္ဂလိကကဏ္ဍကို တရားဝင်တင်သွင်း ဖြန့်ဖြူးရောင်းချခွင့် ပေးထားပါတယ်။ Gasoline 92 Ron နဲ့ လိုအပ်သလို ရောစပ်ဆောင်ရွက်ပါဆိုပြီး အကြောင်းပြန်ကြားခဲ့ပါတယ်။ ကုမ္ပဏီကနေပြီး ဆီဆိုင်ဖွင့်လှစ်ဖို့ရန် တည်နေရာတွေ၊ အသေးစိတ်ဒီဇိုင်းတွေ၊ မြေအသုံးပြုခွင့်တွေ စတာတွေနဲ့တကွ ပြည့်ပြည့်စုံစုံနဲ့ ပြန်လည်တင်ပြလာရင် ကျွန်တော်တို့ လိုင်စင်ထုတ်ပေးမှာဖြစ်ပါတယ်။ သို့သော် ကုမ္ပဏီဘက်က ဈေးကွက်ရဲ့ အခြေအနေအရ သူက ဆက်လက်ပြီး လျှောက်ထားမှု မပြုခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ကနေပြီးတော့ အီသနော(ခေါ်) ရေမဲ့အရက်ဆီ ရာခိုင်နှုန်းအချိုးအစားကို ဓာတ်ဆီနဲ့ ရောနှောသုံးရန် လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်းကို အမြန်ဆုံး ဆောင်ရွက်ပေးသင့်ပါကြောင်း အဆိုနှင့် စပ်လျဉ်းပြီးတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပုဂ္ဂလိကအဖွဲ့အစည်းများကို အီသနော(ခေါ်) ရေမဲ့အရက်အား သင့်တော်မည့် ရာခိုင်နှုန်းအချိုးအဆဖြစ်သည့် (၅)ရာခိုင်နှုန်းနှင့် (၁၀)ရာခိုင်နှုန်းကို ဓာတ်ဆီဖြင့် ရောနှောသုံးရန် လုပ်ပိုင်ခွင့်အမိန့်ကို ၂၀၀၉ ခုနှစ်ကတည်းက ထုတ်ပြန်ဆောင်ရွက်ထားပြီးဖြစ်ခြင်း၊ လက်ရှိအချိန်တွေမှာလည်း နည်းပညာစံချိန်စံညွှန်းနဲ့ ကိုက်ညီအောင် ဆောင်ရွက်မယ့် အဆိုပြု လျှောက်ထားလာမယ့်ကိစ္စရပ်တိုင်းအား စည်းမျဉ်းစည်းကမ်းများနဲ့ ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီးနောက် ခွင့်ပြုရန် အခွင့်အလမ်းများ ရှိနေပြီးဖြစ်ခြင်းတို့ကြောင့် အစိုးရက ထိုလုပ်ပိုင်ခွင့်အမိန့်ကို ထပ်မံထုတ်ပေးရန် လိုအပ်ခြင်းမရှိပါသောကြောင့် ဤအဆိုအား အမျိုးသား လွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၀၂:၄၄။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင်၏ သဘောထားကို တင်ပြပါ။

**အချိန်၊ ၁၂:၄၅။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီးမှ ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြမှုကို အထူးကျေးဇူး တင်ပါတယ်။ ကျွန်တော့်အဆိုနဲ့ ပတ်သက်ပြီး ဖြစ်တည်လာတဲ့ စေတနာကို အနည်းငယ် တင်ပြလို ပါတယ်။ ၁၉၉၈ ခုနှစ်က ကျွန်တော်ဟာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ ဆိပ်ကမ်းအင်ဂျင်နီယာ ဘဝနဲ့ (၆)လ နေခဲ့ဖူးပါတယ်။

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး။ မှတ်တမ်းတင်ဖို့ သူပြောတယ်။ အဲဒါ သဘောထား မေးတာ။ အကုန်လုံး လျှောက်ရှင်းပြမနေနဲ့။

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို ဒါနဲ့ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ကြီးရဲ့ အဆုံးအဖြတ်ကိုသာ လက်ခံလိုပါတယ်ခင်ဗျား။

**အချိန်၊ ၁၂:၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် နှစ်စဉ် ဓာတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှတင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့် ရောသုံးသည့် အီသနော လောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန် စသည့် ကုန်ကြမ်းများကို အခြေခံကာ ထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်းများမှလည်း တိရစ္ဆာန်အစာများနှင့် ဇီဝဓာတ်ငွေ့၊ ဇီဝမြေဩဇာ အဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit)ကို လျှော့နည်းစေရန်အတွက် သဘာဝ ပတ်ဝန်းကျင် အထောက်အကူပြု ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သော အီသနော(ခေါ်)ရေမဲ့ အရက်ကို သင့်တော်မည့် ရာခိုင်နှုန်းအချိုးအဆအား ဓာတ်ဆီဖြင့် ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံး စီစဉ်ချမှတ်ဆောင်ရွက်ပေးသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အဆိုကို အတည်ပြုရန် သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကို နှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-)သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန်

ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါက အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပြီး ကန့်ကွက် ဆန္ဒမဲများပါက အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၃၆) မဲ၊ ကန့်ကွက်မဲ (၉၄) မဲ၊ ကြားနေမဲ (၂၆) မဲ ဖြစ်ပါတယ်။

ကန့်ကွက်မဲ များတဲ့အတွက် ဦးမောင်မောင်အုန်း ရဲ့ အဆိုကို အတည်မပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၀၂:၄၈။**

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီကနေ့ ပြီးဆုံးမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၂၅ ရက်နေ့အထိ အစည်းအဝေးကျင်းပရက် (၁၃)ရက်အတွင်း အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များအနေနဲ့-

**မေးခွန်းမေးမြန်းခြင်းကဏ္ဍမှာ -**

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုရဲ့ အကျိုးအလို့ငှာ အမျိုးသား လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း( ၁၀၅ )ခုနှင့် ကြယ်ပွင့်မပြမေးခွန်း (၂၄၄)ခု တို့ကို မေးမြန်းခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ ဖြေကြားခြင်း တို့ကို ဆောင်ရွက်ခဲ့ပါတယ်။

**အဆိုတင်သွင်းခြင်း ကဏ္ဍမှာ -**

ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **မြန်မာနိုင်ငံတွင် နှစ်စဉ်ဓာတ်ဆီတန်ချိန် (၂)သန်းကျော်ကို ပြည်ပမှတင်သွင်းခဲ့ရာ ယင်းဓာတ်ဆီနှင့် ရောသုံးသည့် အီသနောလောင်စာဆီကို ပြည်တွင်း၊ အရက်ချက်စက်ရုံများမှ ပြောင်း၊ ဆန် စသည့် ကုန်ကြမ်း များကို အခြေခံကာ ထုတ်လုပ်နိုင်ပြီး၊ ဘေးထွက်ပစ္စည်း များမှလည်း တိရစ္ဆာန်အစာများနှင့်**

**ဇီဝဓာတ်ငွေ့၊ ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ (Trade deficit) ကို လျော့နည်းစေရန်အတွက် သဘာဝပတ်ဝန်းကျင်အထောက်အကူပြု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော အီသနော(ခေါ်) ရေမွဲ့အရက်ကို သင့်တော်မည့် ရာခိုင်နှုန်း အချိုးအဆအား ဓာတ်ဆီဖြင့် ရောနှောသုံးနိုင်ရန်အတွက် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်အမိန့် ထုတ်ပြန်ပေးခြင်း (Mandate)ကို ပြည်ထောင်စုအစိုးရမှ အမြန်ဆုံး စီစဉ်ချမှတ် ဆောင်ရွက်သင့်ပါကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုကို လွှတ်တော်က အတည်မပြုကြောင်း ကြေညာခဲ့ပါတယ်။

**ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍအနေနဲ့ –**

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားတဲ့ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်း၊ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့် ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်ရဲ့ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေး အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် –**

ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

**ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် –**

အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့သော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းနှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းတို့ကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား တင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း တင်သွင်းသည့် ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်းနှင့် ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး (ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ) တင်သွင်းသည့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသဖြင့် ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ၊ အမှုတွဲ မိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများ၊ အခွန်အယူခံ ခုံအဖွဲ့ နည်းဥပဒေများနှင့် တရားလွှတ်တော် ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော် ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီး ပြန်လည် ကြားနာနိုင်ရန် ဥပဒေကြမ်းကော်မတီသို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်း ထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီ အစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၁၃)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ (၃)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၉)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၃)ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ(၁)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၆)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၂)ကြိမ်၊

တောင်သူလယ်သမားရေးရာကော်မတီ (၆)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ(၆)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၉)ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ (၉)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၄)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ (၈)ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၄)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၅) ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီ (၁၀)ကြိမ်၊ စုစုပေါင်း ကော်မတီအစည်းအဝေး (၉၈) ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ အပြန်အလှန် ဆွေးနွေးပွဲများ (Debate)ကို (၂)ကြိမ် ပြုလုပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကာလအတွင်း စာတမ်းတို (၇)စောင် ထုတ်ဝေခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်(၂၁)ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းမှု(၂၈)ခု အနက် (၁၄)ချက်ကို ရှာဖွေပေးခဲ့ပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေး ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည် ရောက်ရှိ ကြပြီး မိမိတို့ရဲ့ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသရဲ့အကျိုး၊ နိုင်ငံတော်ရဲ့အကျိုးကို ဆတက် ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၀၂:၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို

ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၀၂:၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]